
မိုးကောင်းကင်ပေးသော
mgyoe.com



# ကြည်အေး


မှန်ဖော်ပြောင်ရိပ်
စိုးနိုင် ၊ ဖိတ်ဖြူကြေးမုံ

mgyoe.com

စာတ္တုအကြိုင်

ကြည်အေး

သန့်ရဲ့မှောင်ရိပ်
စိုးနုရှင်၊ အိပ်မြူလေးသစ်



ISBN9789997115553
KA4
9 789997 115553
4,000.00 KS

mgyoe.com

mgyoe.com

မှန်ဓါ်မှောင်ရိပ် - စိုးနဲ့နိုင် အိမ်ဖြူလင်းသစ်၊ ကြည်အေး
စာမျက်နှာ ၂၆၈ မျက်နှာ၊ ၁၃ စင်တီ× ၂၀·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မိုးရိပ်လမ်း၊ ရန်ကင်း။
၂၀၂၁၊ ဇန်နဝါရီလ၊ စတုတ္ထအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၀၈၊ ၂၀၁၇ စိတ်ကူးချိုချိုဒုတိယအကြိမ်နှင့်တတိယအကြိမ်မူများ။

ရောင်းဈေး ၄ ၀ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

# စိုး နဲ့ ခိုင်

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

စိုးကို ပထမဆုံးတွေ့တော့ တစ်ညနေဦး မြို့လယ်ကောင် ရုပ်ရှင်ရုံများ အနားမှာ ဖြစ်၏။ ခိုင်တစ်ယောက်တည်း ရည်ရွယ်ချက်မရှိ လျှောက်လာပြီး လမ်းဘေး ဆိုင်များက သိပ်ကိုအဖိုးမတန်၊ အသုံးမကျသော ပစ္စည်းကလေးများ စိတ်ကူးမရှိဘဲ ကြဲ့ုသလိုဝယ်ဖို့ အသင့်ရှိလေ၏။ တစ်ခါတစ်ရံ စာအုပ်ဟောင်းများလည်း တွေ့ရှိ ရတတ်၏။ မကြာခဏပင် ကလေးကစားစရာကလေးများကို ကိုင်တွယ်ကြည့်မိ တတ်၏။ တစ်ခါတလေ အများအပြားဝယ်မိပြီး ထားစရာနေရာမရှိ ပြတင်းပေါင် ပေါ်၊ စာအုပ်စင်ပေါ်၊ အဝတ်ဗီရိုပေါ် ထိုင်နေကြကာ ဖုန်တင်နေတတ်သည်။ တဖြည်း ဖြည်းများလာလျှင် ကလေးဆေးရုံသို့ လှူပစ်ရတတ်သည်။

ထိုမည်မည်ရရပြောစရာမရှိသော တစ်ညနေဦးမှာ ကျောင်းစောစောပြီးသည် နှင့် တက္ကသိုလ်အရိပ်မှခွာခဲ့ပြီး မြို့လယ်သို့ ရောက်လာသည်တွင် စိုးနှင့် တွေ့သည်။

စိုးက ဗြုန်းခနဲ ခိုင် အနားရောက်လာပြီး–

"ခိုင် မဟုတ်လား" လို့မေးသည်။ သူ ခိုင့်ကို သိနေပြီး ရင်းရင်းနှီးနှီး နာမည် တစ်လုံးတည်းခေါ်သည်ကို သတိထားမိ၏။ အမှုမထားလှဘဲ ရယ်ချင်သလိုလို ရှိသော်လည်း ဣန္ဒြေဆည်ချင်သည်နှင့် "ကျွန်မနာမည် လှပွင့်ခိုင်ပါ" လို့ ပြောလိုက် သည်။

"ဒါပေမဲ့ ခိုင်လို့ပဲ သိကြတာပဲ မဟုတ်ဘူးလား"

"ခင်တဲ့မိတ်ဆွေ သူငယ်ချင်းတွေကတော့ ခိုင်လို့ခေါ်တာပေါ့"

"ကျွန်တော့်ဘက်ကတော့ အရမ်းခင်နေတာပဲ"လို့ သူက ရဲရဲတင်းတင်း ပြောသည်ကို ခိုင် ဘာမှ မဖြေတတ်ဘဲ" ရှင့်နာမည်တောင် မသိသေးဘူး" လို့သာ ပြောမိတော့၏။

mgyoe.com

mgyoe.com


"စိုးမင်းပါ၊ ခိုင့်လိုပဲ ခင်တဲ့လူတွေကတော့ စိုးလို့ ခေါ်ကြတယ်၊ နားထောင်လို့ ကောင်းသားပဲ"

သူက ပြုံးရယ်လိုက်သည်။

"ခိုင်ကတော့ ဘယ်သိမလဲ၊ ကျွန်တော် ခိုင်ယူတဲ့ဘာသာတွေယူထားတယ်၊ ခိုင်နဲ့ အတန်းတူတူပဲ၊ နောက်ဆုံးက ခုံတန်းမှာ အမြဲထိုင်နေတာပဲ၊ ခိုင့်ကို နေ့တိုင်းတွေ့ရတယ်"

ခိုင်က အနည်းငယ် အံ့သြနေဆဲ။

"မအံ့သြပါနဲ့ဦးလေ၊ ကျွန်တော်က တစ်နှစ်နောက်ကျတယ်၊ ဒါပေမဲ့ ခိုင့်အတန်းတွေကိုပဲ လိုက်တက်နေတာပဲ၊ ကျွန်တော် ဖရက်ရှာပဲ ရှိသေးတယ်၊ ခိုင်က စီနီယာမမပေါ့"

သူက ပြုံးသော်လည်း ခိုင်က မပြုံးနိုင်။ ဖျတ်ခနဲ မောင်လေးကို သတိရ၏။ မောင်လေးသာရှိရင် သူလည်း ဖရက်ရှာပေါ့။ ကောလိပ်မှာ မောင်နှမနှစ်ယောက် အတူလိုလို ရောက်နေကြမှာ။ ပျော်စရာကောင်းမှာ။ ဒါပေမဲ့ . . . ဟု အတွေးကို တစ်ဝက်နှင့် ဖြတ်လိုက်သည်။ ရှေ့ဆက် မတွေးချင်။ နည်းနည်း ငိုချင်လာ၏။ ခိုင့်မျက်နှာ ညှိုးနွမ်းသည်ကို သူက ချက်ချင်း သတိပြုမိပြီး–

"စိတ်မဆိုးပါနဲ့နော် ခိုင်ရယ်၊ ကျွန်တော်က ခိုင်နဲ့ အသိဖြစ်ချင်လို့ပါ၊ မကောင်းတဲ့စေတနာ မရှိပါဘူး"လို့ တောင်းပန်သည်။

" ဒီမှာ မတ်တတ်ကြီးရပ်ပြီး စကားပြောရတာ မကောင်းဘူး"လို့သာ ပြောမိပြန်၏။

"ဟောဟို မုန့်ဆိုင်ဝင်ပြီး မုန့်စားရအောင်၊ ကော်ဖီသောက်ရအောင်၊ ခိုင်ဝန်မလေးပါဘူးနော်၊ ကျွန်တော် ဖိတ်ပါရစေ"လို့ သူက ယဉ်ယဉ်ကျေးကျေး ပြောပြန်၏။ ခိုင်က ဘာမှ ထွေရာလေးပါး စဉ်းစားဟန်လုပ်တတ်သူ မဟုတ်။ လူလူချင်း အဆင်ပြေသလို စကားပြောဆက်ဆံ မိတ်ဆွေဖြစ်သင့်သည်လို့ ထင်သည်။ လူများစွာသည် ဘေးမပြုတတ်။ အမူအကျင့် မဟော့ရမ်းတတ်လို့လည်း ယုံသေးသည်။ သည်လိုမှ မယုံရလျှင် လူ့ဘဝသည် ဘာမှနေပျော်ဖွယ်မရှိ။ အန္တရာယ်နှင့်အတိပြည့်နေပြီး လူအချင်းချင်း အားတိုင်း ကြောက်လန့်ပူပန်နေဖို့သာ ရှိတော့မည်။

သူတို့နှစ်ယောက် မုန့်ဆိုင်မှာထိုင်မိတော့ မောင်စိုးမင်းက သက်သောင့်သက်သာရှိသွားပြီး–

"ကျေးဇူးပဲ ခိုင်ရယ်၊ ခိုင် အဲဒီလို ဟန်မလုပ်တတ်တာ သိပ်သဘောကျစရာ၊ ကျေးဇူးတင်စရာ ကောင်းတာပဲ"လို့ ဆိုပြန်သည်။ ခိုင်က အနည်းငယ် ပြုံးလာသည်။

mgyoe.com

mgyoe.com

သူက ခိုင့်ထက် အရပ်မြင့်သော်လည်း ငယ်ရွယ်နုပျိုသော မျက်နှာကြောင့် ခိုင့်ထက် နည်းနည်းမှ မကြီးနိုင်။ ငယ်သာငယ်ဦးမယ်။ သူက ကောလိပ်ကို တစ်နှစ်နောက်ကျရောက်တယ်ဆိုတော့ တစ်နှစ်၊ နှစ်နှစ် ငယ်လို့လည်း ဖြစ်နိုင်၊ စာမေးပွဲကျကျနေလို့လည်း ဖြစ်နိုင်။ ဒါပေမဲ့ ခိုင့်ထက် ဘယ်နည်းနဲ့မှ ပိုပြီး အသက်မကြီးနိုင်ပါဘူး။ မောင်လေးလိုပေါ့။

"ခိုင့်ကို ဘာလို့ အသိဖြစ်ချင်နေတာလဲ"လို့တော့ မေးလိုက်၏။ သူ ခိုင့်ကို လမ်းမှာ ခုလိုရပ်ပြီး စကားစပြောတာ နည်းနည်းဆန်းကြယ်တယ်ထင်ဆဲ။ တစ်ဖန် သိက္ခာရှိရှိ ဆိုပါတော့။ အတူတူထိုင်ပြီး စကားပြောဆက်ဆံနေပုံကတော့လည်း အပြစ်မြင်စရာမရှိ။ ခိုင်က ဘယ်လောက်မှအရေးကြီးတဲ့လူလည်း မဟုတ်တော့ သူ ခိုင့်ကို သာမန်အဖိုအမတို့ ဝသီအရ စချင်နောက်ပိုးချင်တာလား မသိလို့သာ သတိရပြီး ပြုံးရယ်နေမိပြန်၏။ ကျေနပ်တာလည်းအမှန်။ ဘာဟန်ဆောင်စရာရှိသလဲ။

"ခိုင်က ကောလိပ်မှာ တော်တော်နာမည်ကျော်နေတာ ကိုယ့်ဘာသာ သိပုံမရဘူး"လို့ မောင်စိုးမင်းက စတင်လေ၏။ "ခိုင်လှတာ၊ ဟန်ပန်တွေလည်း မလုပ်တတ်တာ၊ မိဘမရှိတာ၊ အမွေတွေအများကြီးရခဲ့တာ၊ စာလည်းတော်တာ၊ ကျောင်းအုပ်ကြီး ဦးလှတင်ရဲ့တူမဖြစ်တာ အားလုံး သိကြတာပဲ။ ကျွန်တော်ကတော့ ခိုင်မိဘမဲ့ကျောင်းက ကလေးတွေကို ငွေမှန်မှန်လှူပြီး အဲဒီကလေးတွေအတွက် အားကြီးမာန်တက် လူအားပါပေးနေတာ စနေ၊ တနင်္ဂနွေနေ့တိုင်း၊ ဒါကြောင့် မအားနိုင်တာဘဲ စိတ်ဝင်စားနေတာ"

ခိုင်က ကြိုးစား၍ပြုံးလိုက်ပြီး–

"မဆန်းပါဘူး၊ ခိုင်ကိုယ်၌က မိဘမဲ့ဖြစ်သွားတော့ အဲဒီကလေးတွေကို စေတနာအထူးရှိလာနိုင်တာပေါ့၊ ခိုင်က ကုသိုလ်ကောင်းတော့၊ နည်းနည်း ပိုက်ဆံတတ်နိုင်တာပေါ့၊ ကလေးတွေကို ငွေအား လူအားနဲ့ထောက်ပံ့နိုင်တာပေါ့"လို့ပြောရ၏။

"ကျွန်တော်လည်း မိဘမဲ့ပဲ၊ အဘွားနဲ့နေတယ်။ ခိုင့်လို ပိုက်ဆံတော့ မချမ်းသာဘူး"လို့ မောင်စိုးမင်းက ပြောလိုက်လျှင် ခိုင်သည် ရင်ထဲမှာ လှိုက်လှဲလာဂှာ သူ့ကို ငေးစိုက်ကြည့်မိ၏။ သူ့ကြည့်ရတာ အမေရိကန်ရုပ်ရှင်ဇာတ်လိုက် တိုနီပါးကင်းနဲ့ တူသလိုလို။ နားရွက်ကားကလေးတွေကတော့ မောင်လေးနဲ့သိပ်တူတယ်။

သူက ရယ်မောလိုက်ပြီး "ကျွန်တော်က တစ်ကိုယ်ကောင်းဆန်တယ်။ ကိုယ်ဝါသနာပါတာပဲ လုပ်ချင်တာပဲ။ စာဖတ်တယ်။ ကျောင်းစာတော့ သိပ်မကျက်မိဘူး။ သူငယ်ချင်းတွေနဲ့ လည်တယ်။ ရုပ်ရှင်ကြည့်တယ်။ မယ်ဒလင်တီးတယ်။ သီချင်း

mgyoe.com

mgyoe.com


ဆိုချင် ဆိုတတ်တယ်။ ကျွန်တော်တို့ တီးဝိုင်းကလေးတစ်ခု ထောင်ထားတယ်။ အပျော်ပေါ့"

"ခိုင့်မှာတော့ သူငယ်ချင်း သိပ်မရှိပါဘူး။ အဆောင်မှာ လာနေတော့ သူငယ်ချင်းဟောင်းတွေကလည်း နေ့ကျောင်းသူတွေဆိုတော့ တဖြည်းဖြည်းကွဲသွားတယ်။ ပြီးတော့ ခိုင်က အားရင် မိဘမဲ့ကလေးတွေကျောင်းမှာ အချိန်ကုန်နေတော့ အဲဒီက ဆရာမတွေ၊ အလုပ်သမားတွေနဲ့ပဲ အချိန်ကုန်တာပဲ။ အတူလုပ်ကြကိုင်ကြပေါ့၊ ကလေးတွေဖို့ ဒီနေ့ သောကြာနေ့ဆိုတော့ မနက်ပိုင်းပဲ အတန်းရှိတယ်။ မြို့ထဲခုလိုလာနိုင်တယ်။ သောကြာနေ့ပဲ နည်းနည်းအားတယ်"

"သိပါတယ်၊ ခိုင့်နောက်ကို ကျွန်တော် အမြဲလိုက်ကြည့်နေတာပဲ"လို့ သူက ပြောပြီး မလုံမလဲ နည်းနည်းဖြစ်လာဟန်နှင့် မျက်နှာ အနည်းငယ် ပျက်သွားလေ၏။

ခိုင်က ထပ်ပြီး ဘာကြောင့်လဲလို့ မေးရမည်လား။ သူ့ကို စကားကြောင်းပေးတယ်များ ထင်သွားမလား။ ဘာကြောင့်လဲမသိ ချစ်ချင်သူတွေ ခိုင့်အဖို့ တော်တော်များများရှိတော့ သည်အတွေ့အကြုံမျိုးဟာ သိပ်ပြီး တုန်လှုပ်စရာ မဟုတ်တော့။

"ဒီလောက် အချိန်ပိုတွေရှိနေရင် ခိုင်တို့မိဘမဲ့ကျောင်းမှာ လာကူလုပ်ပေးမလား၊ လူအားပေးမယ့်လူတွေ လိုနေတယ်"လို့ လိုရာဆွဲပြီး မေးပြန်တော့–

"ဘာလုပ်ရမလဲတော့ မသိဘူး။ ခိုင် ခိုင်းတာတော့ လုပ်တတ်မှာပဲ။ ခိုင်နဲ့အတူ အဲဒီကိစ္စဝိစ္စတွေ လုပ်နေရရင် ကောင်းမှာပဲ"

သူ ခဏနားပြီးမှ ဆက်ပြော၏။

"ဒါပေမဲ့ ခိုင် ကိုယ့်ဘဝကိုယ့်ကိစ္စလည်း လုပ်သင့်သေးတာပဲ။ စပ်စုတယ် မထင်ပါနဲ့။ ခိုင် ပျော်ပျော်ရွှင်ရွှင်နေတာ ကြည့်ချင်လို့ပါ။ ခိုင်က သိပ်တည်ကြည်တာပဲလို့ အများက ပြောကြတယ်။ ရယ်ရယ်ပြုံးပြုံး မရှိလှဘူး။ အသက်ငယ်ငယ်လေး ရှိသေးတယ်လို့ ပြောကြတယ်။ ခိုင်မျက်နှာ ညှိုးနေတာ ကျွန်တော် ခဏခဏ သတိထားမိတယ်။ ကျွန်တော် စိတ်မကောင်းဘူး။ ခိုင့်ကို ပျော်ရွှင်လန်းဆန်းလာအောင် ဘယ်လိုလုပ်ရပါ့မလဲလို့ စဉ်းစားတယ်"ဟု ပြောပြန်၏။

နေပါဦး။ နည်းနည်းတော့ သူက မရင်းနှီးလွန်းဘူးလားဟု စိတ်တွင်းက ပြောမိ၏။ ခိုင့်ဘက်က သူ့ကို ခုမှမြင်ဖူးတာ။ အတန်းထဲမှာ သူ့ကို မျက်လုံးချင်းတောင် ဆိုင်ခဲ့ဖူးရဲ့လား မမှတ်မိ။ ဒါပေမဲ့ ကြည့်ရတာ လူလည်လူညာကလေးနဲ့တော့ မတူပါဘူး။ သူ့အသံက တည်ငြိမ်လှပါတယ်။ သူ့မျက်လုံးများက ညိုမှောင်နက်နဲလှပါတယ်။ သူ့နှုတ်ခမ်းများက အေးချမ်းလှပါတယ်။ သူ့ကို မယုံဘဲ မနေနိုင်ပါဘူးဟု ခိုင်သည် အရှည်ကြီးတွေးတောပြီး ဘာမှ ပြန်မပြောဖြစ်။

mgyoe.com

mgyoe.com


"ကျွန်တော့်ဘက်ကတော့ ခိုင့်ကို တစ်နှစ်လုံး သိလာတော့ တကယ်ရင်းနှီးတဲ့မိတ်ဆွေသူငယ်ချင်းလို ပြောမိတယ်"လို့ သူက ရှင်းလင်းပြန်၏။

"ပြီးတော့ ခိုင်၊ သေသူတွေက သေသွားမှာပဲ။ ကျန်ရစ်သူတွေက ဆက်နေ၊ အသက်ရှင်နေပြီး လုပ်စရာရှိတာလုပ်ပြီး နောက်ဆုံးတော့ သေကြရပြန်တာပဲ။ ကျွန်တော်တို့လောကက တကယ့်သခ်ါရလောကအစစ်ပဲ။ ကျွန်တော်က တရားရှိလှချည်ရဲ့လို့ ကိုယ့်ကိုယ်ကိုယ်ထင်ပြီး ဒီစကားပြောတာ မှုတ်ဘူး၊ တကယ်တော့ စဉ်းစားပုံက ဗုဒ္ဓဘာသာတောင်သိပ်မဆန်ဘူး။ ဘာကိုမှ စွန့်ပစ်ချင်တဲ့စိတ်မှ မရှိဘဲ ဘ၀ကို တွယ်တာတာ လွန်ရောပဲ။ ကျွန်တော် ဆိုလိုတာက နေသမျှအချိန်မှာ စိတ်ချမ်းသာစရာ ရှာလုပ်ကြဖို့ လိုတယ်။ ကျွန်တော့်အဘွားက အသက် ၇၀ ကျော်ပေမဲ့ တော်တော်ခေတ်ဆန်တယ်။ အဲဒါ သိပ်ကောင်းတဲ့ အကြံပဲတဲ့"

သူတို့နှစ်ယောက် ရယ်မောကြပြီး ခိုင် စိတ်ပေါ့ပါးကြည်လင်လာလေ၏။ မောင်စိုးမင်းက နားထောင်ကောင်းအောင် စကားပြောတတ်သူပဲ။ သူပြောတဲ့အတိုင်း သူ့ဘက်က ရင်းနှီးပြီးသူပဲ။ ခိုင်ကို ချစ်ချင်တယ်လို့များ ပြောနေသလားလည်း မသိပါဘူး။ သူ အသက်ငယ်ပုံရပေမဲ့ ကြီးပြင်းရင့်သန်သူတို့စကားမျိုး ပြောတတ်တယ်။ သူ ဘာစာအုပ်မျိုးဖတ်ပါလိမ့်။ ဘာရုပ်ရှင်မျိုးကြည့်ပါလိမ့်။ ဘာသီချင်းမျိုး နားထောင်ပါလိမ့်။ လူ့ဘ၀မှာ သူ ဘာလုပ်ချင်ပါလိမ့်။ ခိုင့်ကိုတော့ လူ့ဘ၀မှာ ဘယ်လိုနေမလဲလို့ သူ မေးလိုက်တာ အမှန်ပဲ။

"ခိုင် ဘာမှ လေးလေးနက်နက် မစဉ်းစားသေးပါဘူး။ ကျောင်း နောက်ထပ် (၂)နှစ် အနည်းဆုံး ဆက်နေရဦးမှာပဲ။ ဘာမှမလုပ်ဘဲ ကျောင်းကို အသာချပြီး ကျောင်းနေနေတယ်ဆိုပြီးပဲ နေနိုင်ပါသေးတယ်"

"ဒီလိုဆိုတော့ ကျွန်တော်လည်း ကျောင်း(၃)နှစ် ဆက်နေရဦးမှာပေါ့"လို့ သူက တည်တည်တံ့တံ့ပဲ ပြောပြန်သည်။

စကားမရှိ စကားရှာပြီး ပြောရပြန်၏။

"ဘီအက်စ်စီပြီးသွားရင် ဘာလုပ်မလဲ၊ ကျောင်းဆက်တက်မှာလား၊ အလုပ်လုပ်မှာလား" ခိုင်က မေးပြန်၏။

တကယ်တော့ သူ့ကိုယ်သူမေးနေခြင်း ဖြစ်၏။ ခိုင် ဘာလုပ်ရကောင်းမလဲ။ သူက—

"အို အခြေအနေအရပဲ"လို့ ပြော၏။

ခိုင်လုပ်သလို အကုန်လိုက်လုပ်မှာပဲလို့ မပြောချင်တော့ဘူးထင်ပါရဲ့။ သူ ပြောရင် နည်းနည်းတော့ လွန်ပြီပေါ့။ ခိုင် ပြုံးရယ်လာပြီး မျက်နှာကြည်လင်လှပလာ

mgyoe.com

mgyoe.com


သည်ကို သူက စူးစိုက်ကြည့်နေပြီး–

"ကျွန်တော် ဘယ်တော့ မိဘမဲ့ကျောင်းမှာ အလုပ်စလုပ်ရမှာလဲ။ ဒီစနေက စရမလား၊ ခိုင့်ကို လာခေါ်ရမလား၊ ကျွန်တော့်ကို လာခေါ်မလား။ အဲဒီနေရာတွေ ခိုင် ကားနဲ့သွားတတ်တာ သိပါတယ်။ ခိုင့်ဒရိုင်ဘာ ကုလားအဘိုးကြီးဆာဘူးနဲ့ ကျွန်တော်မိတ်ဖြစ်နေတာ ကြာပြီ"

ခိုင်က ပေါ့ပါးစွာ အသံထွက်ရယ်လိုက်၏။ သူ တော်တော်စနစ်တကျလုပ်တတ်သားပဲလို့ ထင်၏။ ခိုင်က ဘာမှကန့်ကွက်ခွင့်မရှိပါ။ ခိုင် နှစ်လိုနိုင်သော လူတစ်ယောက်လည်းဖြစ်ပါမည်။ သူ အသက်ဘယ်လောက်ရှိပါလိမ့်။ သိပ်များငယ်နေမလား။ အဲဒါတော့ တော်တော်အရေးကြီးသည်။ ခိုင်က အသက်(၂၀)ပြည့်တော့မှာ။

"သူက ခိုင့်ထက်ငယ်မှာ၊ မောင်လေးလိုပေါ့"လို့ စကားစလိုက်လျှင်–

"မငယ်ပါဘူး၊ (၂၀)ပြည့်တော့မှာ၊ မောင်လေးလိုလည်း မဟုတ်ပါဘူး၊ ရွယ်တူပဲ"လို့ လျင်မြန်စွာ ငြင်းဆန်လေ၏။

"မပြောချင်လည်း နေပါ"လို့ ဆိုလျှင်တော့ သူက စိတ်ညစ်ညူးဟန်ဖြင့်–

"အသက်(၂၀)ပြည့်ဖို့နှစ်နှစ်ပဲ လိုတော့တယ်"ဟု ပြောပြီး နှစ်ယောက်သား ရယ်ကြရပြန်၏။

"ကဲ. . .မောင်လေး မလုပ်ချင်လည်း မောင်စိုးမင်းပဲပေါ့၊ ကိုစိုးမင်းလို့ခေါ်မှ ကြိုက်မှာလား။ ဒါဖြင့်လည်း ကိုစိုးမင်းပေါ့"လို့ ခိုင်ကပြောပြီး သူတို့ မုန့်တိုက်မှ ထွက်ဖို့ ပြင်ကြရ၏။

"ခိုင်မြို့ထဲ လျှောက်သွားနေဦးမှာလား"

"ဘာဖြစ်လို့လဲ"

"ခိုင် ကျောင်းဘက်မပြန်မချင်း ကုသိုလ်ကံဖန်တဲ့အတိုင်း ကျွန်တော်က နောက်က ခပ်လှမ်းလှမ်းက လိုက်နေရဦးမှာဆိုတော့ . . . အဲဒါပဲ ခိုင် ကြိုက်သလား၊ ဒါမှမဟုတ် ခိုင်နဲ့အတူ စကားပြောရင်း လိုက်ရမှာလား၊ သိချင်လို့"

ခိုင်က မျက်လုံးလှန်ကြည့်ပြီး–

"ခိုင်လည်း စကားများများ ပြောတတ်တာပဲ။ သူ့လောက်တော့ ချက်ကျလက်ကျ မပြောတတ်ဘူးထင်တာပဲ။ လမ်းလျှောက်ရင်း စကားပြောရ၊ နားထောင်ရတာ ကောင်းသားပဲ" ပြောလျှင်တော့–

"ခိုင်က တကယ်တော့ ပိုပြီး စကားပြောလိမ္မာတာပါ"

သူတို့သည် ကြာရှည်စွာ သိကျွမ်းလာကြသလို ဆက်ဆံနေကြတာ အမှန်ပဲ။

ခိုင်ကလည်း ဒီလိုပဲ လူလူချင်း ဆက်ဆံတတ်လို့ ထင်ပါရဲ့။ သင့်လျော်

mgyoe.com

mgyoe.com

လျှောက်ပတ်တဲ့စကားကိုသာ ယဉ်ကျေးဖွယ်ရာ စိတ်မပါဘဲ ပြောနေရတာလောက် ပျင်းတာမရှိ။ မိဘမဲ့ကလေးများကျောင်းရဲ့ပါတီတွေမှာ နိုင် အင်မတန် နှုတ်ဆိတ်နေတတ်သည်။ တချို့လူကြီးများက နိုင်ကို ထုံထိုင်းနှုတ်နှေးသူလို့တောင် ထင်မလားမသိ။ တစ်ခါတစ်ရံ စိတ်ဝင်စားဖွယ်ကိစ္စမှာ နိုင် ဝင်ပြောသည့်အခါ အံ့အားသင့်သူသင့်ကြသည်။ ခင်မင်ရင်းနှီးသူများနှင့်စကားပြောရမယ်ဆိုလျှင်တော့လည်း အသေးအဖွဲလို့ဆိုကြသော အကြောင်းအရာကို အနည်းဆုံး ရယ်ပွဲဖွဲ့လို့ ပြောတတ်သည်။ နိုင် နှုတ်နည်းသူ တကယ်မဟုတ်ပါ။

မောင်စိုးမင်းနဲ့ကျတော့ ခုပဲတွေ့ပြီး ခုပဲရင်းနှီးစွာ ပြောလို့ရသည်။ သူပြောတဲ့အတိုင်း သူ့ဘက်က အကြာကြီး သိကျွမ်းရင်းနှီးခဲ့ပြီမို့လား မသိ။ ဒါမှမဟုတ် သူက နိုင့်မောင်လေးကို ပိုသတိရစေလို့လား မသိဟု ထပ်တလဲလဲ တွေးနေ၏။ သူတို့ဆက်လက်လမ်းလျှောက်လာပြီး ဗန္ဓုလပန်းခြံထဲ ဝင်ခဲ့ကြတော့ ပိုမိုရင်းနှီးခဲ့ပြီ ဖြစ်လေ၏။ နိုင့်ကိုလည်း နိုင် အတော်အံ့သြမိ၏။ တစ်ခါမှ ဘယ်သူနဲ့မှ ဒီလောက် မြန်မြန်ဆန်ဆန် မခင်မင်ဖူးခဲ့။ အေးလေ . . . ဘယ်သူကမှ ပိုင်ပိုင်နိုင်နိုင် နိုင့်ဘဝထဲဝင်မလာခဲ့ဖူးတာ။ အရေးကြီးသော လူ့ဘဝတစ်ကွေ့ တစ်စခန်းစမိပြီလိုလို နိုင်စိတ်လိုရာကို သတ္တိရှိရှိ လုပ်ချင်လာသည်။ သူ့ကို ခဏခဏ ကြည့်မိသည့်အခါ နှစ်လိုဖွယ် မျက်နှာရှိသည်လို့ ဆုံးဖြတ်မိ၏။ သူ စကားပြောပုံကိုလည်း သဘောကျနေမိ၏။ သူ့ကို အိမ်ခေါ်သွားပြီး ဓာတ်ပြားအသစ်တွေ ဝယ်ထားတာပြချင်လာ၏။ အိမ်မှာ ညစာကျွေးရလည်း ကောင်းသားပဲ။

တကယ်တော့ ဝမ်းနည်းစရာတွေဖြစ်ခဲ့သော အိမ်။ မောင်လေး (၉) နှစ်အရွယ်က အပြင်းဖျားပြီး သေသွားသည့်အိမ်။ (၁၁)နှစ် ကြာခဲ့ပြီ။ တစ်ဖန် မိဘများ ရှေ့ဆင့်နောက်ဆင့် သေဆုံးသွားကြတာ ၄–၅ နှစ်ပဲ ရှိသေးတယ်။ နိုင် (၁၁)နှစ်အရွယ်မှာ။ ပြီးတော့ နောက်ထပ်ပြီး (၁၅)နှစ် အရွယ်မှာ အားလုံးကို တစ်ဆင့်ပြီးတစ်ဆင့် ဆုံးပါးခဲ့ရတယ်။

အိမ်ချင်းခြံချင်းကပ်ပြီးနေသည့် ဦးလေးအဒေါ်တို့ စောင့်ရှောက်တာခံပြီး နေခဲ့တာ ဘယ်လောက်ကြာပြီလဲ။ ခုတော့ ကောလိပ်မှာ ဘော်ဒါလာနေလိုက်တော့၊ မိဘမဲ့ကလေးများကျောင်းမှာ လူရော စိတ်ပါနှစ်လိုက်တော့ သက်သာရာရခဲ့တယ်။ မိဘများက အိုလည်း အိုမင်း၊ နှလုံးရောဂါ၊ ကင်ဆာရောဂါကိုယ်စီနဲ့ အသက်ကြာကြာရှည်ရှည် မနေနိုင်မှန်းသိပြီး ဆုံးရှုံးဖို့ အသင့်ပြင်ခဲ့တော့ မဆိုးလှပါဘူး။ ဒါပေမဲ့ မောင်လေး ဖြုန်းခနဲ (၂) ရက်တည်းဖျားပြီး သေတာကို ပိုမိုကြာရှည်ခဲ့ပြီဖြစ်သော်လည်း မေ့ပျောက်ပစ်လို့မရ။ မောင်နှမနှစ်ယောက် အင်မတန်နီးစပ်ခဲ့ကြတာ ဘယ်သူမှ

mgyoe.com

mgyoe.com


နားလည်မယ်မဟုတ်။ ခိုင့်ဘဝ ဘယ်လောက်ခြောက်သွေ့ပင်ပန်းခဲ့တာ ဘယ်သူ့ကို ယုံယုံကြည်ကြည်နှင့် ပြောနိုင်ရပါ့မလဲ။

မောင်လေးရဲ့အခန်းကို ဘာမှ မပြောင်းလဲပစ်ဘဲ သန့်ရှင်းသုတ်သင်ရုံသာ ပြုခဲ့သည်။ ဒါက မေမေဖေဖေတို့ရဲ့ သူတို့မသေဆုံးခင်က စီမံချက်။ ခိုင်က (၁၁) နှစ်ပဲ ရှိသေးတော့၊ ငယ်သေးတော့ မောင်လေး သေသွားသော်လည်း အဲဒီအခန်းထဲမှာ ဆက်လက်နေထိုင်ဆဲလိုလိုထင်ပြီး တစ်ခါတလေ အခန်းထဲဝင်ချင်ရင် တံခါးရွက်ကို လက်နှင့်ခေါက်ပြီးမှ ဝင်မြဲ။

ခိုင် အသက်အရွယ် ရောက်လာသော်လည်း အိမ်မှာ နေနေသမျှကာလပတ်လုံး (၁၁)နှစ်ရွယ်၊ (၁၅)နှစ်ရွယ်ထက် များစွာပိုလို့ မကြီးပြင်းခဲ့။ ကလေးဘဝကတည်းက နေခဲ့သော ကိုယ့်အခန်းမှာ စာအုပ်စင်များ တိုးတက်လာပြီး ဘယ်တော့မှ ကောင်းကောင်းတတ်အောင် မသင်ခဲ့သော၊ ကျကျနန မတီးဖြစ်သော ဂီတာတစ်လုံး တိုးလာတာပဲ ထူးခြားပြီး ကလေးဘဝကို ပြန်ရောက်နေတတ်၏။ ကလေးဘဝက အရုပ်များ၊ ကစားစရာများ သည်တိုင်း ရှိနေကြသေး၏။ ဝမ်းနည်းစိတ်ဆင်းရဲခြင်းဖြင့် အိပ်မပျော်ဘဲ အိပ်ရာထဲ လူးလိမ့်နေခဲ့တတ်၏။ အောက်ထပ်မှာ အိပ်ကြသော အိမ်စောင့်လင်မယားပင် သိခဲ့၏။ သို့သော် နောက်ဆုံး ကောလိပ်ရောက်ပြီး ဘော်ဒါနေရလျှင်တော့ သိပ်ကုသိုလ်ကောင်းလာတာပဲလို့ ထင်ရတော့သည်။ ဘဝအသစ်စဖို့ လိုတာပဲ။ ပြောင်းလဲချင်လာတာပဲ။

သည်နေ့ မောင်စိုးမင်းနှင့် အံ့ဩစရာ တွေ့ဆုံခင်မင်လိုက်လျှင်တော့ အားတစ်မျိုးဝင်ကာ သူ့ကို အိမ်အကြောင်းပြောပြချင်သည်။ အိမ်ကို ခေါ်သွားချင်သည်။ အဆင်သင့်လျှင် အိပ်ခန်းများတောင် ပြချင်သည်။ အိမ်စောင့်သူ လင်မယား၊ ကြီးကြီးဘကြီးနှင့် ကားမောင်းသမား ကုလားအဘိုးကြီး ဆာဘူးလည်း ရှိသည်။ တစ်ဖက်အိမ်က ဦးလေးဒေါ်ဒေါ်တို့လည်း ရှိသည်။ ဘာမှ မသင့်လျော်စရာမရှိ။ ပထမ ဦးလေးဒေါ်ဒေါ်တို့နဲ့ မိတ်ဆက်ပေးရမယ်။ ပြီးတော့ အဆောင်မှူးကို ဖုန်းဆက်ပြီး ခွင့်တောင်းခိုင်းရမယ်။ ဒီည အိမ်ပြန်အိပ်မယ်၊ မနက်ဖြန် မိဘမဲ့ကလေးကျောင်းကို ဆက်သွားမယ်၊ မနက်ဖြန် စနေနေ့ညနေမှ အဆောင်ကို ပြန်မယ်ဆိုတာတွေ။ ဦးလေးဒေါ်ဒေါ်တို့က ခိုင် (၂၁)နှစ် ပြည့်သည်အထိ အမွေအုပ်ထိန်းသူများ ဖြစ်လေတော့ သူတို့က အဆောင်မှူးထံမှ ခွင့်တောင်းဖို့ လိုသည်။

"ကိုစိုးမင်း ဘယ်မှာနေသလဲ"လို့ ခိုင်က မေးလိုက်လျှင်–

"ကြည့်မြင်တိုင်မှာ၊ အဘွားရဲ့အိမ်ကလေး ခြံကလေးသေးသေးလေးပေါ့"လို့ ပြန်ပြောလေ၏။

mgyoe.com

mgyoe.com


"ခိုင် ဒီညနေ အိမ်ပြန်မယ် စိတ်ကူးတယ်၊ လိုက်ခဲ့ချင်လိုက်ခဲ့ပါလား၊ ဘုရားလမ်းမှာ"

"သိပါတယ်၊ အိမ်နံပါတ်(၅၂၈)၊ ဖြူစင်တဲ့မေတ္တာအမှတ်အသားပဲ"လို့ သူက ရယ်မောလိုက်ပြန်၏။

"အိမ်နံပါတ် (၅၂၆)လည်း သိနေတာပဲ ထင်တယ်"

"ခိုင့်ဦးလေးနဲ့ ဒေါ်ဒေါ်တို့အိမ်လား၊ သိတာပေါ့"

"သူမသိတာ ဘာမှမရှိဘူးပေါ့"

"ကျွန်တော်က စုံထောက်လုပ်စားတောင် ရမှာနော်"ဟု သူက ပြက်လိုက်ပြီး "ခိုင့်မိဘတွေ ဆုံးသွားတာ (၅)နှစ်ကျော်ပြီလို့လည်း ခိုင့်ဦးလေးက ပြောတယ်။ ကျွန်တော် သူတို့နဲ့လည်း မိတ်ဖြစ်ပြီးသား၊ ခိုင် စိတ်မဆိုးပါဘူးနော်"

ခိုင် စိတ်ဆိုးရမလား စဉ်းစား၏။ ခိုင်နှင့်ပတ်သက်ပြီး သူ စုံစမ်းသိမြင်ထားတာတွေ တော်တော်ရှိနေပြီပေါ့။ အဝေးမှ မှန်ပြောင်းနှင့် ချောင်းကြည့်ခံခဲ့ရသလို ခံစားရ၏။ ဒါပေမဲ့ ကိစ္စမရှိပါဘူးလေဟု တွေးလိုက်ပြီး–

"ခိုင့်အိမ် လိုက်ခဲ့လေ၊ အဲဒီမှာ ညစာစားကြတာပေါ့။ ခိုင်အသစ်ဝယ်ထားတဲ့ ဓာတ်ပြားတွေပြချင်လို့။ အိမ်စောင့်ဘကြီးနဲ့ ကြီးကြီးကလည်း ထမင်းဟင်း အချက် သိပ်တော်တာ။ ညမိုးချုပ်တော့ ကုလားအဘိုးကြီး ဆာဘူးက လိုက်ပို့ပေးလိမ့်မယ်"

"ကျွန်တော့်ဘာသာ ဘတ်စ်ကားစီး ပြန်ပါ့မယ်၊ ကိစ္စ မရှိပါဘူး။ ပြီးတော့ မနက်ဖြန် မိဘမဲ့ကလေးများကျောင်းမှာ ဆုံကြဦးမှာ"လို့ သူက သတိပေးပြန်တော့–

"ဟုတ်သားပဲ၊ ဒီညတောင် မပြန်ချင်ရင်ရတယ်။ သူ့ဘွားဘွားက မပူပင်ဘူး ဆိုရင်ပေါ့။ ဦးလေးတို့အိမ်က ဧည့်သည်ခန်းမှာ အိပ်လို့ရပါတယ်၊ အသိဖြစ်ပြီးသား မှတ်လား"ဟု လွှတ်ခနဲ ပြောမိ၏။

"ဟုတ်တယ်၊ သူတို့အိမ် ခဏခဏ သွားလည်နေတာ ကြာပြီခိုင်ရဲ့။ ဒီနှစ် စိုးက ခိုင့်ကို ကျောင်းမှာ စမြင်ဖူးကတည်းကပဲ။ သူတို့ကလည်း ခိုင့်ကို ပျော်ရွှင်လန်းဆန်းလာစေချင်တယ်"

"ဒါတွေတောင်ပြောကြတယ်"ဟု ခိုင်က အနည်းငယ် စိတ်ဆိုးလာလျှင်–

"ဒါတွေပြောနေတဲ့ လူအားလုံးက ခိုင့်ကို ချစ်တဲ့၊ စေတနာရှိတဲ့လူတွေပဲ ခိုင်ရယ်"လို့ မောင်စိုးမင်းက ဖျောင်းဖျလေ၏။

"လူတွေအားလုံး . . .ဟုတ်လား"လို့ ခိုင်က မေးလိုက်လျှင်–

"ဦးလေး၊ ဒေါ်ဒေါ်၊ ဘဘ၊ ကြီးကြီး၊ ဒရိုင်ဘာအဘိုးကြီးရယ် . . ."

"ပြီးတော့ . . ."

mgyoe.com

mgyoe.com


"ကျွန်တော်ပေါ့"

သူတို့ကို စိတ်ဆိုးရကောင်းမလား စဉ်းစားပြန်၏။ စိတ်ဆိုးဖို့ မကောင်းဘူး ထင်ပါရဲ့။ သူက အပြင်ကနေပြီး ကြိုးကြိုးစားစား အိမ်သားစုထဲ ဝင်လာသူ။ ဒါ အတွက်ကြောင့် သူ့ကို စိတ်ဆိုးရမလား။ သူ့ကို ကြည့်ပြန်တော့ စေတနာ သန့်ရှင်း သော မျက်နှာထားကို မြင်ရ၏။ ခိုင့်ကို ကောင်းတာဖြစ်စေချင်သူ။ ခိုင့်ကို ချစ်ချင်နေ သူလည်း ဖြစ်လိမ့်မည်ဟု ထပ်တွေးပြန်သည်။ ခိုင် စိတ်မဆိုးချင်တော့။ သူ့ကို နှစ်သက်လိုလားနေမိတယ် ထင်၏။

ဒါသာမဟုတ်ရင် သူ့ကိုဆူးလေဘုရားလမ်းမှာကတည်းက ခါချခဲ့ရုံပေါ့။ ခိုင်က ခါမချခဲ့ရုံပြင် အိမ်ကိုတောင် တစ်ထိုင်တည်း ဖိတ်ခေါ်ခဲ့လေပြီ။ နားရွက်ကား ကလေးနဲ့မောင်လေးကို သတိရစေသော စိုးလို့သာ တွေးရ၏။ မောင်လေးကို သတိရစေတာ လွန်ကဲလှသည်။ ဒါ သိပ် နိမိတ်ကောင်းလှတာ မှုတ်ဘူး။ ဒါပေမဲ့ ခိုင် မောလှပြီ။ စိတ်သက်သာရာ ရနိုင်သလောက် ရှာပါရစေတော့။

"ဒီလိုလုပ်လေ"ဟု သူက စတင်၏။

"ဒီညတော့ အိမ်ပြန်လိုက်ဦးမယ်။ (၁၀)နာရီခွဲလောက်အထိ ဘတ်စ်ကား သိပ်မပြတ်သေးဘူး။ အဘွားလည်း စိတ်မပူရအောင် အိမ်ပြန်လိုက်ဦးမယ်။ ဦးလေး တို့အိမ်မှာလည်း တစ်ခါအိပ်ဖူးပါတယ်။ ဘတ်စ်ကားတွေ သပိတ်မှောက်တုန်းကပေါ့။ ခိုင့် ဦးလေးက သိပ်စကားပြောကောင်းတယ်။ သူက ကျောင်းအုပ်ကြီးပီပီ သူ့တပည့် တွေ ကြီးသွားပြီး ဘာဖြစ်ကြတယ်၊ ဘာလုပ်ကြတယ်ဆိုတာ ပြောလို့မဝဘူး"

"သူတို့မှာ ကလေးမရှိဘူး။ ကျောင်းသားတွေပဲ သူတို့တွယ်တာစရာ ရှိတာ"

"ခိုင်က သူတို့ရဲ့ကလေးပဲ"

ခိုင်က ခဏငေးနေပြီး ပျော်ရွှင်သောအမှုအရာပျောက်ပြီး သတိရနေသည်မှာ ဦးလေးနှင့် ဒေါ်ဒေါ်တို့က ခိုင်ကို ချစ်သူတစ်ယောက်တွေ့ပြီ၊ လက်ထပ်ပြီး သားသမီး စုံစုံလင်လင်နှင့် ကျေနပ်ဖွယ်အိမ်ထောင်သည်ဘဝကို ရယူစေချင်ကြ၏။ သူတို့ အုပ် ထိန်းခြင်းမှ လွတ်လျှင် မြန်မြန် အခြေကျစေချင်ကြ၏။ ခိုင့်လက်ထပ်ပွဲကို ဘယ်လို ကျင်းပရမယ်ဆိုတာပဲ ပြောနေကြ၏။ ငွေကြေးအကုန်ခံပြီး အကျယ်မချဲ့ချင်ကြသော် လည်း မိတ်ဆွေရင်းများကို ညစာဖိတ်ကျွေးပြီး ပျော်ပွဲသဘင်တစ်ခု အမှတ်တရ ဖြစ်စေချင်ကြ၏။ ဦးလေးနှင့် ဒေါ်ဒေါ်တို့က ဘယ်လိုအမွေပေးပြီး ခိုင် ပိုမို ချမ်းသာ ကြွယ်ဝစေဦးမည်ဆိုတာ ကြေညာချင်ကြ၏။ သူတို့သည် ပညာတတ်သူ၊ စိတ်ထား အထက်တန်းကျသူများဖြစ်၏။ စာပေလိုက်စားသူ၊ ဗဟုသုတ ရှိသူများဖြစ်၏။ ခိုင့် ကို ချစ်လွန်းလို့သာ၊ ကောင်းစားစေချင်လို့သာ ဒီလိုစီမံကြတာပဲလို့ တွေးရ၏။

mgyoe.com

mgyoe.com


အထူးသဖြင့် ဒေါ်ဒေါ်ကလည်း ကျောင်းဆရာမဖြစ်ပြီး စိတ်ပညာမှာ ဒီဂရီရခဲ့သည်။ ခိုင် ကလေးဘဝကတည်းက စိတ်ဆင်းရဲတတ်တာ၊ မကြာခဏ အိပ်ချင်စားချင်စိတ် ပျောက်တတ်တာ၊ ရွယ်တူ သူငယ်ချင်းများနှင့် ကလေးသဘာဝခုန်ပေါက်ပျော်မြူး မနေတတ်တာတွေကို သူတို့ သိမြင်ခဲ့တာပဲ။ စိုးရိမ်ပူပန်ခဲ့တာပဲ။ ခိုင့်ကို ပြောင်းလဲ ပျော်ရွှင်စေချင်ကြတာပဲ။

"ခိုင် ငေးနေပြန်ပြီ" လို့ မောင်စိုးမင်းက သတိပေးလေ၏။

"ဘုရားလမ်းအိမ် သွားမယ်ဆို၊ ကျွန်တော့်ကို ခေါ်ပြီးသားနော်၊ စိတ်မပြောင်း လိုက်နဲ့ဦး။ တက္ကစီရှာရအောင်၊ တက္ကစီခ ကျွန်တော်ပေးမယ်" စသဖြင့် ဆက်တိုက် ပြောလေ၏။

"အို . . . ခိုင်ကဖိတ်တာ ခိုင်ကပေးရမှာပေါ့" ဆိုပြီး သူတို့အိမ်ပြန်ခဲ့ကြသည်။

စိုးက အိမ်အတွင်းကို ခုမှရောက်ဖူးတာမှန်သော်လည်း အရှေ့ဘက်ကို မျက်နှာပြုပြီး မြောက်ဘက်မှ ပြတင်းရှည်များဖောက်သည့်အပေါ်ထပ်မှ အိပ်ခန်း သည် ခိုင့်အခန်းဖြစ်သည်လို့ သိနှင့်လေပြီ။

"အရှေ့ဘက်က နေထွက်လာတာ၊ လဝန်းလခြမ်း တက်လာတာ ခိုင် နေ့တိုင်းကြည့်နိုင်တာပေါ့နော်"လို့ သူက ပြော၏။ ခိုင့်အခန်းနှင့်ဆင်တူ တောင်ဘက် က အိပ်ခန်းမှာ မိဘများနေခဲ့သော အိပ်ခန်းပင်။ မိဘများအိပ်ခန်းနှင့် ကပ်လျက်က အနောက်ဘက်မျက်နှာပြုသော ပန်းခြံကိုမြင်နိုင်သော မောင်လေးရဲ့အခန်း။ စတုတ္ထ အိပ်ခန်းအပိုက ခိုင့်အခန်းနှင့်ကပ်နေပြီး စာကြည့်ခန်းလုပ်ထားသော်လည်း ဧည့်သည် အိပ်နိုင်အောင် အိပ်ရာခုတင် အသင့်ရှိလေ၏။ အိမ်အလည်မှာ ဖောက်သည့်လှေကား က တက်လာလျှင် ခိုင်သည် ညာဘက်ချက်ချင်းချိုးပြီး ကိုယ့် အခန်းသာ တန်းလာ မြဲ။ မိဘများနှင့် မောင်လေးအခန်းမှာ လူမရှိတာကို သိသော် လည်း မမြင်ချင်။

"ခိုင်က အပေါ်ထပ်မှာ အိမ်တစ်ခြမ်းမှာပဲ နေတာ"လို့ စိုးကို ပြောပြမိ၏။

"နေထွက်လာတာ၊ လခြမ်း၊ လပြည့်ပြောင်းလဲနေတာတွေ သိပ်သတိမရ တော့ပါဘူး။ မကြည့်မိပါဘူး။ ပြတင်းအခန်းဆီးတွေတောင် တစ်ဝက်တစ်ပျက်ပဲ ဖွင့်မိတယ်။ အပြင်ကိုလည်း သိပ်မကြည့်ချင်ဘူး"

"ခိုင် အခန်းထဲလျှောင်ပြီး ဘာလုပ်နေသလဲ"ဟု စိုးက တပူတပင်မေးလျှင် "အို. . .စာဖတ်နေတာ များတာပဲ၊ သီချင်းခွေတ်ပြားဖွင့်၊ ရေဒီယိုဖွင့်ပြီး နားထောင်နေ တာပဲ"

"အင်းလျားဆောင်ပြောင်းလာတဲ့ အထိပေါ့ ဟုတ်လား"

"ဟုတ်တယ်၊ ဦးလေးနဲ့ဒေါ်ဒေါ်က သူတို့နဲ့ လာနေစေချင်လည်း ခိုင်က

mgyoe.com

mgyoe.com


မနေချင်ဘူး။ အိမ်မှာပဲ နေချင်တယ်။ အိမ်မှာ မနေချင်တော့ဘူးဆိုရင်တော့ ဝေးဝေးကို သွားချင်တယ်"

"ခိုင် ကောလိပ်ရောက်လာတာ သိပ်ကောင်းတာပေါ့ ခိုင်ရယ်" လို့ မောင်စိုးမင်းက ပြော၏။

"ခိုင် တစ်ယောက်တည်း ဒီအိမ်မှာဆက်နေဖို့ မသင့်တော့ပါဘူး။ အစောကြီးကတည်းက ဟိုက်စကူးမှာကတည်းက ဘော်ဒါပြောင်းနေဖို့ကောင်းတာ"

"အို . . . ပထမတော့ အိမ်ကမခွာနိုင်ဘူး စိုးရဲ့" လို့ ခိုင်က အမှတ်မထင် သူ့နာမည်တစ်လုံးတည်း ခေါ်လိုက်မိ၏။ ဘယ်လိုခေါ်မိတယ်လဲ မသိ။ နည်းနည်း ရှက်သွားသည်ကို ဖုံးဖိရင်း–

"မောင်လေးရဲ့အခန်းကို သည်အတိုင်း ထားခဲ့တာကတော့ မေမေတို့ စိတ်ကူးပေါ့။ သူ့ကစားစရာလေးတွေ၊ စာအုပ်ကလေးတွေ၊ ဘိုင်စကယ်လေးတွေ ဒီအတိုင်းပဲ။ မေမေတို့ ဆုံးသွားတော့လည်း သူတို့အခန်းကို ခိုင်က သည်အတိုင်းပဲ ထားခဲ့တယ်။ ခိုင်လေ ပထမတော့ မေမေတို့အခန်းထဲ ခဏခဏဝင်ပြီး ငိုတတ်တယ်။ နောက်တော့ မသွားတော့ဘူး။ သူတို့အခန်းမှာ သူတို့ရှိသေးသလိုလိုပဲ စိတ်ကူးထားတယ်။ သွားတော့ မကြည့်တော့ဘူး။ ခိုင့်အခန်းမှာပဲ နေတော့တယ်။

ခိုင်သည် ပါးပြင်ပေါ်မှာ မျက်ရည်များစွဲနေသည်ကို သတိရလာပြီး စိတ်ဆိုးမာန်ဆိုးနှင့် သုတ်ပစ်မိ၏။ လက်ကိုင်ပဝါ စိုထိုင်းလာသည်ကို ဖြန့်ကြည့်နေပြီး ဘာကြောင့် သူ စိတ်ဆိုးမိသည်ကို စဉ်းစား၏။ ဆုံးရှုံးတယ်ဆိုတာ ဝမ်းနည်းရုံမက စိတ်ဆိုးခြင်းလည်း ဖြစ်ရမှာပဲ။ နှစ်များစွာ ဒေါသမပြေနိုင်ခဲ့တာ ခုမှ ကိုယ့်ဘာသာ ရိပ်မိတာပဲ ဖြစ်လိမ့်မည်။ ဒီနေ့မှ တွေ့ဖူးပြီး ယုံကြည်ရင်းနှီးလာတဲ့ စိုးရှေ့မှာ ခိုင် စိတ်လှုပ်ရှားတာတွေ မထိန်းချုပ်ဘဲ ပေါ်လွင်ပြသမိခဲ့ပြီ။ စိုးက ခိုင်ကို နားလည်မည့်သူလို့ သိမှတ်တာကြောင့် ဖြစ်မှာပဲ။

သူတို့ထိုင်နေသော ဧည့်ခန်းနှင့် မနီးမဝေးမှာ ရစ်သီနေသည့် ကြီးကြီးက ချောင်းဟန့်ပြီး ဝင်လာလေ၏။

"အလှခိုင် ထမင်းဟင်း အသင့်ပြင်ပြီးပြီ၊ စားကြတော့မလား"လို့ မေးလေ၏။ ပြီးတော့ ခိုင့်ဖို့ စက္ကူလက်ကိုင်ပဝါဘူး ဘေးမှာလာချသည်။

ခိုင်က ငြိမ်ပြီး ကြည့်နေ၊ နားထောင်နေသော မောင်စိုးမင်းကို မျက်ရည်စများကြားမှ ရှက်ပြုံးပြုံးလိုက်ကာ–

"ကြီးကြီးက ခိုင့်ကို တစ်သက်လုံး အလှခိုင်ပဲ ခေါ်တယ်၊ ဘာလို့မှန်းလည်း မသိဘူး"ဟု စကားအသစ် စလိုက်သည်။

mgyoe.com

mgyoe.com


"ခိုင်က လှတာကိုး"လို့ စိုးကပြောသည်ကို ကြီးကြီးက ခေါင်းတညိတ်ညိတ်နှင့် သဘောတူလေ၏။

ခိုင် တွေးနေသည်မှာ အင်မတန်ရှေးဆန်သည့် ကြီးကြီးကတောင် စိုးကို လိုလားဟန်ပဲ။ သူတို့ နဂိုကလည်း သိနေပြီးသားကိုး။ ခိုင် ယောကျ်ားလူငယ် တစ်ယောက် အိမ်ခေါ်လာတာပါလားလို့တောင် ငြိုငြင်ချင်ပုံ မရတော့ဘူး။ ခိုင် ဒီလောက်ပဲ အခြေအနေဆိုးနေပြီလား။ ဟုတ်တယ်၊ ခိုင်ဟာ လူသေတွေနဲ့ ဆက်နေဖို့ မကောင်းတော့ဘူး။ အသစ်စဖို့ ကောင်းပြီ။ စိုးလို အသက်ရှင် လှုပ်ရှားအင်အား တက်နေသူတွေနဲ့ များများတွေ့ရမယ် ထင်ပါရဲ့။ ဒါပေမဲ့ မောင်လေးကတော့ သေသွားရုံ မဟုတ်ဘူး။ ဆုံးရှုံးရုံမဟုတ်ဘူး။ မောင်လေး သေသွားတာကို ရင်ထဲနာပါလျက်နဲ့ သူသေတာကိုပဲ လိုလားလက်ခံရတဲ့ ပြစ်မှုက ခိုင့်မှာ ဖိစီးနေတာ။ ဘယ်သူသိအောင် နားလည်အောင် ပြောရပ့ါမလဲ။ ဘယ်သူ့ကို ယုံရပ့ါမလဲ။ ခိုင်. . .သူ့ကို သည်အထိ ယုံရပ့ါမလား။ တစ်နေ့ စိုးမျက်နှာကိုကြည့်ပြီး ခိုင့်မောင်လေး သေသွားတာ ကောင်းတယ်၊ ငယ်ငယ်တုန်းက မောင်လေး မသေခင်မှာ သူသေမယ်လည်း မသိသေးဘဲနဲ့ သေပါစေလို့ ဆုတောင်းခဲ့တာ အမှန်ပဲလို့ ခိုင် ပြောဝံ့ပါ့မလား။ သူ ခိုင့်ကို အပြစ်အရင်မတင်ဘဲ နားလည်အောင် ကြိုးစားတတ်ပါ့မလား။ ထိုခဏ အတွင်းပင် ဆာလည်းဆာလို့ထင်ပါရဲ့။ ခိုင်သည် ခေါင်းမူးပြီး ရင်တလှပ်လှပ် ဖြစ်လာလေ၏။ နှုတ်ခမ်းများဖြူလာလေ၏။ ထိုင်နေလို့ တော်တော့သည်။ သို့မဟုတ် လဲကျလိမ့်မှာ။ ခိုင် မူးဝေလဲကျတတ်တာကို ကြီးကြီးတို့ သတိထားစောင့်ရှောက်ခဲ့ရသည်။ လိမ္မော်ရည်၊ ဂလူးကို့စ်ရည်တွေ တိုက်ကြရတတ်သည်။ မူးဝေလဲကျတာကို ဦးလေးဒေါ်ဒေါ်တို့ ဆရာဝန်နဲ့ တစ်သက်လုံး ကုခဲ့ရ၏။ ခိုင် ပိန်လှသည်ဆိုပြီး အားဆေးများထိုးပြီး အစားဂရုစိုက်စားခိုင်းခဲ့ကြရ၏။ ခိုင် ည အိပ်မပျော်သည် အတွက် အိပ်ဆေးလုံးများ သောက်ခဲ့ရ၏။ သို့သော် ထိုရောဂါသည် မကြာလှသေးသော အတိတ်မှာ ကျန်ရစ်ခဲ့ပြီဖြစ်ကာ ခုလို မမျှော်လင့်ဘဲ ပြန်လာမယ် မထင်ခဲ့။ တကယ်တော့ ထိုရောဂါသည် မောင်လေး သေဆုံးပြီးကတည်းက ပေါ်ပေါက်လာပြီး မိဘများသေဆုံးတော့ ပိုဆိုးရွားခဲ့တာသာ ဖြစ်လေသည်။ ဘယ်နှနှစ်များ ခံစားခဲ့ရပါလိမ့်။ အင်းလျားဆောင်သို့ ပြောင်းခဲ့ပြီ။ အတန်း နေ့စဉ် ပြေးတက်လိုက်၊ မြို့ထဲ လမ်းလျှောက်လိုက်၊ စကော့ဈေးသွားလိုက်၊ စာအုပ်ဆိုင် ဝင်လိုက်နှင့် လှုပ်လှုပ်ရှားရှား ဖြစ်လာမှပဲ ခိုင် မမူးဝေတော့။ စားနိုင်သောက်နိုင်လာ၏။ ကိုယ်အလေးချိန်လည်း တိုးလာ၏။ အိပ်ပျော်သောညများလည်း ဖြစ်နိုင်လာခဲ့၏။ မိဘမဲ့ကလေးများကျောင်းမှာ ပင်ပင်ပန်းပန်း လုပ်စရာရှိခဲ့လျှင် တစ်ညလုံး တစ်ခါမှ မနိုးဘဲတောင် အိပ်ပျော်ဖူး

mgyoe.com

mgyoe.com


လေသည်။ ဒီနေ့မှတစ်ဖန် ဘယ်လို မှုးဝေခြင်း ပြန်ရောက်လာပြန်ပါလိမ့်။

ခိုင် မှုးဝေးသွားသည်ကို ရိပ်မိသော ကြီးကြီးက ခိုင့်နံဘေးရောက်လာကာ လိမ္မော်ရည် မြန်မြန် အပြီးသောက်စေလေ၏။ ပြီးတော့–

"စကားပြောမပျက်အောင် စွပ်ပြုတ်ကလေး ဒီမှာပဲ ဆက်သောက်ကြပါလား" ဟု ပြောပြောဆိုဆို လက်ရိပ်ပြပြီး ဘဘကို စွပ်ပြုတ်ပန်းကန်များ ယူလာစေ၏။ သူတို့ရဲ့ အလှခိုင်ဟာ မှုးဝေတတ်တဲ့၊ လဲကျသတိလစ်တတ်တဲ့ မိန်းကလေးလို့ ယောက်ျားသည့် သိသွားမှာ ကြောက်ကြ၏။ နွားမရှုံ့ပိတ် ရောင်းချင်ကြတယ် ထင်ပါရဲ့။

ခိုင်သည် လှစ်ခနဲရယ်လိုက်ပြီး–

"ရယ်စရာတစ်ခု တွေးမိလို့ပါ" ဟု ပြောလိုက်ရာ မောင်စိုးမင်းက အလွယ် တကူပင် ရယ်မောပြီး–

"ဒါပေါ့ ခိုင်ရဲ့၊ ရယ်စရာတွေးမိရင် ရယ်တာပေါ့၊ ငိုစရာတွေးမိပြန်တော့လည်း ငိုတာပေါ့။ အမှန်တရားတွေပဲ၊ လူ့သဘာဝပဲ မှုတ်ဖူးလား"

ခိုင်ကတော့ 'သဘောကျဖို့ကောင်းတဲ့လူပဲ' ဟု တွေးမိသည်။ ကြက်သား၊ အာလူးနှင့်မလိုင်ရောထားသည့် စွပ်ပြုတ်ကိုသောက်ရင်း ချက်ချင်းလိုပင် အမူးအဝေ ပြေပျောက်သွား၏။ ထမင်းစားပွဲကို မယိမ်းယိုင်ဘဲ သွားနိုင်မယ်ဆိုတာ သေချာနေလေ၏။ ဒါပေမဲ့ ခိုင် မူးတတ်တာ စိုးကို ပြောပြရဦးမယ်။ အဆင်သင့်တဲ့တစ်နေ့။ ပြီးတော့ တစ်နေ့မှာ ဘာတစ်ခုမှ သူ့ကို ဖုံးကွယ်ထားစရာမရှိတဲ့အဖြစ်ကို ရောက်ချင်ပါရဲ့။ အဲဒီတော့မှပဲ ခိုင်ရဲ့အပြစ်များစွာ (ပြုမိတယ်ဆိုရင်) ဝန်ခံခြင်းအားဖြင့် အားလုံး ပြေပျောက်သန့်ရှင်းသွားလိမ့်မယ် ထင်ပါရဲ့။

ခိုင်သည် မောင်စိုးမင်းရဲ့မျက်နှာကို ကြည့်ကောင်းလှတယ်ထင်ပြီး နားရွက် ကလေးကားပုံက မောင်လေးနဲ့တူတယ်။ အသက်လည်း (၂)နှစ်ငယ်တော့ မောင်လေးနဲ့ တစ်နှစ်တည်းမွေးတာ ဖြစ်မယ်။ ချစ်စရာလေးလို့ အဖန်တလဲလဲတွေး ရင်း တစ်ဖန် သူဟာ သွေးမစပ်တဲ့ သူစိမ်းယောကျ်ားလူငယ်ပဲ။ ဒီနေ့မှ တွေ့ဖူးတာ။ သူ ပြောတဲ့အတိုင်းပဲ။ မောင်လေး မဟုတ်ဘူး။ ရွယ်တူပဲ။ အရပ်မြင့်ပြီး ရင်အုပ်ကျယ် ပြန့်သူပဲ၊ ကိုယ်ခန္ဓာချင်းပြိုင်ရင်တော့ သူက ကြီးတာပဲလို့ သတိပြုမိပြန်ပြီး ရင်အနည်းငယ် ဖိုလာလေ၏။

ဝ

mgyoe.com

mgyoe.com

ထိုည ခိုင် အိပ်မက်များစွာမက်သည်။ အိပ်မက်တစ်ခုကတော့ ခဏခဏ မက်မြဲ အိပ်မက်ဖြစ်၏။ ခိုင်သည် အလွန်တိကျစွာ အသေးစိတ် အိပ်မက်မက်တတ်သူ ဖြစ်လေ၏။ အိပ်မက်များသည် ကြည်လင်ပြတ်သား၍ အရောင်များစွာဖြင့် ချယ်လှယ်မြဲ။ မမြင်ဖူးသူများနဲ့လည်း တွေ့ရတတ်၏။ မရောက်ဖူးသော နေရာများလည်း ရောက်ရတတ်၏။ စာအုပ်သစ်များ ဖတ်ပြီး သီချင်းသစ်များလည်း ကြားရတတ်၏။ ဆန်းကြယ်လှပပြီး မဖြစ်နိုင်တာတွေလည်း ဖြစ်ဖြစ်နေတတ်၏။ ရုပ်ရှင်ဇာတ်လမ်းတစ်ခုထဲ ရောက်နေသလိုပင်။ ချောက်ချားဖွယ် အိပ်မက်ဆိုးများနှင့် ကြုံကြိုက်ရလျှင်တော့ ကြောက်လန့်ပြီးဖြစ်စေ၊ ငိုယိုပြီးဖြစ်စေ၊ ဟစ်အော်ပြီးဖြစ်စေ လန့်နိုးတတ်၏။ အိပ်မက်တစ်မျိုးတည်းကိုလည်း တစ်သဝေမတိမ်းလိုလို ထပ်တလဲလဲမက်တတ်သေး၏။ တစ်ခါတစ်ရံတော့လည်း အိပ်မက်ထဲမှာ ပင်ပန်းပြီး စိတ်ညစ်လာပြီး ဒါ တကယ်မှုတ်ပါဘူး။ ခိုင် အိပ်မက် မက်နေတာပဲလို့ အိပ်မက်ထဲမှာ ကိုယ့်ကိုယ်ကိုယ် ပြောနေပြီး နိုးပြေလာမှာကို စောင့်ရတတ်၏။

မောင်စိုးမင်း ပြန်သွားပြီး အိပ်ရာထဲဝင်ခဲ့သော ထိုညမှာ ခိုင်သည် စိတ်လှုပ်ရှားခြင်းများစွာ ဖြစ်ရ၏။ မောင်လေးကို ပိုသတိရ၏။ မောင်လေးအခန်းကိုတော့ မသွားချင်။ အိမ်တစ်ဝက်ကို ခြေမချတာ ကြာပြီ။ မောင်လေးက မိဘမွေ့ာက်စားလွန်း၍ တစ်ခါတစ်ရံ အင်မတန်ဆိုးတတ်တာ သတိရသည်။ ခိုင့်ကိုတော့ စောင့်ရှောက်တတ်၏။ ကျောင်းအတူတက်ကြလျှင် ကြောက်တတ်သည့်ခိုင့်ကို တခြားကလေးများက မနှိပ်စက်အောင် ကာကွယ်တတ်၏။ ခိုင့်ကိုစသော အတန်းကြီးသမားများနှင့် ရန်ဖြစ်ထိုးကြိတ်တတ်၏။ ခိုင့်ဖို့ မုန့်ဆိုင်က မုန့်သွားဝယ်ပေးတတ်၏။ ခိုင်က ကျောင်းဝင်းအပြင်ကို ထွက်ဝံ့သူမဟုတ်။ မောင်လေးက အရပ်ရှည်ပြီး ခိုင့်ထက်

mgyoe.com

mgyoe.com


မြင့်တော့ "ဘယ်သူက အကြီးလဲ"ဟု မသိသူများက မေးလျှင် သိပ်သဘောကျနေတတ်၏။ မောင်လေးက ခိုင့်ထက်ပိုပြီး တောက်ပပြောင်လက်သူ ဖြစ်လေသည်။

မေမေက "အမြွှာလိုပဲ" လို့ ခဏခဏ ပြောတတ်သေး၏။ပြီးတော့ ခိုင်နှင့်မောင်လေးကို ရေချိုးခန်းထဲက ကြွေရေဇလုံထဲမှာ အတူတူ ရေစိမ်ချိုးသည့်မွေးစအရွယ်ကစခဲ့သော ထုံးစံကို ဘယ်တော့ရပ်စဲရမယ်ဆိုတာ တွေးမိပုံမရ။ မေမေဖေဖေတို့သည် အိမ်ထောင်ပြုနောက်ကျပြီး အသက်လေးဆယ်ကျော်မှ ခိုင်နှင့်မောင်လေးကို ရှေ့ဆင့်နောက်ဆင့် (၂)နှစ်တောင် အပြည့်မကွာလှဘဲ မွေးဖွားခဲ့ကြသည်။

"တို့အသက် (၆၀)ကျော်တောင် ကလေးတွေအသက် (၂၀)ပြည့်ဦးမှာမှတ်ဖူး"ဟု ပူပင်တတ်ကြ၏။ ပြီးတော့ အသက် (၆၀)တောင်မနေဘဲ သေပစ်လိုက်ကြသည်။

မောင်လေးက အရင်သွားနှင့်သူပင်။ ဦးနှောက်ထဲ ရောဂါပိုးဝင်ပြီး အပြင်းဖျားကာ (၂)ရက်အတွင်း သတိလစ်နေကာ ပြန်လည်မလာတော့။

မိဘများ ယူကြုံးမရဖြစ်ဆဲ ခိုင်ကလည်း ငိုယိုပူပန်ရင်း သေသွားတာကောင်းတာပဲ။ ခိုင် သူသေပါစေလို့ ဆုတောင်းနေတာကြာပြီ။ မောင်လေး သေသွားတော့ အားလုံးကိစ္စ အေးငြိမ်းသွားပြီ။ ကြွေရေဇလုံထဲမှာ ကလေးငယ်လေးတွေမဟုတ်တော့ဘဲနဲ့ ရေချိုးခဲ့ကြတာ အသက်နှစ်စဉ်ကြီးလာသည်နှင့်အမျှ သိမြင်လာကာ တစ်ယောက်ကိုတစ်ယောက်ကိုင်တွယ်ကြည့်ပြီး ပထမတော့ အံ့သြ၊ နောက်တော့ သာယာခဲ့ကြတာ အပြီးသတ်သွားပြီ။ မောင်လေးသာ မသေဘဲ လူကြီးဖြစ်လာခဲ့ရင် ခိုင် သူ့မျက်နှာ ဘယ်လိုကြည့်ရပါ့မလဲလို့ ကိုယ့်ဘာသာပြောပြီး သည်တစ်ခုအတွက်တော့ မောင်လေး သေတာကို ခိုင် ဘယ်တော့မှ ဝမ်းနည်းမယ်မဟုတ်လို့ ဆုံးဖြတ်ခဲ့၏။ ခိုင် သည်လောက် တစ်ကိုယ်ကောင်းကြံသူ လူသတ်သမားလို့ဆိုကာ ၁၃–၄ နှစ်အရွယ်အထိ ကိုယ့်မျက်နှာကို ကိုယ်ကုတ်ဖွဲ့မိ၊ အပြစ်ပေးခဲ့ဖူး၏။ မေမေတို့လည်း မောင်လေးသေဆုံးကတည်းက ပြန်လည်နာလန်မထူကြတော့ဘဲ ရောဂါကိုယ်စီနဲ့ လေးငါးနှစ်အတွင်းမှာ မောင်လေးနောက်လိုက်သွားကြသည်။ လူ့ပြည်မှာနေဖို့မကောင်းသည့် ခိုင်သာ ကျန်ရစ်ခဲ့ပြီး ကိုယ့်ကိုယ်ကိုယ် သတ်မသေသမျှ တော်တော်နှင့်သေမယ် မထင်ဟု တွေးကာ ကိုယ့်ကိုယ်ကိုယ် မုန်းတီးရွံရှာလာတတ်ပြန်၏။

ဒါပေမဲ့ ခိုင့်အပြစ် လုံးလုံးမဟုတ်ပါဘူး။ မေမေက ဘာမှ မသိတတ်။ ခိုင်ကသာ–

mgyoe.com

mgyoe.com


"အို . . . တော်ပြီ၊ ခိုင် မောင်လေးနဲ့လည်း ရေမချိုးချင်တော့ဘူး။ ထဘီရင်လျားလည်း ဝတ်ချိုးမယ်"ဟု ငြင်းဆန်ခဲ့ရ၏။

"အံမယ်လေး၊ ငယ်ငယ်ရွယ်ရွယ်နဲ့ အပျိုလုပ်ချင်လိုက်တာ" ဟု ဆိုသေး၏။ ဟုတ်တော့လည်းဟုတ်သည်။ ခိုင်က ဘာမှ ဖွံ့ဖွံ့ဖြိုးဖြိုးရှိလှသည်မဟုတ်။ ဒါပေမဲ့ ခိုင် အသက် (၁၁)နှစ်အထိ (၉)နှစ်အရွယ် မောင်လေးနှင့် ရေဇလုံထဲ အတူဝင်၊ ရေစိမ်ချိုးခိုင်းတာတော့ မသင့်တော်နိုင်ပါဘူး။ အဲဒါကို ကြီးကြီးကတောင် ပြောဖူးသေးတာ။ မေမေက ကလေးတွေရှေ့မှာ လူကြီးစကား၊ လူကြီးကိစ္စတွေ ပြောရမလားလို့ ဆူသေးတယ်။ ဖေဖေကတော့ အိမ်ရှေ့မှာ ဘုရားအကြောင်း၊ တရားအကြောင်းပဲ ပြောနေတတ်တယ်။ ခိုင်တို့ရဲ့မိဘသာဆိုတယ်။ အဘိုးအဘွားနဲ့နေရသလိုပဲ။ သူတို့ ဘာမှ ကလေးတို့ကြီးပြင်းတဲ့သဘာဝ နားမလည်သလိုပဲ။ ခေတ်မီတဲ့ ဦးလေး ဒေါ်ဒေါ်တို့က တစ်ခါတလေ ဝင်ပြောရင် စွက်ဖက်တယ် ထင်ကြသေးတယ်။

ထိုညအိပ်မက်မှာ ခိုင် ထပ်တလဲလဲ မက်လေ့ရှိသော အိပ်မက်ပင် ဖြစ်၏။ ခိုင် ရေချိုးဖို့ပြင်နေပြီ။ ရေချိုးခန်းများစွာထဲမှ သင့်လျော်ရာကို လိုက်ရှာရ၏။ ဘော်ဒါကျောင်းဆောင်မှာလိုလို၊ လူများစွာအလှည့်ကျ အသုံးပြုကြရသော ရေချိုးခန်းများဖြစ်လေတော့ တော်တော်နှင့် အားလပ်သော လုံခြုံသောရေချိုးခန်းကို ရှာလို့မရ။ ရပြန်တော့ ပြတင်းလိုက်ကာလည်း လုံလုံခြုံခြုံမရှိ။ တံခါးများကလည်း ဟင်းလင်းပွင့်နေပြီး ခိုင်သည် တစ်ယောက်တည်း ဘာကြောင့်မှန်းမသိ ရေချိုးရင်း လူများစွာက ဝိုင်းကြည့်နေ၊ မြင်နေသည်ကို ခံစားရ၏။ ငိုယိုဟစ်အော်လိုက်ချင်၏။ သေသွားရင်ကောင်းမှာလို့ တွေးနေ၏။ လွတ်မြောက်အောင်လည်း ဘာမှ မလုပ်တတ်။ မလုပ်နိုင်။

ထုံးစံမှာ ထိုအိပ်မက်သည် ရှည်လျားနေရာက ဗြုန်းခနဲပြီးဆုံးသွားပြီး ခိုင်သည် ထဘီရင်လျားဝတ်ကာ မျက်နှာသုတ်ပဝါကြီးခြုံပြီး ခိုင်ရဲ့ခိုလှုံရာအိပ်ခန်းထဲ ပြန်ရောက်နေတတ်သည်။ ပြီးတော့ လွတ်မြောက်နိုးထလာရ၏။

ထိုညအိပ်မက်ကတော့ အဆုံးသတ်ပုံ အနည်းငယ် ကွဲလွဲသွား၏။ ခိုင်သည် အိပ်ခန်းထဲ ပြန်မရောက်ဘဲ ဧည့်ခန်းမှာထိုင်ပြီး သည်နေ့မှ တွေ့ဖူးသည့်စိုးနှင့် စကားပြောနေသည်။ ထဘီရင်လျားနှင့်မျက်နှာသုတ်ပဝါ ခြုံလျက်ပဲ မသင့်လျော်လိုက်တာ။ ဘယ်လို သည်လိုဖြစ်သည်ကို အိပ်မက်ထဲမှာ နားမလည်နိုင်။ စိတ်ညစ်ပြီး မျက်နှာသုတ်ပဝါကို ခေါင်းအထိအုပ်ပြီး ဆွဲခြုံလိုက်သည့်အခါ နည်းနည်းမွန်းလာ၏။ စိုးများအားလုံး သိသွားမလား။ သူ ဘာထင်မလဲလို့ တွေးပြန်၏။ ချက်ချင်းလန့်နိုးလာပြီး ခိုင်သည် စောင်ခေါင်းမြီးခြုံအိပ်နေမိသည်မို့ အသက်ရှူရကျပ်နေသည်ကို

mgyoe.com

mgyoe.com


သတိပြုမိ၏။ ကိုယ်အောက်ပိုင်းက စောင်လစ်ပြီး ချမ်းမြနေ၏။ ခြေဖျားများ အေးစက်နေ၏။ ပြတင်းကလည်း ပွင့်နေသည်။ တစ်ကိုယ်လုံးလုံအောင် စောင်ပြင်ခြုံလိုက်မှ သက်သာသွားကာ ခိုင်သည် မျက်စိများမှိတ်ထားသည့်ကြားက စိုးရဲ့မျက်နှာကို ပြတ်သားစွာ မြင်နေလေ၏။

(၈)နာရီ ထိုးနေလေပြီ။ မောင်စိုးမင်းက (၁၀)နာရီခွဲမှာ ရောက်လာမှာ။ ခိုင်က ကြည့်မြင်တိုင်သွားပြီး သူ့ကိုခေါ်ဖို့ ဝန်မလေးသော်လည်း သူကပဲ ဘုရားလမ်း ဘတ်စ်ကားစီးစီးလာရတာ အလွယ်ကလေးလို့ ညတုန်းက ဆိုသည်။ စိုးက ဖျတ်ဖျတ်လတ်လတ် ခြေသွက်သူလေး။ 'ခြေသွက်လက်သွက်သူလား'လို့တောင် ခိုင်က စလိုက်သေး၏။ ခိုင့်ထက် နှစ်နှစ်ငယ်ပြီး မောင်လေးကို သတိရစေသော နားရွက်ကားကလေးများကြောင့်လား မသိဟု တွေးနေကျအတိုင်း တွေး၏။ ခိုင်သည် သိပ်ပြီး ရှက်ကြောက်တုံ့ဆိုင်းခြင်းမရှိ ဆက်ဆံနေမိ၏။ ပြီးတော့ တစ်ညနေလုံး ဝေခွဲရခက်နေပြီး စိုးလို့ခေါ်လိုက်၊ မောင်စိုးမင်းလို့ခေါ်လိုက်၊ ကိုစိုးမင်းလို့ခေါ်လိုက် ဖြစ်နေသည်။ ဆူးလေဘုရားလမ်းမှာ တွေ့ကြတော့ (၂)နာရီခွဲ၊ (၃)နာရီထိုးလောက်ပေါ့။ အဲဒီအချိန်ကစပြီး ညက (၁၀) နာရီခွဲအထိ အနည်းဆုံး (၇)နာရီလောက် ဆက်တိုက် စကားပြော အတူတွေ့ဆုံကြုံကြိုက်ရတာ အံ့သြစရာပဲ။ အတူလမ်းလျှောက်ခဲ့ပြီ။ မုန့်ဆိုင်ထိုင်ခဲ့ပြီ။ ကားစီးခဲ့ပြီ။ ဧည့်ခန်းမှာ ထိုင်ခဲ့ပြီ။ ညစာ စားခဲ့ကြပြီ။ အချိန်ကုန်လို့တောင် ကုန်မှန်းမသိလိုက်။ ရောက်တတ်ရာရာတွေ ပြောကြ၏။ ဖတ်ဖူးသော စာအုပ်များ၊ နားထောင်ဖူးသော သီချင်းများ၊ ကြည့်ဖူးသော ရုပ်ရှင်များအကြောင်း ပြောကြ၏။ မောင်စိုးမင်းက မယ်ဒလင်တီးတတ်သည်။ ခိုင်က တစ်ခါတလေ ကျောင်းတီးဝိုင်းမှာ သီချင်းဆိုတတ်သည်။ ခိုင့် ဓာတ်ပြားတချို့ကို သူက တစ်နေ့လာနားထောင်ပြီး ကူးဖို့ငှားရမယ်လို့ဆိုသည်။ ပြီးတော့ သူက ခိုင်ကို ပိုင်ယာ အင်္ဂလိပ်အမည်ရှိ ရုပ်ရှင်မင်းသမီးနဲ့တူတယ်လို့ဆိုတော့–

"အို. . . အဲဒီမိန်းကလေး ရေထဲခုန်ဆင်းသေတာ၊ ကပ်ဒေါက်ကလပ်စ်ထင်ပါရဲ့၊ သူက ဆယ်ယူရာကစပြီး ဆပ်ကပ်ပွဲထဲရောက်သွားတဲ့ရုပ်ရှင် ကြည့်ဖူးပါတယ်" လို့ပြောရ၏။

"ခိုင်က ပိုင်ယာလို မလှပါဘူး၊ သူကသာ တိုနီပါကင်ထက်ကြည့်ကောင်းတယ်" လို့ပြောရ၏။ တစ်ချိန်လုံး သူတို့သည် အဲဒီလို တွေ့ကရာတွေပြောပြီး ရယ်မောနေကြသည်။

"အဲဒီစကားမျိုးတွေ ပြောစရာကုန်သွားတော့ ဘာလုပ်မလဲ"လို့ ခိုင်က သတိရလာပြီး ပူပူပင်ပင် မေးလိုက်မိလျှင်–

mgyoe.com

mgyoe.com


"အို. . .စကားအသစ်တွေ ပေါ်လာမှာပေါ့၊ ကျွန်တော်တို့ပတ်လည်မှာ အဖြစ်မျိုးစုံတွေ ဖြစ်နေတာပဲ။ အသက်ရှင်နေသမျှ ပြောစရာတွေ အများကြီးပေါ်လာမှာပဲ။ ကျွန်တော်တို့ကိုယ်တိုင်လည်း အဖြစ်မျိုးစုံ ပြောင်းလဲဦးမှာ"

"အသက်ရှင်နေသမျှ"လို့ ပြောသည်ကို သိသိမှတ်မှတ် စဉ်းစားနေမိပြီး–

"သူ့မှာ မောင်နှမတွေကော မရှိဘူးလား"လို့ မေးခဲ့၏။

"အစ်ကိုတွေ အစ်မတွေ အများကြီးပဲ၊ မိဘတွေနဲ့ အကုန်လုံးတစ်ပြိုင်တည်း ဆုံးသွားကြတယ်။ စစ်အတွင်းမှာ ကျွန်တော် တစ်ယောက်တည်း ကျန်ခဲ့တယ်။ အဲဒီအကြောင်းကို သိပ်မတွေးပါဘူး။ ကျွန်တော်တစ်ယောက်တည်း အသက်ရှင်နေရတာ မတရားဘူးလို့လည်း ထင်တတ်ပေမဲ့ ဒါ အဓိပ္ပာယ်မရှိဘူး၊ ကျွန်တော့်အပြစ်မဟုတ်ဘူးဆိုပြီး ဖျောက်ပစ်တယ်"

သူ့အဖြစ်က ခိုင့်ထက်တောင် ဆိုးလေသလား။ ခိုင်က အသေးစိတ် ဆက်မမေးလိုက်။ မသင့်လျော်ဘူးလည်း ထင်၊ ဝမ်းနည်းစရာတွေလည်း မသိချင်၊ မကြားချင်တော့ စကားပြောင်းလိုက်ကြ၏။ ခိုင် မပြောင်းနိုင်သော အတွေးတစ်ခုကတော့ သူကတော့ ဖျောက်ပစ်နိုင်မှာပေါ့။ ခိုင့်လို မောင်လေးသေပါစေလို့ ဆုတောင်းတာမျိုးဖြစ်ခဲ့ရမယ်မှ မဟုတ်တာ။ သူ့မှာ ခိုင့်လို အပြစ်မရှိနိုင်ပါဘူး။

ဆယ်နာရီခွဲခါနီး မောင်စိုးမင်းမပြန်ခင် ဦးလေးဒေါ်ဒေါ်တို့က သတင်းကြားပြီး ကူးလာကြသေးသည်။ သူတို့အားလုံး ခင်ခင်မင်မင် နှုတ်ဆက်ကြသေးသည်ကို အနည်းငယ် အံ့အားသင့်ရသေး၏။

တစ်ခု မှတ်မိသေးသည်မှာတော့ ဦးလေးက "မောင်စိုးမင်းကို ပြောဖူးသားပဲ။ အိမ်နှစ်အိမ်က အောက်ထပ်မှာ မီးဖိုချင်းဆက်နေပြီး အပေါ်ထပ်မှာလည်း တစ်အိမ်နဲ့တစ်အိမ် ကူးလို့ရတဲ့ ပေါ်တီကိုအရှည်ကြီး ဆက်ဆောက်ထားတာ။ အိမ်ရှေ့ကကြည့်တော့ ခြံ နှစ်ခြံ၊ အိမ်နှစ်အိမ်ပဲ။ အနောက်ဘက်မှာတော့ တစ်ဆက်တည်း။ ခြံလည်း အကာအဆီးမရှိဘူး။ ခိုင်တစ်ယောက်တည်းနေတာ မှတ်ပါဘူး။ ခိုင့်အတွက် ဘာမှ စိုးရိမ်စရာ မရှိပါဘူး။ ခိုင်ကလည်း ဦးလေးတို့အိမ်ကိုမှ ပြောင်းမလာချင်တာ" ဟု ပြောသည်။

သူ ခိုင့်ကို အသိမဖွဲ့ခင်ကတည်းက သူတို့ အကြာကြီး သိနေကြတာပဲ။ ဟုတ်တယ်၊ ခိုင် အားရှိလာခဲ့၏။ ဒါပေမဲ့ သူ ခိုင့်ထက် တစ်နှစ်ပဲ၊ ခြောက်လပဲဖြစ်စေ အသက်ပိုကြီးပါစေတော့ဟု တောင့်တပြန်၏။

ခု မကြာခင်ဘဲ စိုး ရောက်လာတော့မယ်။ သူတို့ မိဘမဲ့ကလေးများကျောင်းကို သွားကြမည်။ အလုပ်ကိစ္စတွေ အများကြီးရှိ၏။ စိုးက ကလေးချစ်တတ်ရဲ့လား

mgyoe.com

mgyoe.com


မသိ။ အသက်နည်းနည်းကြီးတဲ့ ကလေးတွေ ဘောလုံးကန်၊ ရေကူးသင်ပေးဖို့။ ငယ်တဲ့ကလေးတွေနဲ့ထိုင်ပြီး ကစားနည်းမျိုးစုံ ကစားဖို့၊ ဆေးရောင်ခြယ်စာအုပ် သုံးတတ်ဖို့ သင်ပေးဖို့ စသည်ဖြင့် သူလုပ်နိုင်သောကိစ္စတွေ ရှိလိမ့်မည်။ သူကတော့ ခိုင် ခိုင်းတာ လုပ်ရမှာပဲလို့ ပြောဖူးသည်။ အို . . .ဟုတ်တယ်။ မယ်ဒလင်တီးခိုင်းရမယ်။ ကလေးတွေကို သီချင်းသင်ခိုင်းရမယ်။ ကလေးတွေဖို့ ကျောင်းဧည့်ခန်းက ပီယာနိုလည်း အသစ်ကြီးရှိသေးတယ်။ ဘယ်သူ လှူထားတာပါလိမ့်။ ကြိုးညှိဖို့ တော့လိုလိမ့်မယ်။ ပီယာနိုသင်ဆရာမကို အနည်းဆုံး စနေ၊ တနင်္ဂနွေ လာခိုင်းဖို့ အဆိုတင်မှ။

ကျောင်းကို ခိုင့်လို အကူအညီ လူအားပေးကြသူများမှာ အများအားဖြင့် အဒေါ်အရွယ်မိန်းမကြီးများသာ ဖြစ်၏။ စိုးလို လူငယ် လူရွယ်တစ်ယောက် တိုးလာတာ ဝမ်းသာကြမှာပဲ။ ပြီးတော့ . . . ပြီးတော့ . . . ခိုင်နဲ့စိုးနဲ့ ဘယ်လိုမိတ်ဆွေမျိုးလဲလို့ သိချင်ကြမှာ။ ခိုင်က မောင်လေးလိုပါပဲလို့ ပြောမည်။ ခိုင်သည် စိတ်ကြည်လင်ပျော်ရွှင်လာပြီး အိပ်ရာထဲမှ ဖျတ်ဖျတ်လတ်လတ်ခုန်ထပြီး ရေချိုးဖို့ ပြင်လေ၏။

၀

mgyoe.com

mgyoe.com

ခိုင့်ဘဝသည် လျင်မြန်စွာ ပြောင်းလဲလာ၏။ သောကြာနေ့တိုင်း မောင်စိုးမင်းနှင့်ကျောင်းပြီးပြီးချင်း မြို့ထဲသွားကြ၏။ မောင်စိုးမင်းက အတန်းထဲမှာ ခိုင့်နောက်က ခုံတန်းမှာ တည့်တည့်လာထိုင်နေလေပြီ။ ခိုင်က လည်ပြန်လှည့်ပြီး စကားပြောတတ်၏။ ဒီတော့ သောကြာနေ့ညနေပိုင်းအတွက် ဘာမှ ကြိုတင်စီစဉ်စရာ မလိုတော့ဘဲ အတူထွက်လာကြမြဲ ဖြစ်လေ၏။ တခြားညနေများမှာ အင်လျားကန်ဘက်သို့ လမ်းလျှောက်တတ်ကြသေး၏။ ကျောင်းဆောင် ဧည့်ခန်းမှာလည်း ထိုင်ချင်ထိုင် တတ်ကြ၏။ စနေ၊ တနင်္ဂနွေနေ့များမှာ မိဘမဲ့ကလေးများကျောင်းမှာ အတူလုပ်အားပေးကြ၏။ တစ်ခါတလေ စနေနေ့ညမှာ စိုး အိမ်မပြန်တော့ဘဲ ဦးလေးဒေါ်ဒေါ် တို့အိမ်ဘက်ကူးပြီး ဧည့်သည်အိပ်ခန်းမှာ အိပ်တတ်၏။ တစ်ဖန် မောင်စိုးမင်းကို ကားနှင့် လိုက်ခေါ်လိုက်ပို့ လုပ်သည့်အခါမှာ သူ့အဘွားနှင့် ဝင်တွေ့နှုတ်ဆက်ရ သေး၏။ ဘွားဘွားက "စိုးတို့မောင်နှမ လာကြ၊ ပြန်လာပြီလား၊ ဘွားဘွား ဆန္ဒင်းမကင်းလုပ်ထားတာ အများကြီး၊ စားချင်သလောက်စား။ ဦးလေးအဒေါ်တွေဖို့ လည်း ယူသွားဦး။ ဖက်သန့်သန့်နဲ့ ထုပ်ထားတယ်"ဟု ပြောတတ်သည်။ စိုးအိမ်မှာ အကြာကြီးထိုင်ပြီးလည်း နေတတ်သည်။ ဘွားဘွားက မုန့်မျိုးစုံ လုပ်တတ်သည်။ ရွှေကြည်၊ အုန်းနို့ကျောက်ကျော၊ ကောက်ညှင်းထုပ်၊ ထန်းသီးမုန့်၊ မုန့်ဦးနှောက်၊ မုန့်စိမ်းပေါင်း အားလုံး ခိုင်ကြိုက်သောမုန့်များ ဖြစ်၏။ ခိုင်က ထမင်းဟင်းထက် မုန့်မျိုးစုံ စားရတာကို စုံမက်သူဖြစ်လေ၏။

"ဘွားဘွားဆီမှာ မုန့်တွေ ခိုင့်ဘာသာလုပ်တတ်အောင် လာသင်ရဦးမယ်" လို့ ခဏခဏ ပြောမြဲ။ စိုးက ခိုင်ကြိုက်တတ်သည့်ရှမ်းလက်ဖက်ခြောက်ကျကျနဲ့ လက်ဖက်ရည်ကြမ်းအိုး ပြင်တတ်၏။ ငယ်ငယ်က မောင်နှမနှစ်ယောက်အသက်

mgyoe.com

mgyoe.com


များစွာကြီးသော မိဘများနှင့် ငါးရံ့ခြောက်ဖုတ်နှင့် လက်ဖက်ရည်ကြမ်းဝိုင်း ထိုင်တတ်ကြတာ သတိရစေ၏။ "မောင်လေး အစားရတာပဲ"လို့ ကြိုးစားပြီးတွေး၏။ သို့သော် ခုတလော မိဘမဲ့ကလေးကျောင်းက အလယ်တန်းကျောင်းသားများနှင့် သူ ရေကူးမှန်မှန်ထွက်ပြီး ပိုပြီး အရပ်ရှည်ကြီးထွားလာသည်ကို မြင်ပြီး မမြင်ချင်ယောင်ပြုနေရ၏။ မသိသလို ကိုယ့်ကိုယ်ကိုယ် လှည့်စားနေပြန်၏။ ပြီးတော့ ရင်ခုန်တတ်သည်ကို ထိန်းချုပ်လို့မရဘဲ ရှိလေ၏။

တစ်ခါ သူ့အိပ်ခန်းထဲ ခဏရောက်သွားတော့ ရုပ်ရှင်မင်းသမီး ပိုင်ယာအင်ဂျလီရဲ့ ဓာတ်ပုံများစွာကို နံရံအပြည့်တွေ့ရသည်။ အနည်းငယ် မနာလိုဖြစ်မိသလိုလို မောင်စိုးမင်းကတော့ ရယ်မောပြန်၏။

"ခိုင့်ဓာတ်ပုံမှ မရှိတာ၊ အစားထိုးလို့ရတဲ့ ဓာတ်ပုံတွေပဲ ချိတ်ရတယ်"

"ဒါက ဘာလဲ" လို့ သေသေချာချာ ကြည့်လိုက်တော့ မိဘမဲ့ကလေးများကျောင်းက ဆရာဆရာမများ၊ အလုပ်သမားများ၊ လုပ်အားပေးသူများ စုဝေးရိုက်ထားသည့်ဓာတ်ပုံ ဖြစ်နေလေ၏။ ခိုင် သိပ်တောင် မမှတ်မိ။ မနှစ်ကနှစ်ဦးက ရိုက်ထားသော ဓာတ်ပုံပင်။ ခိုင်က ရှေ့တန်းမှာ ဘေးကျကျမှာထိုင်လျက် ပါဝင်ခဲ့၏။ ထိုဓာတ်ပုံကို ဝယ်ပြီး ပေါင်လည်းမသွင်းမိ၊ ဓာတ်ပုံအယ်လ်ဘမ်ထဲလည်းမထည့်မိ မေ့မေ့ပျောက်ပျောက် ရှိခဲ့သည်။ တစ်နေရာရာမှာတော့ ရှိလိမ့်မည်။ ဒီဓာတ်ပုံတူကို သူ ဘယ်က ရလာပါလိမ့်။

ဓာတ်ပုံအောက်မှာ နာမည်တွေရိုပ်ထားတော့ ခိုင့်နာမည်ပေါ်မှာ အနီရောင်ကြယ်ပွင့်နှင့် မှတ်သားထားပြီး နံဘေးက 'စိုးချစ်သူ'လို့ ရေးထားလိုက်သေးတယ်။

မောင်စိုးမင်းက ဘာမှမပြောဘဲ တိတ်ဆိတ်နေဆဲ ခိုင်ကလည်း ရှေ့မဆက်ဝံ့တော့ဘဲ "သွားကြစို့"လို့သာ ပြောပြီး ထွက်ခဲ့ရလေ၏။

ထိုနောက် မကြာခင်ဘဲ သူ အကြံကောင်းတစ်ခု ရသည်တဲ့။

"ကျွန်တော် ကင်မရာတစ်လုံး ရလာတယ်။ ဂျပန်က ပြန်လာတဲ့လူ တစ်ယောက်ဆီက ဝယ်လိုက်တယ်။ ဈေးကြီးလိုက်တာလည်း မပြောပါနဲ့တော့ ခိုင်ရယ်။ ဒါပေမဲ့ လိုချင်တော့ အဘွားက ပိုက်ဆံထုတ်ပေးတာပဲ။ စာကြည့်တိုက်က ဓာတ်ပုံပညာစာအုပ်တွေလည်း အများကြီးငှားလာတယ်။ ဖလင်လိပ်တွေလည်း သူငယ်ချင်းတွေ ဝိုင်းရှာပေးကြတယ်။ နိုင်ငံခြားအသိတွေဆီက မှာပေးကြတယ်။ အဲဒါ ကောင်းကောင်းလိုက်စားပြီး တစ်နေ့ ပြပွဲတွေဘာတွေလုပ်ရမယ်။ ဒါပေမဲ့ ခိုင့်အကူအညီတစ်ခု လိုတယ်"

"ဓာတ်ပုံဆေးဖို့ အမှောင်ခန်းလိုတာလား"

mgyoe.com

mgyoe.com


"ဒါက ပြဿနာမှုတ်ဖူး၊ လှေကားနောက်က အခန်းကလေးကို အမှောင်ခန်း လုပ်လို့ရတယ်"

ခိုင်က မတွေးတတ်ဖြစ်နေဆဲ–

" ခိုင့်မျက်နှာကို အမျိုးမျိုးအနေအထားနဲ့ ရိုက်ချင်တယ်၊ ဘယ့်နဲ့လဲ ဟင် . . . ခိုင်"

"ဟင့်အင်း . . .ဟင့်အင်း . . ."ဟု မြန်မြန် ငြင်းဆန်လိုက်၏။

"တစ်ခါတစ်ခါ မှန်ထဲမှာတောင် ကိုယ့်ကိုယ်ကိုယ် သိပ်မကြည့်ချင်ဘူး"

သူက အံ့သြဟန်ဖြင့်–

"ဘာဖြစ်လို့လဲ ခိုင်ရယ်၊ ခိုင်လှတာ ခိုင် မသိဘူးလား၊ လှတာ မကြိုက်ဘူး လား"

" ခိုင့်မျက်နှာ လှတာမလှတာ အရေးမကြီးပါဘူး"လို့သာ ပြောလိုက်၏။ ငယ်ငယ်က ကိုယ့်မျက်နှာကို ကိုယ် ကုတ်ဖဲ့ခဲ့တာ ပြောပြဝံ့ပါ့မလားမသိ။ တစ်ယောက်ယောက်ကို ပြောပြရမယ်ဆိုရင်တော့ စိုးကိုပဲ ပြောနိုင်မှာပဲ။

မောင်စိုးမင်းက သူ နားလည်သလိုသာ ဆက်လက်တွေးတောမိဟန်ဖြင့်–

" ခိုင်လှတာ ကျွန်တော်ကတော့ ကြိုက်တာ အမှန်ပဲ၊ ဒါပေမဲ့ ခိုင့်မျက်နှာ မှာ အဓိပ္ပာယ်ရှိတာ၊ အတွင်းက စိတ်ခံစားမှုပြောင်းသလို စိတ်လှုပ်ရှားသလို ပြောင်းလဲ နေတာတွေကို ဖမ်းထားချင်တယ်။ မျက်နှာတစ်ခုကို လှေ့လာခြင်းပေါ့ ခိုင်ရဲ့"

"သူ့ကို ခိုင် ကူညီချင်ပါတယ်"ဟု စတင်လိုက်ပြီး "ဒါပေမဲ့ ခိုင့်မျက်နှာကို အမှတ်တမဲ့သာ ကြည့်လို့ရတယ်။ စူးစူးစိုက်စိုက်ကြည့်မိတဲ့အခါ စိတ်မချမ်းသာ ဖြစ်တတ်တယ်။ တစ်နေ့ကျမှ ပြောပြရဦးမယ်"ဟု ဆိုလိုက်၏။

" ခိုင့် သဘောပါပဲ"

သူက ထပ်ပြီးပြောသည်မှာ–

" ခိုင့်မျက်နှာကို မှောင်ရိပ်ထဲမှာထားပြီး အလင်းရောင် ခေါင်းပေါ်ကျလာတော့ ခိုင့်ရဲ့ထူထဲပြီး နူးညံ့နေတဲ့ဆံပင်တွေ လှိုင်းထပြီး ပြေလျော့ပြီး ပိုးမျှင်လိုလွင့်ကျနေတာ ရိုက်ယူလိုက်ချင်တယ်။ အမှောင်ထဲက အလင်းရောင်ကိုဖမ်းပြီး ဝင်းလက်လာတဲ့ ကျောက်မျက်ရတနာလိုလှတဲ့ ခိုင့်မျက်လုံးတစ်ဖက်ကို မျက်တောင်တွေ ကော့ဖြူးနေ တဲ့ကြားမှာ ရိုက်ယူလိုက်ချင်တယ်။ အလင်းရောင်ကျလာတဲ့ အမွေးနုကလေးတွေ သီတဲ့ ခိုင့်ပါးပြင်ပေါ် ခိုင့်လက်ချောင်းတွေ ရှည်သွယ်ဖြန့်ကျနေတာ ရိုက်ယူလိုက် ချင်တယ်။ အဲဒီလို မျက်နှာကို ခွဲစိတ်ပြီး ရိုက်ယူမယ်ဆိုရင်တော့ ခိုင် မကျေနပ်စရာ မရှိပါဘူးမှုတ်လား"

mgyoe.com

mgyoe.com


"သူက သိပ်စိတ်ကူးကောင်းတာပဲ"လို့သာ ပြောမိ၏။

"ကျွန်တော် ဟိုက်စကူးကျောင်းသားဘ၀က ကင်မရာအပေါ်စားကလေးနဲ့ လှတကာ ဓာတ်ပုံလိုက်ရိုက်ပေးနေတာပဲ။ ပန်းပွင့်တွေ၊ သစ်ရွက်တွေ လိုက်ရိုက်နေတာပဲ။ အဲဒီတုန်းက ကောလိပ်တောင် မသွားချင်ဘူး။ ဓာတ်ပုံဆိုင်ဖွင့်မယ်။ ဒါမှမဟုတ် သတင်းထောက်လုပ်စားမယ်လို့ပဲ ပြောနေတာ၊ အဘွားစကား နားထောင်ပြီး ကောလိပ်လာတာ၊ ဒါပေမဲ့ အဘွားစကား နားထောင်မိတာ သိပ်ကံကောင်းတာပဲ၊ ခိုင်သိတဲ့အတိုင်းပဲ"

" ခိုင် မသိပါဘူး"လို့ အမှန်အတိုင်း ပြောလိုက်မိပြီး သူ စကားစလာပြန်ပြီလားဟု စိတ်ထဲမှာ ပြုံးပြက်လာပြန်၏။

"ကောလိပ်ရောက်လို့ ခိုင့်ကို တွေ့ရတာပေါ့"

"ဟုတ်တယ်၊ ခိုင့်ဖို့ မောင်လေးအစားရတာပေါ့" ဟု သူ မကြိုက်မှန်း သိလျက်နှင့် ပြောလိုက်တော့–

"ကောလိပ်သာမရောက်ရင်၊ ခိုင်နဲ့မတွေ့မိရင် အိမ်နီးချင်းကလေးမကလေးကိုပဲ အနောက်ကလိုက်ရတော့မှာ"

"ဟိုဘက်အိမ်က ဖြူဖြူတုတ်တုတ် ဆံပင်ကောက်ကောက်ကလေးနဲ့ ခိုင့်ကို မြင်ရင် နှုတ်သီးစူတတ်တဲ့ ကလေးမလေးလား"ဟု ရယ်မောလိုက်တော့–

"ခိုင့်ထက် သိပ်မငယ်ပါဘူး၊ လူကြီးသံ မပေါက်စမ်းပါနဲ့"ဟု စိုးက ပြောလေ၏။

"ကျွန်တော်နဲ့ ရွယ်တူပဲ။ ငယ်ငယ်က တစ်ကျောင်းတည်း၊ တစ်တန်းတည်း နေဖူးတယ်။ သိပ်ဈွာတယ်။ ကျွန်တော်နဲ့ နည်းနည်းမှ မတည့်ဘူး။ စစ်ပြီးမှ ပြန်တွေ့ကြတော့ သူက အပျိုလုပ်နေတာနဲ့ စကားမပြောဖြစ်တော့ပါဘူး။ အင်း . . .သူ့မျက်နှာကလေး လှေလာကြည့်ရရင် ကောင်းမလားဟင် . . ." လို့ ခိုင့်ကို သူက ပြောင်နောက်သလိုနှင့် စုံစမ်းလျှင်–

"ကောင်းသားပဲ"

"မကောင်းပါဘူး"ဟု မောင်စိုးမင်းက အသံမာသွားလေ၏။

စိုးနဲ့ခိုင်တို့ရဲ့ သောကြာနေ့များလည်း ပြောင်းလဲလာ၏။ သူတို့သည် ဆူးလေဘုရားလမ်းမှာ ခြေဦးတည့်ရာ မလျှောက်ချင်ကြတော့ဘဲ "အင်းလျားဘက် လမ်းလျှောက်ရအောင်ပါ ခိုင်ရယ်"လို့ သူက တစ်ခါပဲစတင်ရပြီး သောကြာနေ့ညနေဦးမှာ လူတိတ်ဆိတ်နည်းပါးရာသို့ ရောက်နေတတ်ကြ၏။ အင်းလျားကန်ထဲ တိုးထွက်သွားသော မြေငူတစ်စမှာ ခုံတန်းလျားချသည်ကို တွေ့ပြီး အတူထိုင်ကြရ

mgyoe.com

mgyoe.com


၏။ မောင်စိုးမင်းက တုန်ရီသောလက်များဖြင့် ခိုင့် ပခုံးကို ဖက်တတ်၏။ ခိုင်က ခဏငြိမ်နေပြီး အသာအယာ သူ့လက်ကို ဖယ်ပစ်တတ်၏။ စိတ်လိုလျှင် သူ့လက်ကို မလွှတ်ဘဲ ဆုပ်ကိုင်ထားတတ်ပြန်၏။ သည်လိုအခါမှာ စိုးက ခိုင့်နားရွက်အောက်က ဆံယဉ်နုများဖြာကျသော လည်တိုင်ကို နမ်းတတ်၏။ ခိုင်က အများအားဖြင့် မျက်ရည်များ ပြည့်လျှံလာသောမျက်လုံးများဖြင့် သူ့ကို လှည့်ကြည့်တတ်လေ၏။ စိုးက ဝမ်းနည်းသွားပြီး "ဘာဖြစ်လို့လဲ ခိုင်ရယ်" ဟု မေးတတ်သည်။

သည်လိုဖြစ်ဖန်များတော့ ခိုင်သည် မထိမ်ဝှက်တော့ဘဲ–

"သူ မသိဘူးလား၊ သူ့ကို မောင်လေးလိုပဲ ချစ်ချင်တယ်ဆိုတာ" ဟု ပြောလိုက်တတ်၏။ ရှေ့ဆက်ပြီး ပြောချင်သော်လည်း သတ္တိမရှိ။

"အသက်နည်းနည်းငယ်တာ ဘာများအရေးကြီးလို့လဲ ခိုင်ရယ်" လို့ စိုးက ဆိုသည်ကို သဘောတူသော်လည်း တကယ်တော့ အသက်ကြောင့် မဟုတ်တာလို့ မရှင်းပြတတ်။ ကိုယ့်ဘာသာလည်း ထင်ထင်လင်းလင်း သိမြင်ခြင်းမရှိ။ သူ မောင်လေးလို နားရွက်ကားလေးနဲ့ ခိုင့်ကို စောင့်ရှောက်ချင်တတ်တာ သည်နေရာမှာ သိပ်တူလို့သာ ဖြစ်မှာပဲ။ သူ့ကို မောင်လေး သေဆုံးသွားပုံ ပြောပြဖူးခဲ့ပြီ။ ခိုင်ဟာ မောင်လေးကို သေစေချင်သော ပြစ်မှုရှိခဲ့သူပါလို့တော့ဖြင့် မပြောဝံ့သေး။

အင်လျားကန်ဆွယ်၏ တစ်ညနေအေးမှာ သူတို့ အတူထိုင်ကြပြန်တော့ ဆောင်းဝင်လာပြီး နေဝင်မြန်သည်မို့ ပြာရီလဲ့မှောင်စဆည်းဆာသည် ဖြုတ်ခနဲ ရောက်လာလေ၏။ စောစောက ရေလာချိုးကြသည့် မိသားတစ်စုလည်း ချမ်းတုန်ပြီး မြန်မြန် အိမ်ပြန်ကြလေပြီ။ ဖြည်းညင်းလေးတွဲ့သော ချိုးကူသံသည် ကြာကြာမခံဘဲ ပျောက် ပြယ်သွား၏။ လဝန်းကြည်စင်ပြီး ကောင်းကင်မှာ ဂျပန်စက္ကူမီးအိမ်လို ငြိမ်သက် ချိတ်ဆွဲနေ၏။ ကြယ်မရှိသော ည၊ ကြယ်များ အထွက်နောက်ကျကြတာလား။ စေစောစီးစီး ပျောက်ကွယ်သွားကြသည်လား ခိုင် မသိ။

မောင်စိုးမင်းက–

" ခိုင့်ကို မောင် ဘယ်လောက်ချစ်တယ်ဆိုတာ သိတယ်မှုတ်လား"လို့ ဗြုန်းခနဲမေးပြီး ခိုင့်ပခုံးကို တုန်ရီသောလက်များဖြင့် ကျောမှ သိုင်းဖက်ပြီး ပွေ့ယူ လိုက်ပြန်သည်။

ခိုင်က ဘာမှ ပြန်မပြောဘဲ ငြိမ်နေလျှင် စိုးက ခိုင့်နားရွက်နောက်ကဆံပင် များ၊ လည်တိုင်နှင့်ပခုံးများကို ပူနွေးသောနှုတ်ခမ်းများနှင့်ပွတ်သပ်ပြီး အသာအယာ နမ်းစပြုလေ၏။ ခိုင် သူ့ကို ချစ်တာပေါ့။ သူချစ်တာကိုသိရုံ ဘယ်ကမှာလဲ။ ခိုင်တို့ နှစ်ယောက် မချစ်ဘဲ မနေနိုင်ပါဘူးဟု တွေးရင်း ခိုင်သည် မောင်စိုးမင်းနှင့် တွေ့ထိ

mgyoe.com

mgyoe.com


ရသည်ကို သာယာလာ၏။ ကြက်သီးလည်း ထလာ၏။ မျက်စိများမှေးလာ၏။ သူ့နှုတ်ခမ်းများ ပါးပြင်ပေါ်ရောက်လာလျှင် ရင်တဒိတ်ဒိတ် အရှမ်းခုန်လာ၏။ သူ ခိုင့်နှုတ်ခမ်းကို နမ်းတော့မှာပဲ။ ခိုင် ဘာလုပ်ရမလဲ။ သူ့နှုတ်ခမ်းများ ပူနွေးရှံမက ပွင့်ဟလာပြီး ခိုင့်နှုတ်ခမ်းတစ်စုံလုံးကို ပိုင်နိုင်စွာ ငုံလိုက်လျှင်တော့ ခိုင်သည် မျက်လုံးများပြာဝေပြီး မူးနောက်လာ၏။ တစ်ကိုယ်လုံး တုန်ခိုက်လာ၏။ လက်ဖျားခြေဖျား အေးစက်လာ၏။ ရင်ထဲမှာ တလှိုက်လှိုက်နှင့် ပျို့ချင်အန်ချင်လာ၏။ အသက်ရှူလို့ မရ။ မငိုသော်လည်း ငိုရှိုက်သောအသံများ ထွက်လာလေ၏။

စိုးက ချက်ချင်းနောက်ဆုတ်ကာ ခိုင့်ကျောမှ ဖေးမရှံပွေ့ထားပြီး–

" ခိုင် . . .ခိုင် ဘာဖြစ်လဲ၊ ခိုင် နေမကောင်းဘူးလား" ဟု မေး၏။ ခိုင် ခိုက်ခိုက်တုန်နေသည်ကို ငြိမ်အောင် ကျပ်ကျပ်ပွေ့ဖက်လိုက်ပြန်၏။

" ခိုင် ချမ်းနေလို့လား၊ မောင် မိုက်လိုက်တာ၊ မသိတတ်လိုက်တာ"လို့ သူ့ကိုယ်သူ အပြစ်တင်ပြီး သူ့လက်မောင်းပေါ်တင်ပြီး ယူလာခဲ့သည့်ဘလေဇာကုတ် အကျႌဖြင့် ခြုံထွေးပေး၏။ ခိုင့်ဆွယ်တာ ပွင့်ဟနေသည်ကို သတိပြုမိပြီး ကြယ်သီးများ တပ်ပေးပြန်၏။ " ခိုင်နွေးအောင် ဖက်ထားတာနော်" လို့ ခွင့်တောင်းသေး၏။

ခိုင် သည်လိုထိုင်မြဲထိုင်နေလျှင် မူးဝေတာ တော်တော်နဲ့ပျောက်မည်မဟုတ်။ ခုံတန်းလျားပေါ်မှာ လဲလျောင်းလိုက်လျှင် ခေါင်းထဲသွေးပိုမိုရောက်ပြီး ခဏလေးနဲ့ ကောင်းသွားမှာ စိုးကို ပြောပြရမယ်။ နှုတ်ခမ်းများ ကောင်းစွာမလှုပ်နိုင်။ ဖွင့်လို့မရ၊ အသံလည်း ပီပီသသ မထွက်နိုင်။ "စိုး . . . စိုး . . ." လို့တော့ ခေါ်လို့ရ၏။

" စိုး . . .စိုး . . ."

" ခိုင် . . .မောင် ဘာလုပ်ပေးရမလဲ၊ ခိုင် နေမကောင်းဘူးထင်တယ်"

" ခိုင် နေကောင်းတယ်" ဟု ကြိုးစားပြောရ၏။ လျှာလေးနေ၏။

" ခိုင် ချမ်းနေလား"

"ချမ်းတာလည်း မှုတ်ဖူး"

" ခိုင် နေမကောင်းဘူး၊ မောင် ဘာလုပ်ပေးရပါ့မလဲ"

" ခိုင် မူးတာ" လို့ ပြောလိုက်ရ၏။

" ခိုင် လှဲချင်တယ်"

သူက ချက်ချင်းပင် ခိုင့်ခေါင်းကို အသာ သူ့ပေါင်ပေါ်တင်လိုက်ပြီး အေးစက်သော ခိုင့်လက်များကို ဆုပ်ထွေးပွတ်သပ်ပေးလေ၏။ ခိုင့်မျက်နှာကို လက်ကိုင်ပဝါဖြင့် ယပ်ခတ်ပေး၏။ ခိုင်နည်းနည်း သတိလစ်သွားတာ သူ မမြင်စေချင်။ မျက်နှာကို သူ့ကိုယ်နှင့်ကပ်ပြီးဝှက်ထားခဲ့၏။ မကြာလှဘဲ သတိပြန်လည်

mgyoe.com

mgyoe.com

လာသည်။ အသက်ရှုရချောင်လာပြီး မူးဝေခြင်း ပြီးဆုံးခဲ့ပြီလို့ စိတ်သက်သာရာရ သိရှိရ၏။ ဒီညတော့ ခေါင်းကိုက်တော့မှာပဲ။ အိမ်မပြန်ဘဲ သူ့ပေါင်ပေါ်မှာ ခေါင်းချပြီး အိပ်နေလိုက်ချင်၏။

" ခိုင် သက်သာပြီလား "လို့ သူပြောတာကို ပီပြင်စွာကြားရလေ၏။

" ခိုင် ထလို့တော့ မရသေးဘူး၊ ခဏ ဒီလိုပဲနေဦးမယ်နော် "လို့ ပြောပြီး ခပ်ရှက်ရှက်နှင့် အနည်းငယ်ရယ်လိုက်၏။

" ခိုင် တကယ်အမူးပြေမှ ထရမှာပေါ့၊ ပြီးတော့ အင်းလျားဆောင် ပြန်ချင်လား၊ အိမ်ပြန်နိုင်ပါ့မလား၊ အင်းလျားဆောင်က စောင့်မလား၊ မောင်တက္ကစီရှာပြီး ပြန်လာခေါ်ရမလား။ ခိုင်တို့ အိမ်ကို တယ်လီဖုန်းဆက်ပြီး ကားနဲ့လာခေါ်ခိုင်းရမလား " စသဖြင့် သူက မေးခွန်းများစွာမေးတော့ ခိုင်သည် ပိုသက်သာလာသည်။

" အို . . . ခိုင် အမူးပြေသွားရင် ဘာမှ မဖြစ်တော့ဘူး၊ တစ်ခါတည်း ကောင်းသွားတာပဲ " ခိုင်အသံမာလာပြီး၊ စကားပီသလာပြီး သည်လမ်းထိပ်က ကုလားလက်ဖက်ရည်ဆိုင်မှာ နွားနို့ဝင်သောက်လိုက်မယ်။ ပြီးတော့ အိမ်ပြန်မယ်။

" ခိုင် ဆာနေလို့ ဖြစ်ချင်ဖြစ်မှာ " ဟု စိုးကပြောပြန်ပြီး ခိုင့်ကို ခြုံပေးထားသည့် သူ့ဘလေဇာအင်္ကျီအိတ်များထဲမှာ စားစရာရှာလေ၏။ သကြားလုံး ၄–၅လုံး ရလာ၏။ စိုးက မိဘမဲ့ကျောင်းက ကလေးတွေဖို့ သကြားလုံးထုပ်များ ဝယ်လာတတ်၏။ အရာရာမှာ အားကိုးရတာ။ ခိုင် သကြားလုံးငုံထားရင် လမ်းလျှောက်သွားဝံ့ပြီး လက်ဖက်ရည်ဆိုင်ရောက်တဲ့အထိ ခံမှာပဲ။

နောက်ဆုံး ခိုင် လုံးဝကောင်းမွန် ကြည်လင်လာလျှင်တော့ နှစ်ယောက်သား ဖြည်းဖြည်းလျှောက်လာပြီး နွားနို့ဝင်သောက်ရ၏။ အင်းလျားဆောင် ခဏဝင်ကြ၏။ အိမ်ပြန်ခွင့်တောင်းရ၏။ တက္ကစီခေါ်ရ၏။ စိုးက အားလုံးဦးဆောင်ပြီး လုပ်သွား၏။ သူပဲ အဆောင်မှူးကို ရေရေလည်လည်ပြောပြီး ခွင့်တောင်းတတ်သည်။ စိုးနဲ့ခိုင်ကို လည်း ချစ်နေကြသူများလို့ အများက အသိအမှတ်ပြုထားလေပြီ။ စိုးကို ခိုင်ရဲ့ အုပ်ထိန်းသူများက လိုလားပြီး အိမ်မှာ ဝင်ခွင့်ထွက်ခွင့်ရနေတာ။ မိဘမဲ့ကလေးများ ကျောင်းမှာ အတူကူညီနေကြတာလည်း သိခဲ့ကြလေပြီ။ သည်တော့ ချောချော မောမောပဲ။

ခိုင်တို့အိမ်ကိုရောက်လျှင် ဦးလေးဒေါ်ဒေါ်တို့ တစ်ဖက်အိမ်မှာ မရှိ။ ထမင်းစားဖိတ်ပွဲ သွားကြသည်တဲ့။ ဘကြီးလည်း မရှိ။ ကြီးကြီးတစ်ယောက်ပဲ တံခါးလာဖွင့်၏။ မောင်စိုးမင်းက ပြောလို့မရ။ ခိုင့်ကို အတင်းပွေ့ချီပြီး သယ်ယူလာတော့ ကြီးကြီးက–

mgyoe.com

mgyoe.com


"အံမယ်လေး . . .ဘာဖြစ်သလဲ၊ ဘာဖြစ်သလဲ" နှင့် စိုးရိမ်ပူပင်လို့မဆုံး။ ခိုင်ကသာ ရယ်ရွှင်နိုင်ပြီး–

" ခိုင် မူးလို့ ကြီးကြီးရေ၊ ခု ကောင်းနေပြီဆိုတာလည်း သူ မယုံဘူး။ သူ ဗလကောင်းတာပြချင်လို့ ထင်ပါရဲ့။ ခိုင် လမ်းလျှောက်နိုင်တာလည်း သူ သိသားနဲ့ မလျှောက်ရဘူးတဲ့"

ခိုင်ကရှက်ပြီး ရယ်နေသော်လည်း စိုးက ဧည့်ခန်းမှာတောင် မချဘဲ လှေကားမှ တောက်လျှောက်ချီပွေ့ပြီး ခိုင့်အိပ်ခန်းသို့ တက်လေ၏။ ကြီးကြီးက ဘာလုပ်ရမည် သိဟန်မတူဘဲ အိမ်အောက်ထပ်မှာပဲ ကျန်ရစ်ခဲ့ဖို့ ဆုံးဖြတ်လိုက်၏။

ခိုင် အိပ်ရာပေါ်လှဲမိလျှင် စိုးက အိပ်ရာဘေးမှ ဆိုဖာမှာထိုင်ပြီး မောပန်းဟန်မရှိ။ ခိုင့်လက်များကို ဆုပ်ကိုင်ပြီး ခိုင့်ကိုပဲ အကဲခတ်နေသေး၏။

"ခိုင် တစ်ခုခုထပ်စားမှ ဖြစ်မယ်၊ နို့တစ်ခွက်တည်းနဲ့မလောက်ဘူး"ဟု ပြောသည်။ ခိုင်က သူ့ကို ငေးကြည့်နေပြီး သူ တော်တော်ထွားလာတယ်ဟု စဉ်းစားမိ၏။

"ခဏနေမှ စားမယ်၊ စိုးကော ဘာမှ မစားရသေးဘူး၊ ကြီးကြီးကို စားပွဲပြင်ခိုင်းလိုက်မယ်၊ အတူစားမယ်လေ"

" ခိုင် အိပ်ရာထဲ လှဲနေပါ၊ ကြီးကြီးကို စားစရာလာပို့ခိုင်းလိုက်မယ်။ မောင် အောက်ထပ်မှာ သွားစားမှာပေါ့"

"ဘယ်နှနာရီ ရှိပြီလဲ၊ ဘွားဘွား စိတ်ပူနေမလား"

"မပူပါဘူး ခိုင်ရဲ့၊ မောင် အိမ်မှာမရှိရင် ဘယ်သွားတတ်တယ်ဆိုတာ သူ အသိဆုံး ခိုင်ရဲ့။ ခိုင့်ကို တစ်ယောက်တည်း မထားခဲ့နိုင်ပါဘူး။ ဦးလေးတို့ ပြန်လာတဲ့အထိ စောင့်ရမယ်"

" ခိုင် ဘာမှမဖြစ်ပါဘူး၊ ခက်လိုက်တာ သူကလည်း"လို့ ညည်းမိပြီး သူ သိပ်ချစ်ဖို့ကောင်းတာပဲဟု တွေး၏။ ခိုင့်မှာ ဘာ ပြဿနာမှသာမရှိရင် တကယ် လူကျန်းမာ၊ စိတ်လည်းကျန်းမာတဲ့ အင်အားရှိရင် သူ့ကို အိမ်မပြန်နဲ့တော့။ ခိုင့် အိပ်ရာထဲ အတူလာလှဲတော့လို့ ပြောချင်ပါရဲ့။

ထိုအတွေး၌ မိုက်ခနဲ ခေါင်းထဲထိခိုက်သွားသေး၏။ ပြီးတော့ အလင်းရောင် တစ်ချက်ပြက်လိုက်သလို သတိရှိမိသည်။ ဟုတ်တယ်၊ လူကျန်းမာတာ မဟုတ်လှဘူး။ စိတ်ဖျားနာနေတာနဲ့တူတယ်။ ခိုင် စိတ်များမှ နှံ့ရဲ့လား။

ဟုတ်ပြီ။ ရှင်းရှင်းလင်းလင်း သတိရလာပြီ။ မောင်လေး မသေခင် ၄–၅လ လောက်မှာ ထင်ပါရဲ့။ ခိုင်သည် မိုက်ခနဲမူးဝေခြင်း စတင်လာသည်။ အတူရေချိုး

mgyoe.com

mgyoe.com

ရင်း မောင်လေးနဲ့တစ်ယောက်ကို တစ်ယောက် ဆပ်ပြာတိုက်ပေးရင်း၊ စကားရယ်ရွှင်ပြောရင်း၊ တစ်ယောက်ကိုတစ်ယောက် ကိုင်တွယ်ပြီး တဖြည်းဖြည်း သာယာကြည်နူးလာရင်း ဖြုန်းခနဲ မေမေ့ဆီဖြစ်စေ၊ ကြီးကြီးဆီဖြစ်စေ ထွက်ပြေးရသည်။ သူတို့က မျက်နှာသုတ်ပဝါနှင့် ဆီးကြိုထွေးပိုက်ပြီး ရေခြောက်အောင်သုတ်ပေးမှ အမူးပြေသွားတတ်သည်။

ခု မောင်စိုးမင်းနဲ့ ရင်းနှီးလာပြီး မူးဝေခြင်း ပြန်လည်စတင်လာတာပဲ။ ခိုင်သည် မျက်စိများစုံမှိတ်ပြီး သူဟာ မောင်လေးမှတ်ဘူး။ ဆွေမျိုးနည်းနည်းမှ မတော်ဘူး။ သူ့ကို ချစ်ချင်တာ ဘာပြဿနာဖြစ်စရာလိုသလဲဟု အားတင်း၏။ အားတင်းရင်း ငိုချင်လာခြင်းသာ အဖတ်တင်ပြီး တစ်ချက်တစ်ချက် ရှိုက်မိသည်ကို ကြိုးစားပြီး ဖုံးအုပ်နေလေ၏။ သို့သော် မောင်စိုးမင်းက စောင့်ကြည့်နေသူဖြစ်တော့ ကွယ်ဝှက်လို့မရ။

" ခုတော့ ခိုင့်ကို နားစေချင်တော့ ဘာမှ မမေးသေးပါဘူး" လို့ သူက စတင်၏။

"ဒါပေမဲ့ ခိုင့်မှာ စိတ်မချမ်းသာတာတစ်ခုခု ရှိသလိုပဲ။ မောင့်ကို မပြောပြနိုင်ဘူးလား၊ တစ်နေ့နေ့ကျရင် ပြောတာပါ"

ခိုင်သည် မချုပ်တည်းနိုင်တော့ဘဲ မျက်ရည်များ မျက်နှာတစ်ခုလုံးရွှဲအောင် ငိုလိုက်၏။ စိတ်ရှိသလောက်တော့လည်း ငိုဖို့မသင့်ဟု ထင်ပြန်၏။ ချုပ်တည်းချင်ပြန်၏။ ဒါနှင့် အငိုရပ်ဖို့ ကြိုးစားရပြန်၏။ ဒီလိုပဲ တစ်သက်လုံး ဖြစ်နေတော့မှာလားဟု စဉ်းစား၏။ ကိုယ့်ကို သည်လောက်ချစ်ပြီး ကိုယ်ကလည်း သည်လောက်ပဲ ပြန်ချစ်ချင်သူကို လက်လွှတ်ရတော့မည်လား။ ဘယ်သူ ခိုင့်ကို အကြံပေးနိုင်ပါ့မလဲ။ ခိုင် စိုးနဲ့ ဘယ်လို ပျော်ရွှင်တဲ့ဘဝမှာ အတူနေလို့ရအောင် လုပ်ရပါ့မလဲ။ လင်မယားအဖြစ် ချစ်နိုင်ပါ့မလဲ။

" ခိုင် မောင့်ကို အကြွင်းမဲ့ မယုံနိုင်သေးဘူးလား။ ခိုင် ဘာဖြစ်ဖြစ် ဘာလုပ်လုပ် နည်းနည်းမှ အချစ်မလျော့နိုင်ဘူးဆိုတာ မသိဘူးလား"

ခိုင်သည် လှဲနေရာမှ ထထိုင်လိုက်၏။ စိုးရဲ့ဘလေဇာကို ခြုံထားမြဲ။ သူ ဖက်ပွေ့ထားသလို နွေးနေဆဲ။

" ခိုင့်မှာ မူးဝေတဲ့ရောဂါရှိတာ၊ မူးရင် သတိတောင် မေ့မေ့သွားတတ်တာ သိပြီမှတ်လား"လို့သာ ပြောလိုက်မိ၏။

"ဒါ ဘယ်လောက်များ ကြီးကျယ်တဲ့ရောဂါမို့လဲ ခိုင်ရဲ့၊ ဆရာဝန်ပြ၊ ဆေးသောက်စရာရှိ သောက်၊ ကောင်းကောင်းစား၊ ကောင်းကောင်းအိပ်၊ အပူအအေး

mgyoe.com

mgyoe.com


မမိအောင်နေ ပြီးတာပဲ။ ခိုင် ငယ်ငယ်လေးရှိသေးတာ၊ ပြီးတော့ ဆရာဝန် မပြဖူးဘူးလား။ ခဏလေးနဲ့ ပြန်ကျန်းမာလာမှာ"

"ခိုင် ငယ်ငယ်ကလေးကတည်းက အဲဒီလို ဖြစ်တတ်တယ်။ မစားချင် မသောက်ချင်၊ အိပ်မပျော်ဖြစ်တတ်တယ်။ ဆရာဝန်ကတော့ သွေးအားနည်းလို့ပဲတဲ့။ ကိုယ့်ကိုယ်ကိုယ် ဂရုမစိုက်ဘဲ ခဏခဏ သတိလစ်ရင် ဦးနှောက်ထိခိုက်မယ်လို့တော့ သတိပေးဖူးတယ်"

စိုးက အကြာကြီး တွေးတောငြိမ်ဆိမ်နေပြီး–

"ကျွန်တော်သာ ခိုင့်လိုချမ်းသာရင် စောင့်မနေကြနဲ့စို့။ မြန်မြန်လက်ထပ်ကြစို့လို့ ပြောချင်ပါရဲ့"

ခိုင်က သူ ကျွန်တော်လို့ ပြန်ပြောတာကို သတိထားမိပြီး အနည်းငယ် ထိတ်လန့်သလိုလို၊ ဝေးကွာစိမ်းကားသွားမှာ ပူပင်ရတော့မလိုလို။

" ခိုင်နဲ့အတူနေပြီး တစ်နေ့ (၂၄)နာရီ စောင့်ကြည့်နေချင်တယ်။ နေကောင်းသွားတဲ့အထိ"

"စိုးက ခိုင့်အပေါ် သိပ်ကောင်းတာပဲ" လို့ဆိုလျှင် သူက –

"အဲဒါကြောင့်ပဲဖြစ်ဖြစ်၊ ဘာအကြောင်းကြောင့်ပဲဖြစ်ဖြစ် မောင့်ကို ခိုင် ချစ်တယ်လို့တော့ ယုံတာပဲ"

"ချစ်တာတစ်ခုတည်းနဲ့ အားလုံးပြီးရင် သိပ်ကောင်းမှာပဲ"ဟု ပြောရင်း မျက်ရည်များ ဝေလျှံလာပြန်သည်ကို မမြင်အောင် မျက်နှာ မသိမသာလွှဲလိုက်ရ၏။

"ချစ်ရင်ပြီးတာပဲ ခိုင်ရဲ့၊ ဘာပူစရာရှိလဲ။ တစ်နေ့ မောင်အလုပ်ထွက်လုပ်မှာပေါ့။ ခိုင် ချမ်းသာပေမဲ့ မောင့်ကို တာဝန်မယူရပါဘူး။ ဒါပဲ ပြောတတ်တယ်။ တစ်ခုကတော့ ဓာတ်ပုံပြပွဲတွေလုပ်ပြီး တစ်နေ့ ဓာတ်ပုံကောင်းတွေ ရောင်းလို့ရရင် နိုင်ငံခြားမဂ္ဂဇင်းတွေက ဝယ်ရင် မောင့်ဝင်ငွေ ကောင်းလာမှာပေါ့။ ဒီဂရီရအောင် စောင့်ဖို့ မလိုပါဘူး"

ခိုင်က တဖြည်းဖြည်း စိတ်သက်သာလာပြီး ပြုံးရွှင်လာနိုင်ပြီး–

"သူကြိုက်တာ လုပ်ပါ၊ ခိုင်ကတော့ မိဘအမွေ ရထားတာ ကုသိုလ်တစ်မျိုး ကောင်းတယ်ပဲ ထင်ရတော့တာပေါ့။ မိဘကျေးဇူး အထူးသဖြင့် ခိုင့်အဖို့ ကြီးလှပါတယ်။ မောင်လေးလည်း ဆုံးသွားတော့ ခိုင်တစ်ယောက်တည်း အကုန်ရတော့ အဲဒါပဲ စိတ်ဆင်းရဲရတယ်။ ခိုင် ပိုက်ဆံချမ်းသာဖို့ သေပေးကြသလိုပဲ။ အို. . . စိုး . . .တကယ်တော့ ခိုင်ဟာ မုန်းစရာမကောင်းဘူးလား" လို့ ဆိုရင်း ချက်ချင်း ပူလောင်ငိုယိုမိပြန်၏။

mgyoe.com

mgyoe.com

" ခိုင် ဒီလိုတွေးမိတတ်မယ်ဆိုတာ မောင် နားလည်တာပေါ့ခိုင်" လို့ မောင်စိုးမင်းကပြောပြီး ခိုင့်လက်နှစ်ဖက်ကို ဆွဲယူပြီး သူ့နှုတ်ခမ်းများနှင့် ဖိကပ်နေပြန်သည်။

"သေသောသူကြာရင်မေ့ဆိုတာ လုံးလုံးကြီးတော့လည်းဖြစ်လည်း မဖြစ်နိုင်၊ သင့်လည်း မသင့်လျော်ပေမဲ့ အသက်ရှင်ကျန်ရစ်သူက လူ့ဘဝမှာ လုပ်စရာရှိတာ တတ်နိုင်သမျှ ဆက်လုပ်ရမယ်။ တစ်နေ့ စိတ်ပျော်ရွှင်ချမ်းသာခွင့် ရရမယ်ထင်တယ် ခိုင်ရယ်။ အပြင်းအထန် ပူဆွေးရတယ်ဆိုတာ ခြောက်လတစ်နှစ်ထက် မပိုသင့်ဘူး ဆိုကြတယ်။ ခိုင့်ဒေါ်ဒေါ်က စိတ်ပညာဆရာမပဲ။ သူနဲ့ မဆွေးနွေးဖူးဘူးလား။ မောင်နဲ့သူတို့နဲ့ ဒီအကြောင်းတွေ ခဏခဏပြောကြတယ်။ သူ့စာအုပ်တွေ သူက ပေးဖတ်တယ်"

"ဒါတွေ ပြောဖူးတာပေါ့၊ ခိုင့်မောင်လေး ဆုံးကတည်းက ခိုင်မကောင်းတော့တာ၊ မေမေဖေဖေတို့ ဆုံးပြန်တော့ ပိုဆိုးလာတယ်။ ဒေါ်ဒေါ်ကတော့ ခိုင် စိတ်ဝေဒနာရောဂါတစ်ခု သပ်သပ်ရှိတယ်လို့ ထင်တယ်တဲ့။ အမြဲ စိတ်ဆင်းရဲနေတာ၊ မျက်ရည်မဆည်နိုင် ငိုလိုက်ယိုလိုက် ခဏခဏဖြစ်တတ်တာ၊ အစားအသောက်ပျက်တာ၊ အိပ်မပျော်တာ စိတ်ရောဂါတစ်မျိုးတဲ့။ တချို့ရောဂါ ပြင်းထန်တဲ့လူနာတွေကို အမြဲသေချင်နေပြီး ကိုယ့်ကိုယ်ကိုယ်တောင် နည်းအမျိုးမျိုးနဲ့ သေကြောင်းကြံကြတယ်ဆိုတယ်။ ဆရာဝန်နဲ့အထူးသဖြင့် စိတ်ရောဂါကုတတ်တဲ့ ဆရာဝန်နဲ့ မပြတ်ကု၊ ဆေးသောက်နေရတယ် ပြောတယ်။ ခိုင်က ဒီလောက်တော့ မဆိုးပါဘူး။

"အို . . .ခိုင်နဲ့ ဒီလူနာတွေနဲ့ တခြားစီပဲ။ ခိုင် ကောလိပ်ရောက်ကတည်းက နေကောင်းနေတာမှတ်လား။ ဒေါ်ဒေါ် ပြောဖူးတာ အို . . .မပြောချင်ပါဘူး။ အလကား ခိုင် စိတ်ညစ်နေမယ်"ဟု သူက တစ်ဝက်တစ်ပျက်နှင့် ရပ်လိုက်၏။

" ခိုင် သိပါတယ်၊ အဲဒီလူနာတွေဆိုးလာရင် နားထဲမှာ စကားသံတွေ ကြားတယ်။ မကောင်းတဲ့အနံ့တွေရတယ်။ သေသွားတဲ့လူတွေကို မြင်တယ်။ ရောဂါဆိုးလာပြီး ဆေးရုံတင်ပြီး ကုရတယ်"

" ခိုင့်မှာ ဒီလောက်ဆိုးတဲ့ရောဂါ မရှိပါဘူး ခိုင်ရယ်"

" အဲဒီလောက်တော့ မဆိုးပါဘူး၊ ခိုင် သိပါတယ်။ ဒါပေမဲ့ အိပ်မက်မျိုးစုံတော့ မက်တတ်တယ်။ ပြောပြရဦးမယ်"

စိုးက ခိုင့်လက်များကို ကျပ်ကျပ်ဆုပ်ထွေးပြီး–

" ခိုင် မဆိုင်းနိုင်ဘူး၊ ချက်ချင်းပြောမှဖြစ်မယ် ဆိုရင်တော့ မောင် တစ်ညလုံးတောင် ထိုင်နားထောင်နိုင်ပါတယ်။ ဒါပေမဲ့ ဒီည နားဖို့မကောင်းဘူးလား။ အိပ်

mgyoe.com

mgyoe.com


ဖို့မကောင်းဘူးလား။ ပြီးတော့ ညစာလည်း အရင်စားကြဦးစို့လေ"ဟု ညင်ညင်သာသာ ပြောသည်။

"ဟုတ်သားပဲ၊ သူ ဆာနေပြီလား"

"အို. . . သိပ်ကိုဆာနေပြီ၊ ညော့်သည်က စိတ်ဆိုးပြီး အိမ်မပြန်ဘဲ နေလိုက်မှာ"

" စိုးက သိပ်ချစ်ဖို့ကောင်းတာပဲ" လို့ ပြောလိုက်မိပြန်၏။

"နည်းအမျိုးမျိုးနဲ့ တာဝန်ယူတတ်တယ်"

အမြဲနားစွင့်နေဟန်တူသော ကြီးကြီးက–

"ထမင်းဟင်း အသင့်ပြင်ပြီးသား အလုခိုင်ရေ၊ ဟင်းချိုပဲ နည်းနည်းနွေးလိုက်ဦးမယ်။ ပူပူသောက်ရအောင်"ဟု လှေကားခြေရင်းမှ လှမ်းပြောလေ၏။

သူတို့ စားသောက်နေဆဲ ဦးလေးဒေါ်ဒေါ်တို့ ပြန်လာကြ၏။ ခိုင် မူးဝေခြင်းဖြစ်လာပြန်သည်ကို စိတ်ပူကြ၏။ အထူးသဖြင့် ဒေါ်ဒေါ်သည် မျက်နှာအကြီးအကျယ် ပျက်နေ၏။

"မနက်ဖြန် ဆရာဝန်ဆီ သွားဦးမှထင်ပါရဲ့"ဟု ဆို၏။

"ဒါပေမဲ့ ဒီဒေါက်တာမောင်မောင်က ပြောနေကျအတိုင်းပြောဦးမှာပဲ။ သွေးအားနည်းတယ်၊ သံဓာတ်ပါတဲ့ ဆေးလုံးနဲ့ဗိုက်တာမင်တွေ သောက်ပါ ပြောဦးမှာပဲ"

ခိုင်က မချိပြုံးပြုံးပြီး အသံကိုတော့ မာတင်းလိုက်ပြီး–

"စိတ်ကျန်းမာရေးဆေးရုံက ဒေါက်တာဘားနတ်ကိုဖုန်းဆက်ပြီး သွားတွေ့ဖို့ ချိန်းရင် ကောင်းမယ်ထင်ပါရဲ့ ဒေါ်ဒေါ်" လို့ ပြောလေ၏။ ပြီးတော့ စားနေသည်ကို ရပ်လိုက်ပြီး ဟင်းချိုသာ သောက်နေ၏။ မျက်ရည်များကျလာပြီး ဟင်းချိုခွက်ထဲ ရောက်ကုန်၏။ ဦးလေး ဒေါ်ဒေါ်တို့က ခပ်လှမ်းလှမ်းညော့်ခန်းမှာမို့ မြင်ပုံမရကြ။ စိုးကသာ ခိုင့် ဟင်းချိုခွက်ကို ဖယ်လိုက်ပြီး လိမ္မော်ရည်ဖန်ခွက်ကို တိုးပေးလိုက်၏။ ပြီးတော့ သူ့ ရှပ်အင်္ကျီထဲမှ လက်ကိုင်ပဝါကို ခိုင့်လက်ထဲ အသာထည့်ပေးပြီး–

" ဦးနဲ့ဒေါ်ဒေါ် . . . ခိုင့်အတွက် ကျွန်တော် သိပ်စိတ်ပူတယ်၊ ဒီည ညော့်ခန်းထဲကဆိုဖာမှာ အိပ်ခွင့်ရရင်ကောင်းမယ်။ ဦးတို့ ခွင့်ပေးစေချင်ပါတယ်"ဟု လှည့်ပြောလေ၏။

ဒေါ်ဒေါ်က–

"ကောင်းတယ်၊ ဒေါ်ဒေါ်တို့လည်း စိတ်ပိုအေးရတာပေါ့။ ဒါပေမဲ့ ဆိုဖာပေါ် အိပ်စရာမလိုပါဘူး။ စာကြည့်ခန်းထဲမှာ အိပ်ရာခုတင် အသင့်ပဲ။ ခိုင့်အခန်းနဲ့ ကပ်နေတော့ ခိုင် နေမကောင်းရင် လှမ်းခေါ်နိုင်တာပေါ့"

mgyoe.com

mgyoe.com

ဦးလေးက–

"အေး . . .မင်းတို့မောင်နှမ ကောင်းတယ်ထင်တာသာ ကြည့်လုပ်ကြပေါ့။ နိုင်က သိပ်ခေါင်းမာတာ၊ ဦးလေးတို့အိမ်မှာ ဘယ်တော့မှ မအိပ်ဘူး။ သူ့အခန်းသူ အမြဲပြန်တာပဲ"

နိုင်က–

"မင်းတို့မောင်နှမတဲ့၊ ဟား . . . ဟား . . . မောင်နှမကို မြန်မြန်ပေးစားနေချင်ကြပြီ" ဟု တဲ့တိုးပြောပြီး ခြောက်ကပ်ကပ် ရယ်လေ၏။

ထိုညမှာ စိုးနှင့်နိုင်တို့ အခန်းချင်းကပ်ပြီး အိပ်ကြရ၏။ စိုး အိပ်ပျော်၊ မပျော်တော့ နိုင် မသိ။ နိုင် တစ်ညလုံး ကောင်းကောင်းအိပ်မပျော်။ စားပွဲပေါ်မှ နှိုးစက်နာရီရေဒီယိုကို ခပ်တိုးတိုးဖွင့်ထားပြီး သီချင်းနားထောင်ပြီးနေလိုက်၏။ စိုး သူ့အိပ်ရာက ထလာမယ်မဟုတ်ဆိုတာ နိုင် သိနားလည်၏။ သူက စည်းကမ်းရှိသူ ဖြစ်သည်။ နိုင်ကသာ အင်အားရှိမယ်ဆိုရင် သူမလာလည်း စိုးရဲ့အိပ်ရာကို ထသွားပြီး စိုးကို တစ်ဝကြီးဖက်ပြီး–

" နိုင် သူ့ကို ဘယ်လောက်ချစ်သလဲ သိလား" လို့စတင်မေးချင်သည်။ သို့သော် သည်အင်အား နိုင့်မှာမရှိ။ သည်လောက် အားလုံးဖြောင့်ဖြူးနေသည့် စိုးနဲ့ နိုင်တို့ရဲ့အချစ်ဇာတ်လမ်းမှာ သည်လောက် အနှောင့်အယှက်ဖြစ်ပေါ်နေတာ ဝမ်းနည်းဖို့မကောင်းဘူးလား။ တကယ်တော့ နိုင် စိတ်မနှံ့တာသာ ဖြစ်ရမယ်ဟု တွေး၏။ တောင်ဘက်အိပ်ခန်းများ၊ မိဘများနှင့်မောင်လေးတို့ အိပ်ခန်းများကို မြင်ယောင်လာ၏။ ကြီးကြီးနှင့် ဘဘသာ သုတ်သင်ရှင်းလင်းဖို့ဝင်သောအိပ်ခန်းများ။ နိုင် အဲသည်ဘက်မရောက်တာ ကြာပြီ။ တကယ်တော့ ဘာကြောင့်များ ဒီလောက် ခေါင်းမာမိုက်မဲပြီး သည်အိမ်ဟောင်း၊ အိပ်ခန်းဟောင်းမှာ နေထိုင်အိပ်စက်နေခဲ့ပါလိမ့်။ ဘာကြောင့် သည်အိမ်ကို ပြန်လာနေပါလိမ့်။ စိုး တစ်ဖက်ခန်းမှာ အိပ်နေလည်း၊ သူ့ကို ပြောမပြတတ် မဖွဲ့နွဲ့တတ်အောင်ချစ်လည်း သူ့ဆီမသွားနိုင်။ သူနဲ့ တကယ်တမ်းရင်ဆိုင်တွေ့နီးစပ်ပြီဆိုရင် မူးဝေလဲကျရသည့်ရောဂါကို ဒီအိမ်မှာထားခဲ့ပြီး စိုးကိုခေါ်ပြီး ထွက်သွားရင် မကောင်းပေဘူးလား။

တောင်ဘက်အိပ်ခန်းများမှာ ဟာလာဟင်းလင်းသာဖြစ်ပြီး မိဘနဲ့မောင်လေးတို့ ခုထိရှိကြသေးသည်ဆိုရင် သူတို့ရဲ့ တစ္ဆေများသာ ဖြစ်လိမ့်မည်လို့ ပထမဆုံး အကြိမ် ရက်ရက်စက်စက် တွေးတော၏။ ဟုတ်တယ်၊ ငရဲကျလည်း ကျပစေတော့။ တစ္ဆေလို့ပဲ ခေါ်ပါရစေတော့။ ဒီတစ္ဆေများကို နိုင့်ဘဝထဲက တွန်းနှင်ပစ်မှ ဖြစ်တော့မည်။

ထိုခဏမှာ ခေါင်းထဲမှာ နာကျင်ပြီး ဦးနှောက်အစား လေအတိပြည့်နေသလို
mgyoe.com

mgyoe.com


ခံစားရ၏။ ကြောက်လန့်လာပြီး အော်ဟစ်လိုက်ချင်၏။ စိုးကို ခေါ်လိုက်ရင် ချက်ချင်း ရောက်လာမှာပဲ။ သူ့ကို ခိုင် သည်လောက်အဖြစ်ဆိုးနေတာ မသိစေချင်။ သူ့ကို ဒုက္ခပေးရတာလည်း သနားတယ်။ တစ်ယောက်တည်း ခုခံချင်တယ်။ ဘယ်သူ့ကိုမှ အားကိုးလို့မဖြစ်။ လွှဲချလို့မရ။ ခိုင့်ပြဿနာကို ခိုင်သာရှင်းလို့ရနိုင်မည်။ အံကြိတ်ပြီး တစ်ခုခုလုပ်ရမည်။

တစ်ချက်တစ်ချက် ခိုင် အိပ်ပျော်သွားသလား။ သတိလစ်သွားသလား မသိ။ အပြင်းဖျားသလိုပဲ ဂနာမငြိမ် လူးလိမ့်နေရ၏။ ရင်ထဲမှာ ကျပ်ညပ်နေပြီး အသက်ဝအောင် မရှုနိုင်။ မေမေ့လိုပဲများ နှလုံးရောဂါချက်ချင်းဖြစ်ပြီး အသက်ပျောက်သွားမလားတောင် ပူပင်မိ၏။ သေရမှာ မကြောက်လှပါဘူး။ စိုး ပူဆွေးကျန်ရစ်မှာပဲ စိုးရိမ်လှပါသည်။

ရေဒီယိုမှ သီချင်းသံနှင့်ကြားဖြတ်ပြောသော သတင်းကြေညာသံကို အာရုံစိုက်နားထောင်လို့လည်းမရ။

စိုးကို လှမ်းခေါ်ပြီး သူ့ရင်ခွင်မှာ ခေါင်းဝင်ပြီး ငိုလိုက်ရကောင်းမလား။ သက်တော့ သက်သာမှာပဲ။ ရောဂါပျောက်မယ်မဟုတ်။ ရောဂါ တမျှင်းမျှင်းနဲ့ နာတာရှည်တောင် ပိုဖြစ်သွားဦးမှာ။

အိပ်မက် တစ်ပိုင်းတစ်စများ ကယောင်ချောက်ချား မက်လေ၏။ အိပ်မက်များထဲမှာ အမြဲထပ်တလဲလဲ မက်တတ်သော အိပ်မက်တစ်ခု ထုံးစံအတိုင်း ပေါ်လာလေ၏။ ထိုအိပ်မက်ထဲမှာ ခိုင်သည် အလွန်တရာမှ အားငယ်ကြောက်လန့်နေ၏။ အမြဲတမ်း တစ်ယောက်တည်းပဲ။ သို့သော် ခိုင့်ကို ကလေးများ၊ မိန်းမရွယ်ရွယ်နှင့်ယောကျ်ားကြီးများ မလှမ်းမကမ်းမှ ဝိုင်းရံနေကြ၏။ သူတို့ကို ခိုင်ရောက်နေသော အိမ်လိုလို အဆောက်အအုံများရဲ့နံရံအထက်ထုပ်တန်းကြားထဲမှာ အိမ်ဖွဲ့နေကြ၏။ ပြီးတော့ ခိုင့်ကို ဝိုင်းကြည့်ပြီး စကားတွေ ပြောနေကြသည်ကို ခိုင် တစ်လုံးမှ နားမလည်။ ခိုင် အလိုလိုသိနေသည်မှာ ထိုလူပေါင်းများစွာသည် လူတွေနဲ့တူသော်လည်း လူတွေမဟုတ်။ သေဆုံးသွားပြီးသောသူများ ဖြစ်၏။ ဒါကြောင့် သူတို့စကားကို ခိုင် နား မလည်နိုင်။ တီးတိုးသံများလည်း ဖြစ်သည်။

ထိုအိပ်မက်သည် ဘုရားတန်ဆောင်းများမှ ရုပ်လုံးဖော်ထားသော နံရံအထက်ပိုင်းမှ ပန်းပုရုပ်များကို ကြည့်မြင်နေရသလို ခိုင့်ကို ဝိုင်းရံအုပ်ဆိုင်းနေ၏။ ဘယ်လောက်ကြာမှန်းလည်း မသိ။ တစ်စက္ကန့်တည်းပဲလား။ တစ်ကမ္ဘာမျှ ကြာရှည်လေသမား။ ခိုင် ရူးသွပ်သွားတော့မည်လား။ အိပ်မက်သည် အလွန်တိတ်ဆိတ်နေ၏။ စကားပြောနေလည်း ခိုင် မကြားရတော့။ တီးတိုးသံများကို နားမလည်နိုင်သော

mgyoe.com

mgyoe.com


ထိုသေသွားသူများထဲမှ မေမေ၊ ဖေဖေနှင့် မောင်လေးကိုတော့ မတွေ့။

ဘယ်တွေ့မှာလဲ။ သူတို့ တောင်ဘက်အိပ်ခန်းထဲမှာ ရှိနေသည်ပဲ။ မေမေနှင့် ဖေဖေတို့ ခါတိုင်းလိုပင် စကားပြောနေကြ၏။ သူတို့ပြောလေ့ရှိသည်မှာ ဘုန်းကြီးကျောင်းကို ဝါဝင်ဝါထွက် လှူဒါန်းဖို့၊ သင်္ကန်းဝယ်ဖို့၊ ဆန်အိတ်ဝယ်ဖို့၊ ငါးပိငါးခြောက်၊ ပုစွန်ခြောက်များဝယ်ဖို့၊ ခိုင်နှင့်မောင်လေးဖို့ အဝတ်အစား၊ ဖိနပ်သစ်များဝယ်ဖို့၊ မောင်လေးရှင်ပြုလျှင် ခိုင် နားဖောက်ဖို့။

"သားလေးက ငယ်သေးတယ်၊ ခုနေရှင်ပြုရင် ညည ထမင်းသိပ်ဆာမှာ"ဟု မေမေက ပူပင်၏။

"ကြံရည်သောက်လို့ရတယ် ပြောတယ်"ဟု ဖေဖေက ပြော၏။

"ကြံရည်နဲ့ ဘယ်ဝမှာလဲ"

"သာသားက သကြားလုံးစားမှာပေါ့"လို့ မောင်လေးက ပြော၏။

မောင်လေးက မိဘများအိပ်ခန်းကို ကူးပြီး သူတို့အိပ်ရာထဲ ဝင်အိပ်တတ်၏။ ခိုင် တစ်ရေးနိုးလျှင် သူတို့ စကားတွေ ပြောနေကြသံ ကြားရတတ်၏။ မိဘများက အသက်ကြီးတော့ သိပ်ကြာကြာမအိပ်ကြ။ မောင်လေး အိပ်ပျော်သွားလျှင်လည်း "သိပ်လေးတာ၊ မချီနိုင်ဘူး"ဟုဆိုကာ (၉)နှစ်သားကို သူတို့နှစ်ယောက်ကြားမှာ အိပ်မြဲအိပ်စေတတ်၏။ မနက်ကျလျှင် ခိုင်က "အူဝဲလေး. . .ညက ဘယ်မှာအိပ်လဲ" ဟု ပြောင်လေ့ရှိသည်။ မောင်လေးက စိတ်ဆိုးလျှင် ခိုင် မုန့်ဝယ်ခိုင်းတာ မဝယ်ပေးဘဲ နေတတ်၏။ ခိုင်က "အေး . . .အေး . . .နောက်တစ်ခါ မစတော့ပါဘူး"ဟု တောင်းပန်ရတတ်သည်။

ကျန်တစ်ညလုံး ခိုင် ကောင်းကောင်း အိပ်မပျော်ဘဲ မေမေ၊ဖေဖေနှင့် မောင်လေးတို့ စကားတွေပြောနေသံပဲ ကြားနေရ၏။ အိပ်မက်မှ နိုးထွက်လာလည်း ကြားနေဆဲ ပဲရှိ၏။ အိပ်ချင်မူးတူးဖြစ်လို့လား၊ ခေါင်းမူးဝေနေလို့လားမသိ။ နိုးပါလျက် သူတို့ စကားသံတွေ စင်စစ်ကြားနေတယ်လို့လည်း ရဲရဲမပြောဝံ့။ အနည်းငယ် အုံ့ဩတွေဝေ နေခဲ့လေသည်။

မနက်မိုးလင်းလျှင် ထို စနေ၊ တနင်္ဂနွေမှာ ခိုင် အိမ်မှာပဲ နားနေဖို့ အားလုံး သဘောတူဆုံးဖြတ်ကြ၏။ စိုးက အဘွားဆီ ပြန်သွားပြီး နေ့ချင်းပင် မြန်မြန်ပြန်လာလေ၏။ ဘွားဘွား ထုတ်ပေးလိုက်သော ကျောက်ကျော ဆနွင်းမကင်းမုန့်များလည်း ယူလာလေ၏။ စနေနေ့ ညနေပိုင်းမှာ ခိုင်သည် သူ့အိပ်မက်များအကြောင်းကို စတင်ပြောပြသည်။ ညက မေမေ၊ ဖေဖေနှင့်မောင်လေးတို့ကို အိပ်မက်တာက စသည်။

mgyoe.com

mgyoe.com


"ခိုင်လေ သူတို့နဲ့ အိပ်မက်ထဲ သိပ်တွေ့ချင်တာပဲ၊ အထူးသဖြင့် မေမေနဲ့ ဖေဖေပေါ့။ ဘယ်တော့မှ မျက်နှာချင်းဆိုင် မတွေ့ရဘူး။ အဲဒီလိုပဲ သူတို့ စကားပြောသံသာ ကြားရတာပဲ။ ညကတော့ အိပ်ပျော်ရာက ခဏခဏနိုးလာတုန်း လည်း သူတို့အသံတွေ တကယ်ကြားနေရတယ် ထင်တာပဲ"

မောင်စိုးမင်းက အပြုံးမပျက်ဘဲ–

"အိပ်ပျော်ခါနီးနဲ့ အိပ်ရာကနိုးလာစမှာ အာရုံခြောက်ပါးလုံးဟာ မတည်မငြိမ် မမှန်မကန် ဖြစ်နေတတ်တယ်တဲ့ ခိုင်ရဲ့။ အာရုံကြောတွေကို ဖုံးထားတဲ့အရေပြား အရွယ်မရောက်သေးတဲ့လက္ခဏာပဲတဲ့။ လူတိုင်း ဒီလိုဖြစ်တတ်တယ်။ ကလေးတွေမှာ ပိုဆိုးတာပေါ့။ အာရုံကြောများအားဖြင့် တိုင်းထွာရရင် လူတိုင်း အသက် (၂၅)နှစ် ကျော်မှ တကယ်လူကြီးဖြစ်တယ်လို့ ဆိုတယ်"

" စိုးက သိပ်သိနေပါလား"လို့ အံ့သြလိုက်လျှင်–

" ခိုင် သိသားပဲ၊ ခိုင့်ဒေါ်ဒေါ်နဲ့ ဒါတွေ အစုံပြောဖူးတာ။ ပြီးတော့ မောင့် ဘကြီးတစ်ယောက်က အာရုံကြောရောဂါကု ဆရာဝန်ပဲ။ မောင် ငယ်ငယ်ကလေးက နိုင်ငံခြားမှာကနေဒါမှာဆိုလား၊ စာသင်သွားရင်း ဆုံးသွားတယ်တဲ့။ သူ့ စာအုပ်တွေ အိမ်မှာ တစ်ပုံကြီးပဲ၊ ဘွားဘွား သိမ်းထားခဲ့တာတွေ။ သူက စိတ်ပညာ ရောဂါကိုလည်း လေ့လာတယ်။ သူ့လူနာတချို့ကို ကိုယ်တိုင်တောင် ကုပေးတယ်ဆို တာပဲ။ သူ့စာအုပ်တွေတောင် ငယ်ငယ်ကတည်းက အားတိုင်းဖတ်နေတာ။ တကယ် တော့ ဘွားဘွားက မောင့်ကို ဆရာဝန်လိုင်း သိပ်လိုက်စေချင်တာ။ ဆေးပညာကို ဖတ်ပါများတော့ တော်တော်လည်း နားလည်နေတာ၊ မောင်က ဝါသနာမပါလို့"

" စိုး ဆရာဝန်လိုင်းလိုက်ရင် ကောင်းမှာ၊ ခိုင့်ကို ကုပေးစေချင်လို့"

"တကယ်လား"ဟု စိုးကမေး၏။

"ဆရာဝန်လိုင်းလိုက်ရင် စာ သိပ်ကျက်ရတယ်။ ကျောင်းမပြီးသေးခင် ကတည်းက ဆေးရုံဆင်းနေရတယ်။ ကျောင်းနေရတဲ့အချိန်တွေကလည်း အရှည် ကြီး။ မှန်မှန် စာမေးပွဲအောင်ရင်တောင် ခုနစ်နှစ်။ ဆေးရုံမှာ အလုပ်သင်ရတာ တစ်နှစ်။ ခိုင်နဲ့ ခုနစ်နှစ်၊ ရှစ်နှစ်ကြီးခွဲပြီး မနေနိုင်ပါဘူး။ ခုတောင် ကျောင်းထွက်ပြီး အလုပ် မြန်မြန်လုပ်ချင်လှပြီ"

ခိုင်က ငြိမ်သက်ပြီး တွေးနေ၏။ သူကတော့ ဘာမှ မသိဘူး။ ခိုင့်အဖို့ ဒီနေ့အတွက်သာ အသက်ရှင်နေပြီး မနက်ဖြန် ဘာဖြစ်မယ်၊ ဘာလုပ်ရမယ်ဆိုတာ စီစဉ်လို့မရ။ ခိုင့်ဘဝဟာ မုန်တိုင်းကြမ်းတဲ့ ပင်လယ်မှာ တက်မရှိတဲ့ လှေလိုပဲ။ ဟား . . .ဟား . . .ဒီဥပမာက ရိုးတယ်ဟု စိတ်တွင်းမှ ရယ်လိုက်၏။ အတောင်

mgyoe.com

mgyoe.com


တစ်ဖက် ကျိုးသွားတဲ့ငှက်ကလေး သဲကန္တာရထဲ မိုးလေမိပြီး နားစရာသစ်ပင်ရှာ မတွေ့သလိုဘဲ။ အဲဒါက ပို ကဗျာဆန်တယ်။

"ခိုင် စိတ်ကူးသစ်ရပြီး ဒီနေရာက ခဏတစ်ဖြုတ် ထွက်သွားသလိုပဲ။ မောင် သတိထားမိတယ်"

"သူက လူလည်လေးပေါ့၊ မောင်လေးလိုပေါ့"

စိုးက စိတ်ညစ်သွားပြီး–

"အဲဒီမောင်လေးနဲ့ မနှိုင်းပါနဲ့လား ခိုင်ရယ်" လို့သာ ပြောလေ၏။

ခိုင်က ဘာမှမပြောဘဲ သူ့အိပ်မက်များအကြောင်းသာ ဆက်လက်ပြောခဲ့၏။

"အိပ်မက်တစ်ခု ခဏခဏ မက်တတ်တာကလည်း ခိုင်က ဘုရားပွဲမှာ လိုလို၊ ဘုန်းကြီးဆွမ်းကျွေးမှာလိုလို ကောင်းကောင်းမွန်မွန် ဝတ်ထားပေမဲ့ ထွက်လာတော့ ဖိနပ်မရှိဘူး။ ဖိနပ်မပါဘဲ လူတွေကြားမှာ လမ်းလျှောက်ရတာလောက် ခိုင့်အဖို့ ရှက်စရာကောင်းတာ မရှိဘူး။ အိပ်မက်ထဲမှာ သေသာသေချင်တာပဲ။ အိတ်ထဲမှာတော့ ပိုက်ဆံ လက်ထဲရှိနေတော့ ဖိနပ်ဆိုင်လိုက်ရှာပြီး ချက်ချင်းဝယ်ရတယ်။ တစ်ခါတစ်ခါလည်း ဝယ်လို့မရဘူး။ တစ်ခါတစ်ခါလည်း ဝယ်လို့ရတယ်။ ရပေမဲ့ ဖိနပ်တွေ ဘယ်ရောက်သွားမှန်းမသိ။ ခြေထောက်မှာ အဖုံးအအုပ်မရှိ ဗလာကျင်းနေပြန်ရော။ ဖိနပ်မစီးဘဲ လမ်းလျှောက်နေရပြန်ရော"

"တစ်ခါ ခိုင်ပြောဖူးတဲ့ ရေချိုးခန်းအိပ်မက်လောက်တော့ မဆိုးပါဘူး"ဟု မောင်စိုးမင်းက တမင် ခပ်ပေါ့ပေါ့ပြောသည်။ ပြီးတော့ အနည်းငယ်ရယ်ပြီး–

"နောက်တစ်ခါ အဲဒီအိပ်မက်မက်ရင် ဝတ်ကောင်းစားလှတွေကို ချွတ်ပစ်လိုက်၊ ဘီကီနီလေးပဲဝတ်ထား၊ ပြီးတော့ ပင်လယ်ကမ်းစပ်ကို ဖန်ဆင်းလိုက်၊ ကျွန်တော် အိပ်မက်ထဲဝင်လာပြီး ခိုင်နဲ့ သဲပြင်မှာ လျှောက်ပြေးနေ၊ ရေထဲဆင်းပြီး ကူးနေရင် ဘယ်လောက်ပျော်စရာကောင်းမလဲ"

"ဟုတ်တယ်" ခိုင်သည် စိတ်ပေါ့ပါးကြည်လင်လာပြန်၏။

"သူ အိပ်မက်ထဲဝင်လာနိုင်ရင် ကောင်းမှာ၊ ဒါပေမဲ့ မဖြစ်နိုင်တာတွေ ပြောနေတာ။ ခိုင်တို့နှစ်ယောက် ကလေးတွေကျနေတာပဲ"

"အိပ်မက်ဆိုတာ စိတ်တမ်းတ လိုချင်တာကို အလိုပြည့်အောင် ကြိုးစားတဲ့ သဘော အများကြီးပါတယ်တဲ့ ခိုင်ရဲ့"

"အို . . .ဒါဖြစ်ရင် ခိုင် ကြိုးစားမှာပေါ့" လို့ လှစ်ခနဲပြောလိုက်မိပြီး–

"ဒါပေမဲ့ မလိုချင်တာတွေ အိပ်မက်ထဲဖြစ်နေတာ ဘယ်လိုဖျောက်ရမလဲ"

"အဲဒါတွေက စိတ်ပူပန်ကြောင့်ကြနေတာတွေက အရင်းခံတယ်ဆိုတာပဲ။

mgyoe.com

mgyoe.com


အဲဒါက ဖရိုက်ရဲ့ယူဆချက်တွေပေါ့။ ခိုင့်ဒေါ်ဒေါ်ကတော့ ဖရိုက်ရဲ့နောက်လိုက် တစ်ခါက ဖြစ်ဖူးပေမဲ့ အခု တချို့ပဲရွေးချယ်ပြီး လက်ခံနိုင်တော့တယ် ပြောတာပဲ"

"စိုးကကော"

"မောင်က ခုမှ ဒီစာတွေဖတ်တုန်း ရှိသေးတယ်။ ခိုင့်ဒေါ်ဒေါ်လို သင်ယူခဲ့ရ၊ လက်တွေ့စမ်းသပ်ခဲ့ရတာမှ မဟုတ်တာ။ သိပ်အထင်ကြီးမနေနဲ့ဦး။ ဒါပေမဲ့ တစ်ခုတော့ တတ်နိုင်တယ်"

"ဘယ်လိုတစ်ခုလဲ ဟင်" လို့ သိချင်ပြန်လျှင်–

"ခိုင့်ကို မောင့်လက်မောင်း ခေါင်းအုံးအိပ်ခိုင်းဖို့၊ ခိုင့်ကျောကလေးတွေ ခွေဝိုင်းပြီး ရင်ခွင်ထဲထည့်ထားပြီး အိပ်ခိုင်းဖို့၊ ခိုင့်လက်တွေအေးနေရင် ဆုပ်ထားပြီး နွေးနွေးနဲ့အိပ်ခိုင်းဖို့၊ အဲဒီလိုဆိုရင် ခိုင့်ကို မောင် အမြဲစောင့်ရှောက်ကာကွယ်နေမှန်း သိရင် ဘယ်စိတ်ညစ်စရာအိပ်မက်တွေ မက်တော့မှာလဲ ခိုင်ရဲ့။ စိတ်အေးလက်အေးနဲ့ နှစ်နှစ်ခြိုက်ခြိုက် ညတိုင်း အိပ်ပျော်နေတော့မှာပေါ့"

"အဲဒီလို အိပ်ပျော်ရရင် သိပ်ကောင်းမှာပဲ၊ ခဏခဏ မနိုးဘဲ အိပ်ပျော်ရရင် ပြောတာ"လို့ တမ်းတမိ၏။

"မောင်ကတော့ ခိုင် လက်ခံနိုင်ရင် ရုံးမှာ သွားလက်ထပ်လိုက်မှာပဲ။ ဦးလေးတို့ စိတ်ဆိုးလည်း ခဏပေါ့။ အဘွားကတော့ မောင် ဘာလုပ်လုပ် ကျေနပ်တာပဲ။ ဒီအိမ်မှာလည်း ခိုင်ဆက်နေဖို့မကောင်းပါဘူး။ အဘွားအိမ်ကလေးက သေးသေးပဲ။ မောင်နဲ့ ပထမတော့ လိုက်နေပေါ့။ မကောင်းဘူးလား ခိုင်"

ခိုင်က တိတ်ဆိတ်နေဆဲ မောင်းစိုးမင်းက စကားအသစ်ပြောင်းလိုက်၏။

"မောင် အခု ဂျပန်ဓာတ်ပုံဆိုင်က ဂျပန်ကြီးနဲ့ အတော်မိတ်ဖြစ်နေတယ်။ သူက ဂျပန်ပြည်သွားမလားလို့ မေးတယ်"

"သူက အလုပ်ပေးမှာလား"

(၆)လလောက် ပညာသင်ဖို့ထင်ပါရဲ့။ ပြီးတော့ သူ့ကုမ္ပဏီမှာ အလုပ်တောင်းရင် ရမှာပဲ"

"စိုးက ဘာပြောလဲ"

"ခိုင်နဲ့ မခွဲချင်တော့ စဉ်းစားဦးမယ်ပဲ ပြောထားတယ်။ ခိုင့်ကို ခေါ်သွားဖို့ မောင် ဘာမှမ မတတ်နိုင်တာ"

"ခိုင်ကလည်း လင်မယူချင်သေးပါဘူး"ဟု ငေးမောနေမိ၏။ တကယ်တော့ စိုးနဲ့တစ်ခါတည်း လိုက်သွားပြီး ဘဝသစ်စရရင်ကောင်းမှာ။ အဲဒါ ဖြစ်နိုင်ပါ့မလား။ သူက ငယ်ငယ်လေး၊ ပညာလည်းတစ်ဝက်တစ်ပျက်။ သူ့အပေါ် တရားပါ့မလား။

mgyoe.com

mgyoe.com


ခိုင်ကလည်း အလုပ်တွေဘာတွေ လုပ်တတ်ပါ့မလား။ ဦးလေးတို့ အုပ်ထိန်းတာက လည်း မလွတ်သေး။ ငွေဖြစ်အောင် လက်ဝတ်လက်စားရောင်းစားလိုက်ရင်တော့ ရမယ်။ ဒါပေမဲ့ အရေးကြီးဆုံးက ဘယ်လို သူနဲ့ လင်မယားလို ရင်းနှီးလို့ရပါ့မလဲ ဆိုတာပဲ။

ယခု ခိုင် ရိပ်မိနေသည်မှာ မောင်စိုးမင်းနှင့် ပွေ့နမ်းသာယာလာပြီဆိုလျှင် ခိုင် မူးဝေခေါင်းနောက်လာပြီး၊ မျက်ရည်မဆည်နိုင်ဖြစ်လာပြီး၊ ရင်ထဲ ထိခိုက်လှိုက်လှဲလာပြီး ရှေ့မတိုးနိုင်ဖြစ်သည်ဆိုခြင်းပေတည်း။ အတော်ကြာမျှ ပျောက်ကွယ်နေသောထိုရောဂါသည် မောင်စိုးမင်းနှင့်ခင်မင်သည်နှင့်တစ်ပြိုင်နက် ပြန်လည်နှောင့်ယှက်လာခဲ့သည်။ ဒေါ်ဒေါ်နှင့်တိုင်ပင်ပြီး ဒေါက်တာဘားနတ်နှင့်တွေ့ရကောင်းမည်လား။

ညက တစ်ဖက်ခန်းက မေမေ၊ ဖေဖေနှင့် မောင်လေးတို့ စကားပြောသံတွေ တကယ်ကြားခဲ့တာ ပြောပြလိုက်ရင်တော့ ဆေးသောက်ခိုင်းကြတော့မှာပဲ။ ခိုင် စိတ်မနှံ့ဖြစ်ပြီလို့ ထင်ကြတော့မှာပဲ။

ထိုခဏ၌ ဘယ်ချောင်ကြိုချောင်ကြားက ထွက်လာမှန်းမသိ။ အင်အားတစ်ရပ်သည် များစွာ မကြီးမားလှသော်လည်း ခိုင့်၌ နိုးကြားလာခဲ့၏။ ဘဝမှ မလွတ်ထွက်အောင် ရုန်းကန်ရှင်သန်နေသော ဇာတိစိတ်လို့ ခေါ်ရမည်လား။ ခိုင်သည် ရေနစ်ရာက ရေအားကိုပင် ခြေဖြင့်ထောက်ကာ ကိုယ်ဖော့၍ခုန်သလို ရေပြင်ပေါ်မှ လေထုသို့ရောက်အောင် ရေမှ တိုးထွက်သလို ကိုယ့်ကိုယ်ကိုယ်မ၍ တင်လိုက်ချင်၏။ အသက်ပြင်းပြင်းရှူလိုက်၏။ ခေါင်းကိုမတ်လိုက်၏။ ဆို့နင့်သော်လည်း မငိုလိုတော့။ ခိုင် စိတ်မနှံ့တာမဟုတ်ဘူး။ ပြီးတော့ ငယ်ရွယ်သလောက် ခိုင် တကယ်တော့ အားကိုးနိုင်မည်ဖြစ်သော မောင်စိုးမင်းကို အောင်မြင်ခွင့် ပေးရလိမ့်မည်။ သူချစ်တတ်သလို ခိုင်ကလည်း ချစ်တတ်ရလိမ့်မည်။ ခိုင် တစ်ခုခု လုပ်ရမည်။

"ဒီလိုလုပ်လေ စိုး" လို့ စတင်လိုက်၏။

"ခိုင်တို့ ကလေးတွေမမွေးတတ်တာ၊ သည်းခံတတ်ရမှာပေါ့။ ချုပ်တည်းတတ်ရမှာပေါ့။ ခေါင်းအေးအေးနဲ့ စိစဉ်စရာ စိစဉ်ရမှာပေါ့"

"ဆိုပါဦး ခိုင်လေးရယ်"လို့ မောင်စိုးမင်းက ပိုပြီး လူကြီးသံပေါက်လာပြီး သူ့ဘာသာလည်း ရယ်နေလေ၏။

"ငယ်ငယ်ရွယ်ရွယ်နဲ့ အိမ်ထောင်ကျတာ ခိုင်မကြိုက်ဘူး။ စိုးလည်း မကြိုက်ပါဘူး။ ခိုင်တို့(၂)ယောက် အသက် (၂၀)အောက်ရှိသေးတယ်။ ခိုင် သိပါတယ်။ စိုး ပူပင်နေရတာ စင်စစ်တော့ ခိုင့်ကြောင့်ပဲ။ ခိုင်သာ လူကျန်းမာ စိတ်ကျန်းမာနေနိုင်ရင် စိုးနဲ့ခိုင်နဲ့ ကျောင်းပြီးအောင် ဆက်တက်ကြ၊ ပြီးတော့ အလုပ်ရှာပြီးလုပ်"

mgyoe.com

mgyoe.com


ခိုင်က ရှေ့မဆက်တတ်၊ မဆက်နိုင် ဖြစ်နေဆဲ–

"မောင်တို့လက်ထပ်၊ သားလေးတစ်ယောက်၊ သမီးလေးတစ်ယောက်..."

ခိုင်သည် မမူးဝေဘူး၊ သတိမလစ်ဘူးဟု အားတင်းထား၏။ ဟုတ်တယ်၊ လက်ထပ်ပြီး သူနဲ့အိပ်ရာထဲ အိပ်၊ သို့သော် ခိုင်သည် မူးဝေစပြုလာပြန်၏။ မောင်လေးရဲ့အသံပင် ကြားလိုက်၏။ ဟော့ . . .မမခိုင်၊ ရေချိုးရအောင်၊ ရေချိုးရအောင်။ မောင်လေးရဲ့အသံသည် အလွန်ပီပြင်ပြီး သူ့အိပ်ခန်းထဲက လာသလိုလို၊ ရေချိုးခန်းထဲကလာသလိုလို၊ မေမေ့အသံများ ကြားမလားလို့ နားထောင်၏။ မကြားရ။

ခိုင်က အကြီးပဲ။ ခိုင့်ရဲ့အပြစ်ပဲ။

ခိုင်သည် ရေနစ်လျှင် ကြိုးစားပြီးသာ ခုန်နေ၊ မလန့်နဲ့။ တဖြည်းဖြည်းနဲ့ ခြေဖျားထောက်မိတဲ့ ရေတိမ်ရာကို ရောက်လိမ့်မယ်။ ကမ်းကို ရောက်လိမ့်မယ်ဟု သတိပေးနေ၏။ အဲဒါကို စာအုပ်တစ်အုပ်မှာ ဖတ်ဖူးတယ်။ ကြိုးစားပြီးသာ လေထုရှိရာက ရေပြင်ပေါ်ကို ကိုယ်ဖော့ပြီး ခုန်။ ရေမမျိုချနဲ့။ ပါးစပ်ပိတ်ထား။ ရေမဝင်စေနဲ့။

"ခိုင် နေကောင်းရဲ့လား" လို့ စိုးကမေးသံကို ကြား၏။ မျက်လုံးကို ကြိုးစားဖွင့်တော့ စိုးရဲ့စိုးရိမ်ပူပင်သော မျက်နှာကို မြင်ရ၏။ ဘယ်လောက်ချစ်ဖို့၊ ငဲ့ညှာဖို့၊ စောင့်ရှောက်ဖို့ကောင်းတဲ့ စိုးပါလိမ့်။ ခိုင်က အသက်ပိုကြီးတာ ခိုင်ကလည်း သူကောင်းစားဖို့ စဉ်းစားရမယ်။

"ကောင်းပါတယ်"လို့ အသံမတုန်ရီ၊ မချည့်နဲ့ဘဲ ပြောလိုက်နိုင်၏။

စိုးက–

"ခိုင် အိမ်ပေါ်တက်ပြီး အိပ်ရာထဲ လှဲနေချင်လား၊ မောင်ပွေ့ချီ တင်ပေးရဦးမလား"

"ဟင့်အင်း . . . ဆိုဖာပေါ်မှာပဲ ခဏလှဲဦးမယ်။ ခိုင့်ဖို့ လိမ္မော်ရည်တစ်ခွက် သွားယူပေးပါ"

မောင်စိုးမင်း ထမင်းစားခန်းသို့သွားတုန်း ခိုင်သည် ဆိုဖာရှည်ပေါ်လှဲပြီး အသက်ဝဝ မှန်မှန်ရှူနေ၏။ သည်တစ်ခါ သတိလစ်ခြင်းမရှိသည်ကို ဝမ်းသာနေ၏။ ပြီးတော့ လက်ကိုင်ပဝါမှာ ခပ်များများဆွတ်ထားသော ဂျာမန်အိုဒီကလုံးနံ့ကို ရှူသွင်းပြီး ခေါင်းကြည်လင်လာသည်ကို ဝမ်းသာနေပြန်၏။

စိုးပြန်လာလျှင်တော့ ခိုင်သည် အခြေမပျက် ပြန်ထိုင်ပြီးပင် စောင့်နေနိုင်သည်။ မောင်စိုးမင်းက ခိုင့်ဘေးနား ပူးကပ်ထိုင်ပြီး ခိုင့်ပခုံးကို ဖက်ချင်ဟန်ပြုပြန်တော့ ခိုင်က–

"စောစောက ခိုင် ဘာပြောထားလဲ"ဟု သတိပေးလိုက်သည်။

စိုးက သူ့နေရာသူ ပြန်သွားပြီး–

mgyoe.com

mgyoe.com


"ခိုင့်ကို မချစ်ရရင် ရူးများ ရူးသွားမလား မသိပါဘူး၊ ဟား. . .ဟား . . ." ဟု ဆိုလေ၏။

မိုးတော်တော်ချုပ်လျှင် မောင်စိုးမင်းကို အိမ်ပြန်ခိုင်းရ၏။ တနင်္ဂနွေနေ့မှာ ခိုင်တစ်ယောက်တည်း စဉ်းစားချင်သည်။ ဘွားဘွားကို ငဲ့ဦး၊ ဘွားဘွားနဲ့ တစ်နေ့နေပါဦးလို့လည်း စိမ်လိုက်၏။ တနင်္လာနေ့ကျတော့ ကျောင်းပြန်တက်ပြီး ကျောင်းမှာ တွေ့ကြမည်။ ညနေခင်းများမှာ အင်းလျားကန်ဘက်သွားမည့်အစား စာအတူ ကျက်ကြမည်။ ခိုင်က ဒုတိယနှစ်ကျောင်းသူမို့၊ စာမေးပွဲဖြေရမည့်သူမို့ စာကျက်ဖို့လိုသည်။ စိုးက နောက်နှစ်မှ ဖြေရမည့်သူတော့ ပူစရာမရှိ။ သို့ပေမည့် ခိုင်နှင့်အတူ စာကျက်ထားရင် ပိုမကောင်းဘူးလား။

မောင်စိုးမင်းလုပ်ချင်သည့် ကိစ္စတစ်ခုမှာလည်း စနေနေ့မှာ ဂျပန်ဆရာကြီး ရာမာဂီဝါဆိုင်မှာ ဓာတ်ပုံဆေးဖို့၊ ဓာတ်ပုံများ တည်းဖြတ်ဖို့ ဖြစ်လေ၏။ စိုး ဂျပန်နိုင်ငံကို သွားချင်သည်။ ရာမာဂီဝါက စိုးကို ကာတွန်းရုပ်ရှင်ရိုက်သော ကုမ္ပဏီများနှင့် ဆက်ပေးချင်သည်။

"မောင် ဒီကောလိပ်ပညာလည်း သိပ်မမက်ပါဘူး။ အလုပ်ရဖို့ ဒီဂရီလိုချင်တာပဲ။ ဒီဂရီမရဘဲ အလုပ်ကောင်းကောင်းလည်းရမယ်၊ ကိုယ်ဝါသနာပါတာလည်း လုပ်ရမယ်ဆို အကောင်းဆုံးပေါ့။ မှတ်ဖူးလား ခိုင်"လို့ စိုးက ပြော၏။

"ပြီးတော့ မောင်က မိန်းမမြန်မြန်ယူချင်တော့ အလုပ်အခြေကျဖို့ သိပ်အရေးကြီးတာ"

"အို . . .ခိုင် (၂၁)နှစ်ပြည့်ရင် ဦးလေး သဘောတူတူ၊ မတူတူ ခိုင်သဘောရှိသလိုလုပ်နိုင်တာပဲ။ ခိုင့်အမွေတွေ လက်ထဲရောက်လာမှာ။ စိုး ပျော်တာ ကြိုက်တာ လုပ်ပေါ့။ ခိုင်ကတော့ ဒီအိမ်က ခွာပြီး ခပ်ဝေးဝေးမှာ အိမ်ကလေးတစ်လုံးဆောက်နေဖို့ပဲ စိတ်ကူးတယ်"

"သိပ်ပျော်စရာကောင်းမှာပဲ ခိုင်"

စိုးက ပြောပြောဆိုဆို ခိုင့်အနား လာထိုင်၏။

"မောင် အခု အိမ်မြန်မြန်ပြန်မှ၊ ချုပ်တည်းတယ်ဆိုတာ ပြောတော့လွယ်တယ်၊ လုပ်ရခက်တယ်"လို့ ပြောပြီး ခိုင့်ကို ဆွဲထူလိုက်ပြီး ခိုင့်မျက်နှာနှင့်လည်တိုင်ကို အနံ့အပြား နမ်းရှုံ့လိုက်၏။ ခိုင့်ကို ခပ်ကြာကြာ ခပ်ကျပ်ကျပ်ပွေ့ဖက်ဖျစ်ညှစ်ထားပြန်၏။ ပြီးတော့ ခိုင့်ကို ဆိုဖာပေါ်လှဲချပေးပြီး နောက်ဆုံးနမ်းပြီး–

"ကြီးကြီးရေ . . .ခိုင့်ကို ကြည့်လိုက်ပါဦး၊ ကျွန်တော် ပြန်မယ်" ဆိုပြီး ထွက်သွားလေ၏။

mgyoe.com

mgyoe.com


ကြီးကြီး ရောက်လာသည်မှာ တစ်မိနစ်အတွင်းဖြစ်သော်လည်း ခိုင် သတိမရတော့။ မျက်စိထဲမှာ မည်းမှောင်နေသည်ကိုသာ မြင်ရသည်ဆိုရမလား။ ရင်ထဲမှာ မောဆို့ပြီး ခံရခက်လှသောအဖြစ်ကို သည်းခံရပြန်သည်။ သေခါနီးရင် ဒီလိုနေမှာပဲဟု တစ်ချက်တစ်ချက် တွေးမိ၏။ ဒုက္ခကြီးလှပါလားဟု ညှိုးငယ်ပင်ပန်းခြင်းကြီးစွာဖြစ်၏။ ဟော့ . . . မမခိုင်၊ ရေချိုးရအောင်ဟုလည်း မောင်လေးက ခေါ်နေသည်။ ဟော့ . . . မမခိုင်၊ ဟော့ . . . မမခိုင်။

တကယ်တော့ ကြီးကြီးက "အလှဆိုင်၊ အလှခိုင်"ဟု ခေါ်နေခြင်းသာဖြစ်၏။ ခိုင် သတိလစ်သွားသည်မှာ တော်တော်ကြာကောင်း ကြာလိမ့်မည်။ ကြီးကြီးက ဘကြီးကိုခေါ်သံလည်း ကြားလိုက်၏။ ဦးလေး ဒေါ်ဒေါ်တို့လည်း ကူလာကြ၏။ ခိုင် နိုးထလာတော့ ခေါင်းတွင်းမှာ ဘာမှမရှိတော့သလို ဟာနေပြီး ရင်ထဲမှာ တော်တော်မောနေသည်ကို သတိရှိမိ၏။ ဆိုဖာရှည်ပေါ်မှာပဲ လှဲနေချင်၏။ ထထိုင်ချင်စိတ်မရှိ။ သတိပြန်လည်မလာဘဲ သေသွားနိုင်မယ်ဆိုရင်လည်း ကောင်းမှာပဲဟု တွေး၏။ ဘယ်သူ့ကိုမှန်းမသိ စိတ်ဆိုးမုန်းတီးသောစိတ် ဖြစ်လာ၏။ အကြမ်းပတမ်း ခုန်ပေါက်အော်ဟစ်လိုက်ချင်၏။ လက်လွှတ်ခြေလွှတ် သတိလွှတ်လိုက်ချင်၏။သို့သော် စိုးရဲ့ အချစ်ဖြင့် ပြည့်သော မျက်နှာကိုမြင်မိပြီး ရင်တွင်း တဖြည်းဖြည်း အေးချမ်းသွား၏။ ငိုလည်းမငိုဘူး။ အားတင်းထားမယ်။ တစ်ခုခုတော့ လုပ်ရမယ်။ စိုးကိုချစ်လို့ ခိုင် တစ်ခုခုလုပ်ရမယ်။ ဒီလို ဇာတ်မျောကြီး မျောနေလို့မဖြစ်။

"ဒေါ်ဒေါ်နဲ့ နှစ်ယောက်တည်း စကားပြောချင်တယ်" ဟု တောင်းဆိုလိုက်လျှင် ဦးလေးနှင့် ကြီးကြီး၊ ဘကြီးတို့ ထွက်ခွာသွားကြ၏။

ခိုင်သည် မောင်စိုးမင်းနှင့် ပွဲ့ဖက်နမ်းရှုပ်တိုင်း မူးဝေသတိလစ်သည့်အကြောင်းများကို ဒေါ်ဒေါ်နှင့်စတင်ပြီးပြောလို့ရ၏။ ပြောရင်း ရင်ထဲမှာ ဆို့နင်လာတော့ ငိုချလိုက်ရင် ပေါ့သွားမှာဟု တွေး၏။ ကြိုးစားပြီး ငိုချသော်လည်း မရ။ ထူး ဆန်းတာတွေ ခိုင့်မှာ ဖြစ်နေပြီ။ သက်သာလာတာလား။ ပိုဆိုးလာတာလား မသိ။ မောင်လေးအသံကိုတော့ ခဏခဏ ကြားနေပြီ။

ဒေါ်ဒေါ်က မျက်နှာပျက်နေပြန်ပြီး–

"ခိုင် မောင်ကိုကိုလေး ဆုံးသွားတာကြာလှပြီပဲ။ (၉)နှစ် (၁၀)နှစ် ရှိရောပေါ့။ သူ့အသံကြားနေတာ ဘယ်လောက်ကြာပြီလဲ"

"သူ့အသံ ညကမှ စကြားတာ ဒေါ်ဒေါ်ရဲ့၊ အရင်က တစ်ခါမှ မကြားဖူးဘူး။ ဒါပေမဲ့သူ့အခန်းထဲမှာ သူအမြဲရှိတယ်ပဲထင်တာပဲ။ ညကတော့ အိပ်မက်ထဲမှာ သူ မမေတို့အိပ်ရာထဲ သွားအိပ်နေပြီး မမေတို့နဲ့ စကားတွေပြောနေတာ ကြားရတယ်။

mgyoe.com

mgyoe.com


"ဘာတွေ ပြောနေကြသလဲ"

"ဘာမှ အထွေအထူး မဟုတ်ပါဘူး၊ မောင်လေး မဆုံးခင်က ပြောနေကျ စကားတွေပေါ့။ မောင်လေးကို ဖေဖေက ရှင်ပြုချိန်ရောက်ပြီလို့ ပြောတော့ မေမေက ညစာမစားဘဲမနေနိုင်မှာ စိုးတယ်။ သူ့သားဆာနေမှာစိုးတာ။ မောင်လေးက သကြား လုံး စားနေမယ်ပြောတယ်။ ဖေဖေက ကြံရည်သောက်လို့ရတယ် ပြောတယ်"

ခိုင့်ကို မောင်လေးက ရေချိုးရအောင်၊ ရေချိုးရအောင်လို့ ခေါ်သံကြားတာ တော့ မပြောဘဲ နေလိုက်၏။

"ခိုင် အိပ်ပျော်ပြီး အိပ်မက် မက်နေတာပဲ ထင်ပါရဲ့"ဟု ဒေါ်ဒေါ်က ပြောပြန်တော့–

"နိုးလာတော့လည်း ကြားနေတယ် ထင်ပါရဲ့ ဒေါ်ဒေါ်ရယ်၊ မသေတော့ မသေချာဘူး။ ခုန မူးသွားတုန်းကလည်း မောင်လေး အသံကြားတယ်။ ခု မကြား တော့ပြန်ဘူး။ ဒီည အိပ်ကြည့်လိုက်ဦးမယ်။ အဲဒီအသံတွေ ကြားဦးမလား စမ်းကြည့်လိုက်ဦးမယ်"

ဒေါ်ဒေါ်က–

"ခိုင်က သိပ်ခေါင်းမာတာပဲ။ ဒေါ်ဒေါ်တို့အိမ်မှာ ပြောင်းနေဆိုလည်း မပြောင်း နေဘူး။ သူတို့အခန်းတွေကို ရှင်းလင်းပြီး သူတို့ပစ္စည်းတွေ အကုန်လှူပစ်လို့ ပြောတာလည်း မလုပ်ချင်ဘူး။ အင်းလျားဆောင် ပြောင်းသွားတော့ အတော်ကျန်းမာ လာတာ ခု ဘယ်လို ပြန်ဖြစ်ပြီလဲ"

"မသိပါဘူး ဒေါ်ဒေါ်ရယ်၊ ဟုတ်တယ်၊ ခိုင်လည်း ခုတော့ စိတ်နည်းနည်း ညစ်လာပြီ။ မောင်လေးပစ္စည်းတွေ ကလေးဆေးရုံအကုန်လှူပစ်မှ။ မေမေဖေဖေတို့ ပစ္စည်းတွေလည်း ဘုန်းကြီးကျောင်းတို့ ဘာတို့ သင့်ရာအကုန်လှူပစ်မှ"

"ပြီးတော့ ဒေါ်ဒေါ်က သွေးမစပ်လို့ ဦးလေးမိန်းမမို့ ပြောတယ်မထင်နဲ့။ ဒီအိမ်ကို လူငှားတင်ချင်တင်၊ ရောင်းချင်ရောင်းပစ်ဖို့တောင် ကောင်းတယ်။ ခိုင့်ဦးလေး ကလည်း ဒေါ်ဒေါ်ပြောလွန်းတော့ ဟုတ်တယ်၊ အိမ်(၂)လုံးဆက်နေတာတွေ ဖျက် ပစ်ပြီး တစ်နေရာရာမှာ ခိုင့်ဖို့ အိမ်သစ်တစ်လုံးရှာပေးရမယ်လို့ ပြောလာပြီ။ သူက ခိုင်တစ်ယောက်တည်း တခြားမှာသွားနေမှာကိုလည်းမကြည့်နိုင်တော့ ခက်နေတယ်"

"ကြီးကြီးတို့ ဘကြီးတို့၊ ဆာဘူးတို့ ရှိသားပဲ ဒေါ်ဒေါ်ရယ်။ ဟုတ်တယ်၊ ခိုင့်ဖို့ အိမ်အသစ်ရှာဦးမှ"

"ပြီးတော့ ခိုင်လည်း အိမ်ထောင်ပြုဖို့ လိုလာဦးမှာ"

ခိုင်က သက်ပြင်းချပြီး–

"အဲဒါကလည်း ပြဿနာတစ်ခု" ဟု ပြောမိ၏။

mgyoe.com

mgyoe.com

"ဘာဖြစ်လို့လဲ ခိုင်၊ ဘာပြဿနာဖြစ်စရာရှိနေလို့လဲ"

ခိုင်က ဘာမှ မပြောဘဲ ကြာနေလျှင် ဒေါ်ဒေါ်က–

"မောင်စိုးမင်းက ခိုင့်ထက် နည်းနည်းငယ်ပေမဲ့ တည်တည်တံ့တံ့ပဲ။ သူလည်း မိဘမောင်နှမ မရှိ။ အဘွားတစ်ခု၊ မြေးတစ်ခုပဲ။ သူ အရွယ်ကလေးရလာပြီး အလုပ်နဲ့အကိုင်နဲ့ ဖြစ်လာရင် အားကိုးလောက်တာပဲ။ ပြီးတော့ ခိုင် (၂၁)နှစ်ပြည့်ရင် ပိုက်ဆံအတွက် ဘာမှပူစရာရှိတော့မှာမှ မဟုတ်တာ"

"အို . . .အားလုံး ဖြောင့်ဖြူးနေတာပဲ ဒေါ်ဒေါ်"ဟု ပြောပြီး မချိပြုံး ပြုံးမိပြန်၏။ ဒေါ်ဒေါ့်ကိုလည်း ပြောပြဖို့ မလွယ်ပါလား။ ပြီးတော့ ဘာထပ်ပြောပြရမလဲ။ စိုးကို တပ်မက်စိတ်ပေါ်လာရင် မူးဝေသတိလစ်တာ ပြန်ပေါ်လာတယ်လို့ပြောပြီးပြီ။ ဒီတစ်ခါတော့ မောင်လေးအသံတောင် ကြားရတယ်လို့ ပြောပြီးပြီ။ ဘယ်လောက်ရှက်စရာ၊ဒေါသထွက်စရာ၊ ဝမ်းနည်းစရာတွေ ကောင်းလိုက်ပါလိမ့်။

"ဒေါ်ဒေါ်က ဆရာဝန်မဟုတ်တော့ ဆေးမပေးတတ်ဘူး။ ခိုင် ဒေါက်တာ ဘားနတ်နဲ့တွေ့ကြည့်မလား"

ခိုင်က ခေါင်းရမ်းပြီး–

"မလိုသေးပါဘူး ဒေါ်ဒေါ်ရဲ့။ ခိုင် စိတ်အကောင်းကြီးရှိပါသေးတယ်။ စားလို့သောက်လို့လည်း ကောင်းနေတာပဲ။ အိပ်တဲ့ ကိစ္စမှာသာ ပြဿနာတွေ များနေတာ။ ဒီည ဘယ်လိုနေလဲ ကြည့်လိုက်ဦးမယ်။ မနက်ဖြန်ကျတော့ မိဘမဲ့ကျောင်း မသွားတော့ဘူး။ ဒေါ်ဒေါ့်ဆီ ကူးလာခဲ့မယ်။ အိမ်မှာရှိကြမယ်မှတ်လား။ မောင်စိုးမင်းလည်း မိဘမဲ့ကလေးကျောင်းမှာ ခိုင့်ကို မတွေ့ရင် ဒီရောက်လာမှာ။ သူ့ကို ဘာမှတော့ မပြောပါနဲ့ဦးနော်။ သူ ဂျပန်သွားပြီး ဓာတ်ပုံပညာသင်ဖို့ အခွင့်အရေးတစ်ခု ပေါ်နေတာ မသွားမှာစိုးလို့"

ဒေါ်ဒေါ်က ခိုင့်ပခုံးကို ဖက်လိုက်ပြီး–

"မောင်စိုးမင်းကို သိပ်လိုလားပြီး ပြောတယ်လည်း မထင်နဲ့ဦး။ လိုတော့လိုလားတာပဲ။ ဒေါ်ဒေါ် ဒီသူငယ်ကို တော်တော်သဘောကျတယ်။ နောက် ၃–၄ နှစ်မှာ ယောကျ်ားကြီးကြီးမားမားဖြစ်သွားမှာပဲ။ ခုတော့ ငယ်သေးတော့ သင်တုန်းကြားတုန်း၊ သိချင်တတ်ချင်တုန်းပေါ့။ ဦးလေးနဲ့ဒေါ်ဒေါ်တို့စာအုပ်တွေ ငှားဖတ်ပြီး တော်တော်ဆွေးနွေးတတ်တယ်။ သူ ခိုင့်ကို တော်တော်ချစ်တော့ ခိုင် စိတ်ချမ်းသာအောင် ဘယ်လိုလုပ်ရမလဲပဲ သူ စဉ်းစားနေတာ။ ပြီးတော့ စစ်အတွေ့အကြုံ၊ မိဘအစ်ကို မောင်နှမ ဆုံးရှုံးတဲ့အတွေ့အကြုံကလည်း သူ့ကို မြန်မြန်ကြီးရင့်စေလိုက်တယ် ပြောရမယ်"

mgyoe.com

mgyoe.com


"ဒီည အိပ်ကြည့်လိုက်ဦးမယ်" ဟုသာ ဒေါ်ဒေါ်ကို ပြောခဲ့၏။ ပြီးတော့ အိပ်ခန်းထဲမဝင်ခင် စိုး အိပ်သွားခဲ့သည့် အိပ်ရာမှာ သွားလှဲနေလိုက်၏။ စိုးရဲ့အငွေ့ အသက်များ ကျန်ရစ်ခဲ့မလားဟု တောင့်တ၏။ သူ အိပ်ခဲ့သောအိပ်ရာမှ ညင်သာသော ရနံ့ရသလိုလို မှုးဝေသတိလစ်ပြီး အသက်သေလည်း သေပစေတော့ဆိုပြီး သူနဲ့ယှလိုက်ရမလား။ ခိုင်က အပန်းမကြီးသော်လည်း ဒီလိုလုပ်လို့ စိုးအပေါ် တရားပါ့မည်လား။ တကယ်တော့ ဒုက္ခဟူသမျှတို့မှ လွတ်မြောက်ပြီးမှ စိုးနဲ့အတူ နေထိုင်ပျော်ရွှင်ချင်လှပါတယ်။ ဒေါက်တာဘားနတ်နဲ့တွေ့ဖို့ စီစဉ်ရမလား။

စိုး အိပ်သွားသည့် ခေါင်းအုံးဇာနားကို ခိုင် တယုတယနမ်းလိုက်ပြီး "စိုးလေး . . . မောင်လေး . . ."ဟု ခေါ်မိ၏။ ပြီးတော့ ကိုယ့်အခန်း ကိုယ်ပြန်လာပြီး လုံးတည်းနိုင်သောဘဝ၏ အဖော်ဖြစ်သောရေဒီယိုမှလာသော သီချင်းများကိုနားထောင်ရင်းတွေ့ရာစာတစ်အုပ်ကို ဖတ်ဖို့ ပြင်လေ၏။

ထိုညသည် ခိုင့်အဖို့ ကံအဆိုးဆုံးညလို့ ဆိုရသည်။ ခိုင်သည် အိပ်မက်ကယောင်ချောက်ချားများမက်ပြီး မောင်လေးကို မျက်နှာချင်းဆိုင် မတွေ့နိုင်ဘဲ အသံသာကြားရပြန်၏။ သူ့ကို မျက်နှာချင်းဆိုင်လည်း တွေ့ချင်တာမဟုတ်။ အိပ်မက်ထဲမှာ ခိုင်သည် ပထမ ထွက်ပြေးနေ၏။ ရည်မှန်းချက်မရှိဘဲ ဦးတည်ရာ လျှောက်ပြေးနေ၏။ နေပူပြင်းနေသည်ကိုလည်း သတိထားမိ၏။ အိပ်မက်ထဲမှာ သတိရနေသေးသည်မှာလည်း မေမေပြောဖူးသော စကားတစ်ခုက နေပူတာ၊ မီးလောင်တာ အိပ်မက်ထဲမှာ မြင်ရင် နိမိတ်မကောင်းဘူး။ ခိုင်သည် အိပ်မက်ထဲမှာ ဆက်ပြီးပြေးရင်း နောက်ဆုံး တော့ စိုးနှင့်တွေ့၏။ သူတို့ မျက်နှာချင်းဆိုင် ပူးကပ်ရပ်နေရင်း စိုးက ခါတိုင်းလိုပင် ချစ်ခင်စုံမက်ဟန်အပြည့်နှင့် ပွေ့ဖက်နမ်းရှုံ့ချင်နေပြန်၏။ သူတို့ လူဝေးရာတစ်နေရာကို ဖွင့်မပြောဘဲ ရှာဖွေနေကြ၏။ သူတို့သည် လုံခြုံရာ၊ ဆိတ်ကွယ်ရာ ရှာဖွေရောက်ရှိပြီး အဆုံးစွန် ချစ်ကျွမ်းဝင် ရင်းနှီးဖို့ ပြင်ဆင်နေကြ၏။ လက်ထပ်ပြီးသလိုလို။ နောက်ဆုံး စိုး အိပ်သွားသည့် စာကြည့်ခန်းထဲရောက်နေပြီး အိပ်မက်သည် ပေါက်ကွဲသလို ပျက်ပြုန်းသွားကာ တကယ်တော့ ခိုင်သည် (၁၁)နှစ်ရွယ်ပြန်ဖြစ်နေပြီး (၉)နှစ်ရွယ် မောင်လေးနှင့် ကြွေဇလုံထဲမှာ ရေအတူချိုးနေကြလေ၏။ ဒါတွင်မက ခိုင်မသိသော လူများစွာလည်း ပတ်ဝန်းကျင်မှာအပြည့်။ ထိုလူများစွာတို့သည် ခိုင် ခဏခဏ အိပ်မက်တတ်သော အခန်းထုပ်တန်းမှာ နေထိုင်ကြသည်။ ခိုင် နားမလည်သော စကားများပြောတတ်သည့် သေသွားပြီဖြစ်သောလူများ ဖြစ်လေ၏။

ခိုင်သည် အိပ်ပျော်နေရင်း ဘယ်လောက်ကြာအောင် ယောင်ယမ်းအော်

mgyoe.com

mgyoe.com


ဟစ်နေသည် မသိ။ ကြီးကြီးနှင့် ဘကြီးတို့ အခန်းထဲရောက်နေပြီး လှုပ်နှိုးနေမှ သတိရှိလာ၏။ ကိုယ့်မျက်နှာ ကိုယ် ကုတ်ဖဲ့ထားသည်ကိုလည်း ကြီးကြီးက စက္ကူလက်ကိုင်ပဝါနှင့်သုတ်ပေးမှ သွေးကို မြင်မှ သိရ၏။ ခါတိုင်းလိုသာဆိုလျှင် ပေါက်ကွဲငိုရှိုက်လိုက်မည်ဖြစ်၏။ ခုတော့ ငိုလို့မရ။ ငိုချင်လိုက်တာ ငိုလို့မရ။ ဗိုက်ထဲမှာ တောင် နာအောင့်လာ၏။ အသက်ရှူမဝသည်ကို ပါးစပ်ဟပြီး လေရှူသွင်းရ၏။ ခေါင်းငိုက်စိုက်ချပြီး စကားတစ်ခွန်းမှ မပြောဘဲ တွေငိုင်ပြီး ထိုင်နေရ၏။

"အလှခိုင် . . .အိပ်မက် ကယောင်ချောက်ချား မက်ပြန်ပြီ" ဟု ကြီးကြီးက ပြောလေ၏။ ခိုင်က သက်ပြင်းသာချပြီး–

"ခိုင် ဧည့်ခန်းမှာ ဆင်းအိပ်တော့မယ်။ ခုမှ နှစ်နာရီခွဲရှိသေးတယ်။ မိုးလင်းဖို့ လေးငါးနာရီလိုသေးတယ်"ဟု ဝမ်းနည်းပန်းနည်း ပြောသေး၏။ ကြီးကြီးက ခိုင့်ကို လေ့ကားမှာ လူမမာလို တွဲခေါ်သည်ကိုလည်း သတိမပြုမိ။ မငြင်းဆန်မိ။

"ကြီးကြီးလည်း ဧည့်ခန်းမှာလှဲပြီး စောင့်နေမှာပေါ့"ဆိုသည်ကိုလည်း မငြင်းဆန်မိ။

ဘကြီးက နွားနို့ပူပူတစ်ခွက် လာပေးသည်ကို ကျေးဇူးတင်စွာ တဖြည်းဖြည်း သောက်ပြီး–

"ဟုတ်တယ်၊ ညည နွားနို့သောက်အိပ်ရင် ဆက်တိုက် အိပ်ပျော်ပြီး အားလုံး ကောင်းသွားမှာ"ဟု မရေမရာ တွေးပြန်၏။

"ဘကြီး မနက်ကျရင် ဆာဘူးကိုပြောပါ၊ ခိုင် ကျောင်းပြန်မယ်။ ဟိုဘက် အိမ်က ဒေါ်ဒေါ်တို့ မနိုးသေးရင် မနှိုးနဲ့။ ခိုင် စောစောထပြန်မယ်။ ဒေါ်ဒေါ်ကို ခိုင် ကူးမလာနိုင်တော့ဘူးလို့သာ ပြောလိုက်"

တစ်ဖန် သတိရပြီး–

"စိုးကို ဒီအကြောင်းတွေ မပြောနဲ့ဦးနော်၊ သူ ဂျပန်ပြည်စာသင်သွားမလို့၊ မသွားချင်ဖြစ်နေမယ်"ဟု ကြီးကြီးကို မှာရပြန်၏။

စိုးကို ဘယ်လောက်ချစ်သော်လည်း ခဏခွဲနေပြီး အရင်ကလို ကျောင်းမှာနေ၊ အတန်းတွေပြေးတက်လိုက်၊ ညည စာကျက်လိုက်၊ အခန်းနီးချင်း မိန်းကလေးတွေနဲ့ တစ်ခါတစ်ခါ စကားပေါက်ကရတွေပြောလိုက်၊ သီချင်းနားထောင်လိုက်၊ စာဖတ်လိုက်နဲ့ နေကြည့်ဦးမယ်။ အားလုံး ပြန်ကောင်းသွားမှာပဲ။ ပြီးတော့ ကျောင်းမှာတော့ စိုးနဲ့ တွေ့နေနိုင်မှာ။

"ကြီးကြီး ခိုင် ၃–၄ လလောက် အိမ်မပြန်ဘဲ နေလိုက်ဦးမယ်။ ခိုင့်ဆီ တစ်လတစ်ခါတော့ အနည်းဆုံး လာတွေ့နော်"ဟု ပြောရပြန်၏။

mgyoe.com

mgyoe.com


“မိဘမဲ့ကျောင်းလည်း ခဏဖြတ်ပြီး စနေ၊ တနင်္ဂနွေမှာ စာမေးပွဲအတွက် စာကျက်ဦးမယ်”ဟု စိတ်စဉ်ပြန်၏။

“အလှခိုင်ကို ကြီးကြီး တစ်ပတ်တစ်ခါ လာတွေ့မှာပေါ့၊ ငါးကြော်တွေ၊ ပုစွန်ဆီပြန်ဟင်းတွေ ယူလာမှာပေါ့”ဟု ကြီးကြီးက ပြော၏။

“ပြီးတော့ စိုးနဲ့ စာကြည့်တိုက်မှာ စာမှန်မှန်ကျက်မယ်”ဟု ပြောရင်း မောပန်းမျက်စိလေးလာပြီး ကြီးကြီးလက်ကိုကိုင်ရင်း တဖြည်းဖြည်း အေးချမ်း ငြိမ်သက်ပြီး ဘယ်အချိန် ပြန်အိပ်ပျော်သွားသည် မသိတော့။

၀

mgyoe.com

mgyoe.com

ကျောင်းဆောင်ပြန်ရောက်ပြီး အိမ်မပြန်ဘဲနေကတည်းက ခိုင်သည် စိတ်သက်သာရာ အတော်ရခဲ့၏။ မောင်လေးခေါ်သံတော့ မကြာခဏ ကြားဆဲပင်။ ဟော့ . . . မမခိုင် ဆိုသည့်အသံနှင့် အတူနေရသလိုပင်။ အိပ်မက်များလည်း မက်ဆဲပင်။ အများအားဖြင့် သေသွားသော တစ်ခါမှ မသိဖူးမမြင်ဖူးသူများနှင့်ပဲ ထပ်တလဲလဲ တွေ့နေဆဲပင်။ စိုးကို အိပ်မက်များအကြောင်း မပြောပြဘဲနေပြန်သည်။ မောင်လေး အသံ ကြားနေတာလည်း ဖုံးအုပ်ထားသည်။

စိုး ဂျပန်ပြည် (၆) လ သွားဖို့ကို ပြင်ဆင်ကြ၏။ စိုးက အလုပ်အကိုင်အခြေကျပြီး နှစ်ယောက်သား လက်ထပ်ကြဖို့ပဲ ရည်မှန်းနေသည်။ အဲသည်လိုဆိုလျှင် ခိုင် က စိုး ကျောင်းပြန်တက်ဖို့ ပြောတတ်သည်။

"ခိုင် အသက် (၂၁) နှစ်ပြည့်ရင် လက်ထဲ ပိုက်ဆံရောက်လာမှာ၊ စိုးကို ခိုင်က ကျောင်းထားပေးမှာပေါ့၊ အင်္ဂလန်သွားမလား" ဟု ရယ်မောပြီး ပြောတတ်သေးသည်။

"ခိုင်ပါလိုက်ရင် သွားမှာပေါ့"လို့ စိုးက သွက်သွက်လက်လက် ဖြေသည်။

အားလုံး ဖြောင့်ဖြူးနေသလိုပဲ။

မောင်စိုးမင်း ရာမာဂီဝါနှင့် စီစဉ်ပြီး ဂျပန်သွားဖို့ တကယ်ဖြစ်လာလျှင်တော့ ထိတ်လန့်လာဟန်ဖြင့် သွားချင်ပုံမပြတော့။

"ခိုင်နဲ့ (၆)လတောင် မတွေ့ဘဲနေရမှာ စိတ်ကူးလို့ မရဘူး"ဟု ဆိုသည်။ ခိုင်က အတင်းတိုက်တွန်းနေရသည်။ ဦးလေး၊ ဒေါ်ဒေါ်၊ ကြီးကြီး၊ ဘကြီးနှင့်အဘွားတို့အားလုံးက ဝိုင်းတိုက်တွန်းရသည်။ အဘိုးကြီး ဆာဘူးကတောင် တရားချသည်။ စိုးသည် ရာမာဂီဝါနှင့် စကားဖျက်ဖို့လည်း မဖြစ်နိုင်။ အသက်(၁၈)နှစ်တောင်မပြည့်

mgyoe.com

mgyoe.com


သေးသော လူငယ်သည် ပညာသင်ဖို့၊ နောင်ကြီးပွားဖို့ အရင်စဉ်းစားရမည်မှာအမှန်။ ခိုင် ပိုက်ဆံရှိတာကိုလည်း သူ စိတ်မလုံမလဲဖြစ်သည့်အခါဖြစ်သည်။ တတ်နိုင်လျှင် စိုးကသာ ခိုင့်ကို ပိုင်ပိုင်နိုင်နိုင် စောင့်ရှောက်ချင်သည်။ ဒီတော့ လျောက်ပတ်သင့်လျော်ရာကို လုပ်ရမည်ပင်။ စိတ်အလိုကိုသာလိုက်နေလို့ မဖြစ်။

(၆)လဆိုတာ ခဏလေးနဲ့ ကုန်သွားမှာဟု အဘွားကပြောရင် မျက်ရည်တစမ်းစမ်း ဖြစ်တတ်သည်တဲ့။ အဘွားကတောင် စိုးကောင်းစားဖို့သာ အရေးကြီးဆုံးစဉ်းစားပြီး အိုကြီးအိုမနှင့် တစ်ယောက်တည်း နေရစ်ခဲ့ဖို့ အသင့်။

"စိုးက လူစေ့တက်စေ့ စာမှန်မှန်ရေးမှာ၊ ခိုင့်ဆီတော့ နေ့တိုင်းလိုလိုရေးမှာ မှတ်ဖူးလား"ဟု ခိုင်က ဖျောင်းဖျသလို ပြောတတ်၏။

"ခိုင်ကလည်း စာတွေ အားတိုင်းရေးနေမှာ၊ မချုပ်တည်းနိုင်ဖြစ်လာရင် သံကြိုးရိုက်ခေါ်မှာ၊ ဂျပန်ပြည်နဲ့တယ်လီဖုန်းဆက်လို့ ရမရ စုံစမ်းကြည့်ရဦးမယ်။ ရရင် ခိုင် အမြဲခေါ်နေမှာ"

စိုးက ပြုံးပြလာပြီး–

"တစ်မျိုးပြောရရင် ခိုင် မောင့်ကို တကယ်ချစ်နေပြီပေါ့"

"အို . . . သူ မသိဘူးလား၊ မချစ်ဘဲနဲ့ လူတစ်ယောက်နဲ့ ဒီလောက် ခင်ခင် မင်မင် နေနိုင်ပါ့မလား"

"ခိုင့် စိတ်ကို မောင် ဘယ် လုံးဝသိနိုင်မှာလဲ"ဟုသူက ပြော၏။ သူ တကယ် မသိဘူးလား၊ မဖြစ်နိုင်ပါဘူး။ နောက်ပြောင်ပြောတာ ထင်ပါရဲ့။

ခိုင်က တွေဝေနေပြီး အကြာကြီး တိတ်ဆိတ်နေပြန်ပြီး စိုးရိမ်ပူပန်လာသော စိုးကိုကြည့်ပြီး ပေါ့ပေါ့ရယ်လိုက်သေးသည်။ စိုး ဂျပန်ပြည် သွားဖြစ်အောင် သွားခိုင်းမှဖြစ်မည်။ မောင်လေးကို တစ်ခါက သေစေချင်ခဲ့သလိုနဲ့ ခပ်ဆင်ဆင်။ ထိုခဏ၌ မောင်လေးရဲ့ ဟော့ . . .မမခိုင်၊ ဟော့ . . .မမခိုင်လို့ခေါ်သံကို မသဲမကွဲ ကြားရပြန်၏။ နှုတ်ခမ်းကို ကိုက်၊ မျက်စိကိုမှေးပြီး စိုးရဲ့ငယ်ရွယ်နုပျိုဆဲဖြစ်သော်လည်း မေးရိုးပါးရိုးများ ကြီးထွားလာဟန်ကို အာရုံစိုက်ကာ ကြည့်မိမြင်မိ သတိရှိနေပြန်၏။ (၆)လ ကြာလို့ သူပြန်လာရင် (၁၉)နှစ်ကျော်သွားပြီး ပိုကြီးထွားလာလိမ့်မည်။ ခိုင်လည်း (၂၁)နှစ်ပြည့်ဖို့ ပိုနီးလာပြီ။ သူသွားနေတုန်း ဒေါက်တာဘားနတ်နဲ့ တွေ့ရကောင်း မလား။ ဟင့်အင်း . . .မတွေ့ချင်သေးပါဘူး တွေးပြန်၏။

"ဟုတ်တယ်၊ ဒီနှစ် စာမေးပွဲမရှိတုန်း သွားတာကောင်းတယ်။ နောင်နှစ် ကျောင်းပြန်တက်ပြီး ဒုတိယနှစ် စာမေးပွဲဖြေဖို့က တစ်ခါလုပ်ရဦးမယ်။ ပညာအရင် ရှာရမယ်။ အလုပ်ကောင်းကောင်းရှာရမယ်။ မိန်းမယူချင်ရင် သားကျွေးမှု မယားကျွေး

mgyoe.com

mgyoe.com


မှ ပြုတတ်မှ မှုတ်ဖူးလား"ဟု မောင်စိုးမင်းက အတည်တစ်ဝက်၊ အရယ်တစ်ဝက်နှင့် ပြောပြန်သည်။

စိုးက ဂျပန်သို့ ထွက်ခွာမသွားခင် ခိုင်နှင့် တွေ့ချင်သေး၏။ အင်းလျားကန် ကျွန်းစွယ်အကွေ့က ထိုင်ခုံလေးဆီ သွားထိုင်ကြရအောင်လို့ ဆိုသေး၏။ ခိုင်က အိမ်မှာသာ တွေ့ချင်၊ ဧည့်ခန်းမှာထိုင်ချင်သည်။ အိမ်မှာဆိုလျှင် ဘယ်အကြောင်း ကြောင့်ဖြစ်စေ ခိုင်ထိခိုက်မူးနောက်လာလျှင် ဣန္ဒြေဆောင်ပြီး ဆက်ထိုင်နေနိုင် သည်။ ကြီးကြီးက အရိပ်အခြည်ကြည့်ပြီး ဝင်လာဖေးမနိုင်သည်။ စိတ်ထဲကမူ ဒီအိမ် ကို မပြန်ချင်တော့ပါဘူး။ ဒါ နောက်ဆုံးပြန်ခြင်းလားမသိ။ စိုးကိုချစ်လို့ နောက်ဆုံး စွန့်စားခြင်းပဲ။ စိုးကို တစ်ဖက်ခန်းမှာ တစ်ခါထပ်ပြီး အိပ်ခိုင်းလို့လည်းမဖြစ်။ ခိုင် အိပ်မက်တွေ မက်ပြီး အသံတွေကြားပြီး ယောင်ယမ်းအော်ဟစ်တာဖြစ်လာရင် အစီ အစဉ် အကုန်ပျက်ကုန်မှာ။ (ဘာအစီအစဉ်ပါလိမ့်)

ဘာမှ မထူးဆန်းပါဘူးဟု ခိုင် တွေးမြဲ။ စိုးနဲ့ နောက်ဆုံးအိမ်မှာတွေ့ကြတော့ ညနေစာစားကြတယ်။ ကြီးကြီးက ခပ်ဝေးဝေးမှာ ကွယ်ရာမှာနေတယ်။ စိုးက ခိုင့်ကို ပွေ့ဖက်နမ်းတယ်။ စိုးရိမ်နေတဲ့အတိုင်း ခိုင် မူးနောက်သတိမေ့ချင်လာတယ်။ ဟန်လုပ် ဖုံးအုပ်ဆဲ ကြီးကြီးကဝင်လာပြီး အခြေအနေမပျက်အောင် ထိန်းသိမ်းတယ်။ စိုး တစ်ဝက်တစ်ပျက်သာ ရိပ်မိလာဆဲ ခိုင်က ကြိုးစားပြီး စကားခပ်ဖြည်းဖြည်း တိုးတိုး ပြောလို့ပေါ့။ စိုးကို သိပ်သတိရမှာ။ ခိုင်သိပ်ပိုချင်တာတွေပဲ ပြောတယ်။ သန်းခေါင် မတိုင်ခင် စိုး အိမ်ပြန်ခါနီး ခိုင်က အနောက်ကနေ အတင်းဖက်ညှစ်လိုက်သေးတယ်။ မနက်ဖြန် လေယာဉ်ပျံကွင်းလိုက်ပို့တော့ လူတွေရှေ့မှာ ဖက်လို့ရမှာမဟုတ်ဘူးလို့ ပြောလိုက်သေးတယ်။ ခိုင်က ကြိုတင်ပြင်ဆင်ပြီး ဒီလိုတွေ့ထိတဲ့အခါကျတော့လည်း သတိထား အားဆောင်နေလို့လားမသိ။ မူးနောက်ခြင်း မဖြစ်။ မောင်လေးအသံ လည်းပေါ်မလာ။ ဒီတော့ ခိုင် သတိထား အားဆောင်နိုင်ရင် ပြဿနာဟူသမျှ ဖြေရှင်း နိုင်မှာပဲဟု အားတင်းရပြန်သည်။

မောင်စိုးမင်းရဲ့ ပထမဆုံးစာမှာ တစ်ပတ်အတွင်း ရောက်လာပြီး သူ ဂျပန် မရောက်ခင် လေယာဉ်ပေါ်မှ ရေးလိုက်ခြင်း ဖြစ်လေ၏။

*အချစ်ခိုင်*

*ခိုင်နဲ့မောင်တို့ ပြောစရာရှိတာတွေ အားလုံးပြောခဲ့ပြီးပြီဆိုတော့ ဘာမှ အထူး အထွေ ထပ်ပြောစရာ မရှိတော့ဘူး။ ခိုင့်ကို ဘယ်လောက်ချစ်တယ်ဆိုတာလည်း ထူးပြီး မပြောပြတတ်တော့ဘူး။ တစ်ခုကတော့ တစ်ခါမှ ခုလောက် အချိန်တွေ*

mgyoe.com

mgyoe.com


*မြန်မြန်ကုန်ပြီး အသက်မြန်မြန်ကြီးပါစေလို့ ဆုတောင်းဖူးတာ မရှိဘူး။ ရယ်စရာ တောင်ကောင်းတယ်။ ခု နံဘေးမှာထိုင်နေတဲ့ အမေရိကန်အမျိုးသမီးကလည်း စကားတွေ ခဏခဏပြောပြီး မောင့်ကို သူငယ်၊ သူငယ်နဲ့ခေါ်တယ် ခိုင်ရဲ့။ အဲဒါနဲ့ မောင် (၂၄)နှစ်ရှိပြီလို့ ပြောလိုက်တော့ သူက အို (၁၈)နှစ်လောက် ရှိဦးမယ်ထင်တာ။ အရှေ့နိုင်ငံသားတွေဟာ သိပ်နုပျိုတာပဲလို့ ပြောတယ်။ မောင်ရယ်ချင်လိုက်တာ။ မောင်က ဒါပေမဲ့ နုပျိုတာမကြိုက်ကြပါဘူး။ အနည်းဆုံး ကျွန်တော်ကတော့ မကြိုက်ဘူးလို့ ပြောလိုက်တယ်။ မှန်အောင် သူ့ အသက်မှန်းတတ်တာကတော့ သိပ်ရယ်စရာကောင်းတာပဲ။ ပြီးတော့ အဲဒီမိန်းမအစား ခိုင် မောင့်ဘေးမှာ ထိုင်နေရင် ဘယ်လောက်ကောင်းမလဲလို့ ခဏခဏတွေးမိတယ်။ ခိုင့်ကို ခုကတည်းက လွမ်းနေပြီ။*

စသဖြင့် စာတော်တော်ရှည်ရှည်ရေးသည်။ ပြီးတော့ ခိုင် နေကောင်းအောင် နေနော်လို့ သတိပေးသည်။ မောင် စိတ်သိပ်မချဘူး။ အဲဒါကို မတွေးချင်ဘူးလို့လည်း ဆိုသေးသည်။

ခိုင် နေကောင်းချင်တာပေါ့။ ဘယ်လိုလုပ်ရမလဲသာ ခေါင်းပူအောင် စဉ်းစားမြဲ။ ဒေါ်ဒေါ်နှင့်တွေ့ဖို့ တစ်ခုလည်း မလုပ်ရသေး။ ဘယ်လောက်ချစ်ချစ် စိုးနှင့် လင်မယားအရာမမြောက်နိုင်လျှင် ဘယ်လိုလုပ်ပြီးလက်ထပ်နိုင်မလဲ။ ဒေါ်ဒေါ်နှင့် အဲဒါကို အရင်စပြောရမည်လား။ ပြီးတော့ ဘာမှ မဖုံးကွယ်တော့ဘဲ အိပ်မက်ဆိုးတွေ မှန်သမျှ ပြောပြလိုက်ရင် ဒေါ်ဒေါ်ကတော့ အဓိပ္ပာယ်ပြန်ပေးနိုင်မှာပဲ။

စိုးဆီကို စာရေးတိုင်း ချစ်တာတစ်ခုပဲ ခိုင်ပြောနိုင်ပြီး လက်ထပ်ဖို့ အသေးစိတ် မဆွေးနွေးနိုင်တာ စိတ်ဆင်းရဲဖြစ်ရ၏။ စိုးကို လှည့်ဖျားနေမိသလို၊ လိမ်ညာပြောနေမိသလို ခိုင့်မှာ အပြစ်ရှိပြီး ဘာလုပ်လို့မှ မချေဖျောက်နိုင်သလို ခံစားရ၏။ ခိုင် ဘာလို့ စိုးကို အားလုံးမပြောပြနိုင်ပါလိမ့်။ ဘယ်သူ့ကိုမှ မပြောပြနိုင်ပါလိမ့်။ ကြောက်ရွံ့စိုးရိမ်ပြီး လျှို့ဝှက်ခြင်းအတိပြည့်နေသလို မစင်ကြယ်မသန့်ရှင်းဖြစ်ပြီး စိုးလောက် ဖြောင့်မတ်သူနှင့် မထိုက်တန်သေးသလို။ အို . . .စိုးကို တအားဖက်ပြီး ရင်ခွဲပြသလို အားလုံးဖွင့်ထုတ်ပြောပြချင်ပါလည်း အင်အားမရှိ။

စိတ်ဆင်းရဲပြီး လူ့ဘဝကို ငြီးငွေ့ခြင်းသည် ရှည်လျားမြင့်မားသော ဘီလူးသရဲအရိပ်လို အုံ့ဆိုင်းကြီးစိုးနေပြန်၏။ လုံးတည်းနိုင်ပြီး ကြေကွဲခြင်းအတိဖြင့် မခံမရပ်နိုင်ဖြစ်ကာ ရူးသွပ်သွားမည်လားဟု ကြောက်ရွံ့တတ်ပြန်၏။

စိုး ဂျပန်သွားတာ တစ်လပြည့်ရုံ ရှိသေးသည်။ ခိုင်သည် မချုပ်တည်းနိုင်တော့ဘဲ ရောက်ရာကို ပြေးထွက်ပြီး လေကြမ်းတိုက်သဖြင့် ကြွေပြုန်းသော နှင်းဆီပွင့်ဖတ်များပမာ ဖရိုဖရဲ လွင့်ကြဲလိုက်ချင်၏။ ညမအိပ်နိုင်ဘဲ အိပ်ရာထဲထိုင်ပြီး

mgyoe.com

mgyoe.com


နာရီသံများကို နားထောင်ကာ ကယောင်ချောက်ချား ဖြစ်လာသလို၊ အပြင်းဖျားဝင်လာသလိုလို သည်လိုဖြစ်ဖန်များခြင်းအဆုံး၌ တစ်နေ့မှာ အားကိုးစရာ ရှာရတော့မည်ဟု အိမ်ပြန်ချင်လာ၏။ ဒေါ်ဒေါ့်ခြေကိုဖက်၍ ဒူးပေါ်ခေါင်းစိုက်ကာ ခိုင်ရဲ့အဖြစ်ကို စာအုပ်ဖတ်သလိုသာ ဖတ်ပါတော့ဟု ပြောချင်လာ၏။ ခိုင် တစ်ခါတစ်ခါ ငိုလို့တောင်မရ။ ရင်ဆို့ပြီး မလှမပ မငိုရသည်နှင့် ဘဝပင် ဆုံးရတော့မယ်လားလို့မေးချင်၏။

ထိုသို့ တစ်ညနေ ဘာမှ မစီစဉ်တော့ဘဲ ပြုန်းခနဲထွက်လာကာ အိမ်တောင်မဝင်ချင်။ ဒေါ်ဒေါ့်အိမ်သို့ တန်းဝင်ရ၏။ ကံကြမ္မာက ပုံစံတစ်မျိုးဆောင်ပြီး စောင့်နေသည်ကို တွေ့ရ၏။ ကိုယ်မစီစဉ်ဘဲ ဖြစ်နေတာ ကံကြမ္မာပေါ့။ ကိုညိုထွန်းဆိုသူနှင့် တွေ့ရခြင်းသည် ကံကြမ္မာပေါ့။

၀

mgyoe.com

mgyoe.com

ဦးလေးတို့ ဒေါ်ဒေါ်တို့အိမ်သည် မီးပွင့်များစွာထွန်းသဖြင့် လင်းထိန်နေကာ အထူးသန့်ရှင်းစင်ကြယ်နေ၏။ ဧည့်ခန်းနှင့်ဆက်လျက် ထမင်းစားခန်းပါ ပြင်ဆင်မွမ်းမံထားသည်ကလည်း ခါတိုင်းနှင့်မတူ။ မီးအုံးများက ရောင်စုံပန်းပွင့်များထိုးသည့် ကတ္တီပါအစွပ်သစ်များဖြင့် ပြောင်လက်ဝင်းပနေကြ၏။ ခန်းဆီးလိုက်ကာများက လည်း မီးအုံးစွပ်များနှင့်ဆင်တူ ပန်းမျိုးစုံထိုးထားသည်။ ကတ္တီပါပင်။ ပီယာနိုပေါ်မှာ ပြင်သစ်ဇာအုပ်သည်မှာလည်း အရင်က တစ်ခါမှ မမြင်ဖူးခဲ့သော အပြင်အဆင်၊ ပန်းအိုးများဖြင့် မွှေးထုံနေဆဲ။ ထင်းရှူးစိမ်းရောင် ဖရောင်းတိုင်များမှ ထင်ရှူးဆီနံ့က လွင့်ပျံ့နေသည်။

စားပွဲပေါ်မှာ ပြင်သစ်ဇာ စားပွဲခင်းပေါ် ညစာပန်းကန်စုံ၊ ငွေခက်ရင်းဇွန်းစုံနှင့် လက်သုတ်ပဝါများတောင် ငွေကွင်းစွပ်လျက်။

ဒေါ်ဒေါ်တို့ မကြာခဏ ဧည့်ကောင်းစောင်ကောင်း ဖိတ်ပြီးကျွေးမွေးဧည့်ခံတတ်၏။ ခိုင် (၁၆)နှစ်ပြည့်ကတည်းက ညစာပွဲများမှာ ပါဝင်စေချင်ကြ၏။ တူမကို ပွဲထုတ်ချင်ကြ၏။ ခိုင်က အမြဲငြင်းဆန် ရှောင်ကွင်းတတ်၏။ မရှောင်သာသော မွေးနေ့ပွဲများ၊ သီတင်းကျွတ်၊ တန်ဆောင်တိုင်ပွဲများမှသာ ခဏသွားတတ်၏။ လူအများ မြူးထူးပျော်မြူးသော တန်ခူးသဘင်ကိုတော့ ထွက်ကြည့်ဖို့တောင် သတိမရ။ သည်းမခံနိုင်။ သည်လိုနေလာတာ ၄-၅ နှစ်ရှိလေပြီ။

ဒေါ်ဒေါ်တို့ ဧည့်သည်များ ဖိတ်ထားပြန်ပြီ။ သည်လိုမှန်းသိရင် ကိုယ့်အိမ်အရင်ဝင်ပြီး မီးဖိုဘက်က အသာကူးခဲ့ဖို့ပင်။ ခုတော့ နောက်ဆုတ်လို့မရတော့။ ဧည့်ခန်းထဲသို့ ရုတ်တရက် မဝင်သေးဘဲ လှမ်းကြည့်လိုက်လျှင် ဒေါ်ဒေါ်တို့လင်မယားနှစ်ယောက်ကြားမှာ ဧည့်သည်ယောကျ်ားလူရွယ်တစ်ယောက် ထိုင်နေသည်ကို

mgyoe.com

mgyoe.com

မြင်ရ၏။ အနောက်နိုင်ငံဝတ်စုံနှင့်၊ လည်စည်းအနက်နှင့်၊ ပြောင်လက်သော ဦးချွန်ရှူးဖိနပ်နှင့်အရပ်ရှည်ပုံရ၏။ ပိန်ပိန်ပါးပါး မျက်နှာပုံပန်းကလည်း မဆိုးပါဘူး။ ခိုင်ချစ်တဲ့ စိုးလောက်တော့ ဘယ်သူ ကြည့်ကောင်းနိုင်မလဲ။

"ခိုင် . . .လာ . . . လာ . . ."ဟု ဒေါ်ဒေါ်နှင့် ဦးလေးက ပြိုင်တူခေါ်ကြ၏။

"အို. . .ဧည့်သည်ရှိမှန်းမသိလို့ ခိုင် ဝင်လာတာ၊ ဆောရီးပဲ။ နောက်မှ ပြန်လာမယ်"ဟု ပြန်ထွက်ဖို့ ပြင်ရ၏။

"လာပါ ခိုင်ရဲ့၊ ခိုင် ဒီလို အိမ်ပြန်လာချင်မယ်မှန်း မသိလို့ ဒေါ်ဒေါ်တို့ ဧည့်သည် တဖ်ယောက်တည်းဖြစ်နေတာ အတော်ပဲ။ ခိုင် ဘာလို့ ဆာဘူးကို မခေါ်လိုက် တာလဲ။ ဘတ်စ်ကားစီး ပြန်လာသလား။ နေကပူရဲ့"

"အို . . .အိမ်မှာ လိုချင်တာလေးတွေရှိလို့ စိတ်ကူးပေါက်ပြီး ပြန်လာတာ၊ တော်ကြာ အဆောင်ပြန်မှာ၊ အဆောင်မှူးဆီကတောင် ခွင့်မတောင်းခဲ့ဘူး။ အိမ်မှာ အိပ်ဖို့မှ စိတ်မကူးတာ၊ အဆောင်ပြန်အိပ်မှာ"

ဧည့်သည်က စိတ်ဝင်စားဟန်လည်းရှိ၊ ယဉ်ကျေးဖွယ်ရာဖြင့် သူတို့ စကားပြောနေသည်ကိုလည်း နားမထောင်ဘဲ မျက်နှာအနည်းငယ်လွှဲနေသည်။ ဦးလေးက အားလုံးကို အားနာဟန်ဖြင့်–

"ခိုင်. . .ဒါ ဦးလေးတပည့်ဟောင်းမောင်ညိုထွန်းပဲ၊ အင်္ဂလန်က တစ်နေ့မှ ပြန်လာတာ။ ဦးလေးတို့ဆီတည်းဖို့ ဟိုတယ်က သွားခေါ်လာရတယ်။ သူ့အဖေက လည်း ဦးလေးရဲ့ကျောင်းနေဖက် သူငယ်ချင်းဟောင်းပေါ့။ ထိုင်ဦး၊ ကျကျနန မိတ်ဆက်ပေးရအောင်"

ခိုင်က နီးရာဆိုဖာမှာ အစွန်းမှာ တစ်ဝက်သာထိုင်ရင်း–

"ခိုင် ခဏပဲနေမှာ၊ အိမ်ပြန်လိုက်ဦးမယ်။ ဒေါ်ဒေါ်နဲ့ပြောစရာရှိလို့ ဒီအရင် ဝင်လာတာ၊ အရေးမကြီးပါဘူး။ နောက်ကြုံမှလည်း ပြောရင် ရပါတယ်"

ဒေါ်ဒေါ်က–

"ကိုညိုထွန်း ဒါတူမလေးလှပွင့်ခိုင်ဆိုတာလေ၊ အင်းလျားဆောင်မှာနေ တယ်။ ဟိုက်ဘက်အိမ်က သူ့အိမ်"

"ကိုညိုထွန်းက ထလာပြီး လက်ဆွဲနှုတ်ဆက်၏။

"ကျွန်တော် ညိုထွန်းပါ"

ခိုင်က သူမလွှတ်ဘဲထားသည့်လက်ကို အသာဆွဲဖြုတ်ယူလိုက်ပြီး–

"ကျွန်မ ခိုင်ပါ" လို့ပြော၏။

"လူတိုင်း ခိုင်လို့ပဲ ခေါ်ကြတယ်"

mgyoe.com

mgyoe.com


စိုးကတော့ အချစ်ခိုင်လို့ခေါ်တယ်ဟု စိတ်ထဲက ပြောလိုက်၏။ ဒေါ်ဒေါ်က–

"အိမ်ပြန် ရေချိုးအဝတ်အစားလဲပြီး ပြန်လာလေ ခိုင်၊ ဟွာယင်းတရုတ်ဟိုတယ်က တရုတ်စာတွေ မှာထားတယ်။ ခိုင် ကြိုက်တဲ့ ပုစွန်တုပ်ကြော်လည်း ပါတယ်။ မြန်မြန်ပြန်လာနော်၊ ဧည့်သည်နဲ့ စကားပြောရအောင်"

ခိုင်က ဟုတ်ကဲ့ဟု ပြောပြီး ထ၏။ ကိုညိုထွန်းက စူးစိုက်ပြီးကြည့်နေတာကို သတိထားမိရ၏။ လှပရာမှာ ကျော်ကြားသော ခိုင့်ကို ယောက်ျားများစွာ သည်လိုပဲ ကြည့်ကြသည်။ ခိုင်က ကိုယ့်ဒုက္ခများစွာနှင့်ကိုယ်မို့ ထင်ရဲ့။ ဘာမှ စိတ်မဝင်စားခဲ့။ ယောက်ျားရွယ်တူများအပေါ် တုံ့ပြန်လိုစိတ် မပေါ်ခဲ့။ စိုးတစ်ယောက်ပဲ ခိုင်ဘဝထဲ ကြိုးစားတိုးဝင်လာခဲ့သည်။

ခိုင်က ယဉ်ကျေးဖွယ်ရာမျှသာ ပြုံးပြပြီး ဘာလို့ ဦးလေးတို့အိမ် တည်းနေရတာလဲ။ ရှုပ်လိုက်တာ။ ရန်ကုန်ကမှုတ်ဘူး ထင်ပါရဲ့။ အင်္ဂလန်မှာ စာသွားသင်တာ ဖြစ်မှာပဲ။ ဆရာဝန်လား၊ အင်ဂျင်နီယာလားဟု တွေး၏။

အို . . .စိုးသာ သူ့အရွယ်၊ သူ့လို ပညာအစုံသင်ပြီးသား၊ အိမ်ရာထူထောင်ဖို့ အသင့်ဆိုရင် ဘယ်လောက်ကောင်းမလဲ။ သူ့လို စိုးအသက် (၃၀)ရွယ်လောက် ရောက်ရင် ခိုင်နဲ့ရွယ်တူလို ဖြစ်သွားမှာ။

ခိုင် အိမ်ဘက်သို့ပြန်ကူးပြီး ရေမိုးချိုးအဝတ်စားလဲဆဲ ဦးလေးက ဟိုဘက်အိမ်မှ တယ်လီဖုန်းဖြင့် လှမ်းပြော၏။

"ခိုင် အဆောင်မှူးကို ဦးလေးဖုန်းဆက်ပြီး ခွင့်တောင်းလိုက်ပြီ၊ ခိုင် ဒီည ကျောင်းဆောင်မပြန်နိုင်ဘူးလို့၊ ခိုင် သဘောတူတယ်မှုတ်လား။ အိမ်မှာ မအိပ်ချင်ရင် ဒီည ဦလေးတို့အိမ်မှာ အိပ်ပါကလေးရယ်"လို့ ချော့ချော့မော့မော့ ပြော၏။ ဒေါ်ဒေါ်က ဝင်ပြီး–

"ခိုင် ဒေါ်ဒေါ်နဲ့လည်း ပြောစရာတွေရှိတယ်ဆို"ဟု သတိပေးပြန်၏။ ပထမတော့ ခိုင် စိတ်ဆိုးမိသလိုလို။ ဒါပေမဲ့ ခိုင့်ကို ချစ်လို့ပဲ။ မိဘလိုပဲ။ ဒါ အရေးကြီးဆုံးပဲလို့သာ တွေးရ၏။ ခိုင် သူတို့အိမ်မှာ ဘယ်တော့မှ အိပ်ဖူးတာမှုတ်ဘူး။ ဘယ်လောက် ညဉ့်နက်နေနေ မီးဖိုက ဖြစ်စေ၊ ပေါ်တီကိုကဖြစ်စေ ပြန်ကူးလာမြဲ။ ခုတော့ ကိုယ့်အိမ်မှာလည်း မအိပ်နိုင်တော့။ သူတို့ဆီမှာပဲ အိပ်ရတော့မယ်။ ကြီးကြီးကတောင် သူတို့ဘက်က–

"ခိုင် ကြီးလာပြီပဲ၊ လုပ်သင့်တာလုပ်ဖို့ စိတ်ကူးဦးပေါ့ အလှခိုင်ရယ်။ တစ်သက်လုံး တစ်စိုက်မတ်မတ်လုပ်တတ်တာ အကျင့်ကြီးကိုပါလို့၊ ငယ်ငယ်ကတည်းက ပုစွန်ဆီပြန်နေ့တိုင်းစားတယ်။ ဂေါ်ဖီထုပ်ကြော် နေ့တိုင်းစားတယ်။ တခြား ဘာမှ

mgyoe.com

mgyoe.com


ကျွေးလို့မရဘူး။ မစားဖူးတဲ့အသားငါးဆို တို့ကြည့်မြည်းကြည့်ခိုင်းလို့တောင် မရဘူး။ ငယ်ငယ်ကလေးကတည်းက နေပူထဲထိုင်နေရင် ရွှေ့ပေးလို့မရဘူး။ မနားဘဲ ထိုင်ငိုနေတော့ နေပူထဲ ပြန်ပို့ပေးရတယ်။ ဒီတော့မှ အငိုတိတ်တယ်" စသည်ဖြင့် ရာဇဝင်နှင့်ချီပြီး ပြောပြန်၏။

ခိုင်က ရယ်ပြီး–

"တော်ပါတော့ ကြီးကြီးရယ်၊ ခိုင် ဒီမှာလည်း မအိပ်ချင်တော့ပါဘူး။ နေတောင်မနေချင်ပါဘူး။ ခိုင့်ပစ္စည်းတွေ တဖြည်းဖြည်းနဲ့ ကျောင်းကို သယ်တန်တာ သယ်ရမယ်။ အိမ်ပြန်လာလည်း ဦးလေးတို့နဲ့ သွားအိပ်မယ်၊ ကျေနပ်ပြီလား"ဟု ပြောရ၏။

"ဒီအိမ်ကတော့ ခိုင့်အိမ်ပေါ့၊ ညအိပ်ရင်သာ ဟိုဘက်အိမ်သွားအိပ်ကြည့် ပါလား"ဟု ကြီးကြီးက အကြံပေးသည်။

"အဲဒါကောင်းတယ်"ဟု ခိုင်က သဘောတူလေ၏။

"ခိုင် လိုချင်တာတွေပြခဲ့၊ ကြီးကြီး ယူလာခဲ့မယ်။ အဲဟိုမှာအိပ်တော့ တိုလီမုတ်စလေးတွေ လိုဦးမှာ။ မိတ်ကပ်၊ ပေါင်ဒါ၊ ရေမွှေးကအစ၊ သွားပွတ်တံက အစ မှုတ်ဖူးလား။ ပြီးတော့ ညအိပ်အင်္ကျီတွေ၊ ညဝတ်ဖိနပ်တွေ. . ."

"နေပါဦး၊ ဦးလေးတို့ ခိုင်ဖို့ပြင်ထားတဲ့ အိပ်ခန်းက ခုရောက်နေတဲ့ ဧည့် သည်အခန်းနဲ့ကပ်လို့လား"ဟု မေးရပြန်၏။

"ဒါပေါ့၊ သူတို့အိပ်ခန်းနဲ့ ကပ်လျက်အခန်းက ဘုရားခန်းလုပ်ထားတာ ကြာပြီပဲ"

"ဟုတ်သားပဲ၊ မေ့လို့"

"အဲဒီက မှန်တင်ခုံပေါ်တင်ထားဖို့ မောင်စိုးမင်းဓာတ်ပုံပါ ယူခဲ့မယ်"ဟု ကြီးကြီးက ပြော၏။ ဒါကြောင့် ကြီးကြီးကို မိဘလို ချစ်ရတာ၊ ဘကြီးကတော့ စကား သိပ်နည်းတာ။ တစ်နေ့လုံးနေလို့ တစ်ခွန်းတောင် မထွက်ဘူး။ ခိုင့်ကိုတော့ သမီးလို ချစ်တာပဲ။

သူ့တို့ကို အိမ်စောင့်၊ ထမင်းချက်လင်မယားလို့ အမြဲသဘောထားခဲ့တာ လည်း မှန်သည်။ ဒါကို ဖျောက်ရမည်။ ခိုင် မိုက်မဲလိုက်တာ။ သူတို့ကို သေဆုံးသွား သော မိဘများအစား ထိုးရမည်။ ခိုင် လိမ္မာလာပြီဆိုတာ ပြရမည်။ သီတင်းကျွတ် ရင် လက်ဆောင်ပေးမြဲပေးတဲ့အခါ တကယ် ကြမ်းပေါ်ထိုင်ပြီး ကန်တော့ရမည်။

ဦးလေးတို့အိမ်နှင့် ခိုင့်အိမ်မှာ တစ်ပုံစံတည်းဆောက်ထားလေတော့ အပေါ် ထပ်အိပ်ခန်း (၄)ခန်းကို အလယ်က လှေကားဖြင့် ခွဲပိုင်းထားပြီး မြောက်ဘက်

mgyoe.com

mgyoe.com


အိပ်ခန်း (၂) ခန်းမှာ အိပ်ခန်းအပိုများဖြစ်နေသည်။ တစ်ခါတုန်းက၊ မကြာလှသေးခင်က စိုး ခိုင့်ရဲ့အိမ်မှာ တစ်ည အခန်းချင်းကပ် အိပ်ခဲ့ကြတာ သတိရ၏။ ခိုင်သာ တတ်နိုင်ခဲ့ရင် စိုးအိပ်နေတဲ့အခန်းကို ခိုင်ကစပြီး သွားရောက်ချင်ခဲ့တာ သတိရ၏။ မပိုင်ဆိုင်ခဲ့ရတဲ့ စိုးလေးလို့ သတိရပြီး မျက်ရည်လည်ချင်လာ၏။

မှန်ထဲမှ ကိုယ့်မျက်နှာကို ကိုယ် ကြာကြာကြည့်ပြီး လှသားပဲ၊ မဆိုးပါဘူးဟု ထင်၏။ စိုး အင်မတန် နမ်းချင်ခဲ့တဲ့ ခိုင့်နှုတ်ခမ်းက အလှဆုံးပဲတဲ့။ 'နှင်းဆီငုံလေးလိုပဲ'လို့ သူ ပြောတတ်၏။ တစ်ဖန် ကြိုးစားစိတ်ဖြေကာ သင့်လျော်သော အဝတ်အစားဝတ်ပြန်၏။ အေးလေ. . .စိတ်ပြေလက်ပျောက် ညစာထမင်းပွဲမှာ ဦးလေးတို့ ဧည့်သည်နဲ့တွေ့ရလည်း ကောင်းသားပဲ။ မိဘမဲ့ကျောင်းက ပါတီတွေတက်ခဲ့သလိုပေါ့။ တကယ်တော့ စိတ်မပါဘဲ စကားရှာဖွေပြောရဦးမယ်။ စိတ်ညစ်စရာကြီးဟု သာ တွေးရသည်။

ဦးလေး ဒေါ်ဒေါ်တို့အိမ်ကို ဆက်နေသောမီးဖိုမှ ကူးခဲ့လျှင် (၇)နာရီ ကျော်လေပြီ။ ကြီးကြီး တိုက်တွန်းလို့ သောက်ရသော ချော့ကလက်ဖျော်ရည် အနည်းငယ်ကြောင့်သိပ်မဆာလှ။ ထမင်းစားချိန်တန်တော့ ဆာလာလိမ့်မည်။ ဧည့်ခန်းထဲသို့ ဝင်ခဲ့လျှင် ကိုညိုထွန်းက ယဉ်ကျေးဖွယ်ရာနှင့် ထိုင်ရာကထပြီး ကြိုသည်။ ဦးလေးကပါ ထကြိုသည်။ အားလုံးထိုင်မိကြလျှင် ထုံးစံအတိုင်း ဦးလေးက စကားများစွာ ပြောသည်။ အမြဲတမ်း သူ့ကျောင်းကိစ္စ၊ လက်အောက်က ကျောင်းဆရာ၊ ဆရာမကိစ္စ၊ ကျောင်းသားကျောင်းသူများကိစ္စ၊ သိပ္ပံပညာအတန်းများပါ တိုးချဲ့ဖို့ ဓာတ်ခွဲခန်းများဖြင့် ကောလိပ်လို အထက်တန်းကျကျ သင်နိုင်ဖို့။

ဒေါ်ဒေါ်က–

"ကိုညိုထွန်းက အလုပ် ဘယ်တော့ဝင်ရမှာလဲ"ဟု ဦးလေးစကား ခဏပြတ်စဉ် စကားအသစ် စတင်ရ၏။

"ကုမ္ပဏီချယ်ယာမင်ကတော့ ချက်ချင်း အလုပ်ဝင်စေချင်တာပဲ။ ကျွန်တော်က တောင်ကြီးပြန်ပြီး မိဘတွေနဲ့ တွေ့ချင်သေးတယ်လို့ ပြောရတယ်။ (၂) ပတ်လောက်တော့ အားနေဦးမယ်"

"ရန်ကုန်မှာ ရှိနေတုန်းတော့ ဒေါ်ဒေါ်တို့အိမ်မှာနေလို့ ရပါတယ်။ အလုပ်မဝင်ခင် အခြေမကျသေးခင် လာနေပါ၊ အားနာစရာ မရှိပါဘူး။ ကိုညိုထွန်းဆရာကလည်း သိပ်စကားပြောဖော် လိုချင်တာ"

"ဦးညိုထွန်းက အင်္ဂလန်မှာ ဘာသွားသင်တာလဲ" ဟု ခိုင်က မေးရ၏။

သူက ဒေါ်ဒေါ်ကို ကျေးဇူးတင်စကား မြန်မြန် အရင်ပြောလိုက်ပြီး–

mgyoe.com

mgyoe.com


"အမ်အက်စ်စီ သင်္ချာဂုဏ်ထူးပြီးတော့ ပညာတော်သင်လျှောက်တာ မရဘူး။ ဒါနဲ့ ကုမ္ပဏီက အလုပ်သင် (၆)လလုပ်ဖို့ ခေါ်ပြီးတော့ အင်္ဂလန် လွှတ်ပေးလိုက်တာပဲ"ဟု ပြောပြသည်။

"သူ အင်္ဂလန်မှာ (၈)နှစ်တောင် ကြာခဲ့တာ ခိုင်ရဲ့"ဟု ဒေါ်ဒေါ်က ဖြည့်စွက် ပေးပြန်၏။

ကိုညိုထွန်းက ပြုံးပြီး–

"ကုမ္ပဏီချယ်ယာမင်က မာမီနဲ့ ဆွေမျိုးလည်းတော်၊ ရှယ်ယာလည်း ဝင်ထားတော့ အခွင့်အရေးရတာပေါ့။ ပြီးတော့ ရောက်တုန်း ဥရောပလည်ချင်သေးတာနဲ့ ဆက် အလုပ်လုပ်နေရင်း ကြာသွားတာ"

"သချာတတ်တော့ ကုမ္ပဏီမှာ ဘာတွေတွက်ရချက်ရသလဲ"ဟု ခိုင်က နားမလည်ဘဲ မေးတော့ ဦးလေးကရယ်ပြီး–

"မောင်ညိုထွန်းက စာရင်းစစ်တဲ့နေရာမှာ ပါရဂူကွဲ့ ခိုင်ရဲ့၊ မြန်မာပြည်မှာ အဲဒီဘွဲ့ရတဲ့သူ သိပ်မရှိဘူး။ မောင်ညိုထွန်းကတော့ ထိပ်တန်းကနေမှာ"

ကိုညိုထွန်းက ထပ်ပြောသည်မှာ–

"ကုမ္ပဏီပိုင်အိမ်တွေ ဆောက်နေတာ ပြီးကုန်ပြီ။ အိမ်ထောင်ပရိဘောဂ ထည့်ရုံပဲ။ တစ်လအတွင်း အသင့်ဖြစ်မယ် ပြောတာပဲ။ ကားလည်းရမယ်"

ဒေါ်ဒေါ်က–

"အဲဒီအိမ်မရခင် အစ်မကြီးတို့နဲ့ပဲနေပါ၊ ဟိုတယ်နေရတာ ဘယ်ကောင်းမလဲ"

ဦးလေးက–

"မောင်ညိုထွန်း တောင်ကြီး ဘယ်တော့ တက်မှာလဲ။ မင်း ဖေဖေကတော့ သိပ်ဝမ်းသာနေမှာ တစ်ယောက်တည်းသော သား ကြီးပွားတာမြင်ရတော့။ ဆရာလည်း သူနဲ့မတွေ့တာကြာပြီ။ မင့် မေမေကော တော်တော်လွမ်းနေမှာ၊ မျှော်နေမှာ"

ကိုညိုထွန်းက ခိုင့်ကို စူးစိုက်ကြည့်ပြီး–

"ပထမတော့ (၂) ပတ်လုံး သွားနေမယ် အောက်မေ့တာ။ ခုတော့ ၄–၅ ရက်နေပြီး ပြန်လာမယ် အောက်မေ့တာပဲ"

ဦးလေးတို့က တိတ်ဆိတ်သွားတော့ ခိုင်က ငြိမ်မနေနိုင်ဘဲ–

"ခိုင်က အင်လျားဆောင်မှာနေတာ၊ အိမ်ကို ၃–၄ လမှ တစ်ခါပြန်တာ၊ စာမေးပွဲနီးလာတော့ စာထိုင်ကျက်ရမှာ၊ မိဘမဲ့ကျောင်းလည်း သွားရသေးတယ်။ တခြား ဘာလုပ်ဖို့မှ စိတ်မကူးအားပါဘူး" ဟု ခပ်ဆတ်ဆတ် ပြောလိုက်၏။

mgyoe.com

mgyoe.com

ကိုညိုထွန်းကို ရဲတင်းလှသည်ဟု ထင်မိ၏။ သူက အပြုံးမပျက်ဘဲ–

"ခိုင် ငယ်ငယ်လေးရှိသေးတာ၊ မိဘမဲ့ကျောင်းမှာချည်း အချိန်ကုန်နေလို့ ဘယ်ဖြစ်မှာလဲ"

ဒေါ်ဒေါ်က–

"ခိုင်က မိဘတွေ ဆုံးသွားပြီး တစ်ယောက်တည်း အိမ်ဖော်အဘိုးကြီး လင်မယားနဲ့ နေလာတာ ၄–၅ နှစ်ရှိပြီ။ အသက် (၂၀)မပြည့်သေးဘူး။ ဒါပေမဲ့ လူကြီးကလေးလိုပဲ။ အိမ် (၂)လုံးက ဆက်နေတော့ ဒေါ်ဒေါ်တို့နဲ့လည်း လာမနေချင်ဘူး။ ကူးလို့လွယ်နေတာကိုး။ ခု ကောလိပ်မှာသွားနေတာ (၂)နှစ်ပဲ ရှိသေးတယ်။ အင်းလျားဆောင်မှာ သူ့ကို ပျော်ပျော်ရွှင်ရွှင် ရှိစေချင်ပါတယ်။ ဒါပေမဲ့ မိဘမဲ့ကျောင်းပဲ လုပ်အားသွားပေးနေတာပဲ။ ဒီည ဒီမှာ လာအိပ်တာ ပထမဆုံး အကြိမ်ပဲ"

ကိုညိုထွန်းက ခိုင် မိဘမဲ့သူဖြစ်သည့်အတွက် "ဆောရီး"လို့ ဆိုလိုက်၏။ ခိုင်ကသာ–

"အို . . .ဒေါ်ဒေါ်ကလည်း ဒါတွေပြောမနေပါစို့နဲ့၊ တရုတ်အစာတွေ ဘယ်တော့ လာပို့မှာလဲ"

ကိုညိုထွန်းက ဦးလေးနှင့်စကားပြောလျှင် အင်္ဂလိပ်လို ပြောတတ်၏။ ဒေါ်ဒေါ်က အိမ်သိမ်းသူ ကရင်မကြီး ဒေါ်ဖောတေးနှင့် ထမင်းပွဲပြင်ရ၏။ သူ့ယောက်ျားက ဝိုင်နီ၊ ဝိုင်ဖြူခွက်များ ချနေ၏။ သည်တော့မှ ခိုင့်ရှေ့မှာရှိသော ရှယ်ရီခွက်ကို သတိပြုမိ၏။ ဦးလေးနှင့်ကိုညိုထွန်းတို့လည်း ရှယ်ရီသောက်နေကြပြီး ခိုင့်ကို စကားဝိုင်းထဲ ကြိုးစားပြီး သွင်းကြသည်။

လူကြီးဝိုင်းထဲဝင်ဖို့သင့်ပြီး ခိုင် အရွယ်ရောက်လာပြီဆိုတာကို ကြေညာသည့် ပမာ ညွှသည်နှင့် မျက်နှာချင်းဆိုင် ခိုင် ထိုင်ရမည့်နေရာမှာ ဝိုင်ဖန်ခွက်အစုံနှင့် အကျအန။ အချိန်ကျ၍ ထမင်းစားပွဲမှာ ထိုင်မိကြလျှင် ကိုညိုထွန်းက–

"ဆရာ့တူမရဲ့ အသက်ငယ်ရွယ်တာနဲ့ လှပတာအတွက်"လို့ အင်္ဂလိပ်လိုပြောပြီး ခိုင့်ကို ရည်စူးသည့် ဝိုင်ဖန်ခွက်ကို မြှောက်လိုက်တော့ ဦးလေးနှင့်ဒေါ်ဒေါ်တို့က ပြုံးရယ်ပြီး ဖန်ခွက်ကိုယ်စီမြှောက်ကြသည်။ ခိုင်က ရှိုင်းရာမကျချင်တော့ လိုက်လျော ရသော်လည်း နှုတ်ခမ်းနှင့်ဖန်ခွက်ထိတော့ရုံ၊ နှုတ်ခမ်းကို ဝိုင်နှင့်ဆွတ်ရုံပဲ လျှာပေါ် တောင် များများမရောက်။ တကယ်တော့ ခိုင်က အရက်ဆိုသမျှ အကုန်မုန်း၏။ အရက်သောက်တတ်သူများလည်း မေတ္တာမရှိ။

ဦးလေး၊ ဒေါ်ဒေါ်နှင့် ကိုညိုထွန်းတို့သာ စကားပြောနေကြပြီး ခိုင်က စားစရာ

mgyoe.com

mgyoe.com

ကို ခပ်ငြိမ်ငြိမ် ခပ်ဖြည်းဖြည်း စားနေသည်။ စိုးကို ပိုပြီး သတိရသည်။ စိုးလည်း လေးငါးနှစ်ကြာရင် အလုပ်နဲ့အကိုင်နဲ့ ယောကျာ်းကြီးကြီးမားမား ဖြစ်သွားမှာ။ အဲဒီတော့မှ စတွေ့ဖူးကြရရင် ကောင်းမလားမသိဟု တွေးမိ၏။ ဒါပေမဲ့ ခိုင့်ထက်တော့ စိုး အမြဲငယ်နေမှာပဲ။

"ခိုင် စကား သိပ်မပြောဘူး" လို့ ကိုညိုထွန်းက လှမ်းပြီး စကားစ၏။

"ပြောပါတယ်၊ စိတ်ရတဲ့အခါ တစ်ခါတစ်ခါပြောမိရင် ရပ်လို့တောင် မရဘူး"

"ဟုတ်လား၊ ဘယ်လို စကားတွေများ ပြောတတ်လဲ"

"အို . . .ဓာတ်ပြားအသစ်တွေ၊ စာအုပ်အသစ်တွေအကြောင်းပေါ့။ ပြီးတော့ မိဘမဲ့ကလေးများကျောင်းမှာ လုပ်အားပေးတဲ့အကြောင်း၊ ဘယ်သူမဆို ကောလိပ်ဒီဂရီရမှ အလုပ်ရှာလို့ လွယ်တဲ့အကြောင်း၊ ဓာတ်ပုံပညာအကြောင်း၊ ဂျပန်ပြည်အကြောင်း"

ကိုညိုထွန်းက ရယ်မောပြီး–

"ဘာဖြစ်လို့ ဂျပန်ပြည်အကြောင်းကို ရွေးပြီး ပြောချင်ရတာလဲ"

ခိုင်က ခဏတန့်နေပြီးမှ ရယ်မောလိုက်ကာ–

"ဂျပန်ပြည်အကြောင်း၊ တရုတ်ပြည်အကြောင်း၊ ထိုင်းနိုင်ငံအကြောင်း"ဟု ဆက်ပြောလိုက်ခြင်းဖြင့် ပြက်လုံးအဖြစ် အဆုံးသတ်သွားသည်။ ဦးလေးဒေါ်ဒေါ်တို့ကလည်း ဝင်ရောက်ရယ်မောပြီး တခြားစကားပြောင်းလိုက်ကြလေသည်။

ခိုင်သည် ခဏသာ ဧည့်ခန်းမှာ ပြန်ထိုင်ပြီး စောစောအိပ်ရာဝင်ဖို့ ကြိုးစား၏။ မနက်စောစော ထရမယ်။ ဒေါ်ဒေါ်က–

"မနက်ဖြန် သောကြာနေ့မှုတ်လား ခိုင်၊ ကျောင်းပြန်ဦးမှာလား"

"ပြန်မယ်လေ ဒေါ်ဒေါ်"

"မနက်ပိုင်းပဲ အတန်းတက်ရမှာမှုတ်လား။ အရေးမကြီးလည်း အိမ်မှာ ဆက်နေပါလား။ ခိုင် . . .ဒေါ်လေးတို့လေးယောက် ညနေရုပ်ရှင်ကြည့်ရအောင်၊ ပြီးတော့ စနေ၊ တနင်္ဂနွေ အိမ်မှာ ဆက်နေပေါ့။ ဒေါ်ဒေါ်တို့အိမ်မှာ ဆက်အိပ်ပေါ့"

"မသိသေးပါဘူး ဒေါ်ဒေါ်ရယ်၊ စာမေးပွဲလည်း နီးလာပြီ"

ကိုညိုထွန်းက ဝင်ပြီး–

"ကျွန်တော် တောင်ကြီးကို တနင်္လာနေ့ပြန်မှာ၊ မပြန်ခင် ဆရာရယ်၊ အစ်မကြီးရယ်၊ ခိုင်ရယ် အပြင်မှာ တစ်ညထွက်စားကြရအောင်၊ ဖိတ်ပါရစေ" လို့ ပြော၏။

"စနေနေ့ညဆို မကောင်းဘူးလား"

mgyoe.com

mgyoe.com


ဦးလေးက "ခိုင့်သဘောပဲ"လို့ဆိုပေမဲ့"ကောင်းသားပဲ"လို့ ဆက်ပြောပြန်လေ၏။

ထို့ကြောင့် သောကြာနေ့ညမှာ ရုပ်ရှင်ကြည့်ကြရ၏။ စနေနေ့မှာ အပြင်ထွက်စားကြရ၏။ နေ့လယ်ချိန်မှာ ထိုင် စကားပြောနေကြ၏။ လမ်းထွက်လျှောက်ကြ၏။ တနင်္ဂနွေနေ့မှာ ဘာလုပ်မလဲ။ ညနေစောင်းလာတော့–

"ကားလျှောက်မောင်းရအောင်၊ ပဲခူးဘက် လမ်းတွေတောင် သိပ် မမှတ်မိတော့ဘူး၊ ခိုင် လိုက်ခဲ့ပါလား"လို့ ကိုညိုထွန်းက ပြောတော့ ဒေါ်ဒေါ်က ဝင်ပြီး–

"ကိုညိုထွန်းက ရောက်လာတဲ့နေ့ကပဲ ကုမ္ပဏီက ကားတစ်စင်း ယူထားတာ၊ ကားရုံထဲမှာ ခိုင် မတွေ့သေးဘူး ထင်တယ်။ ခိုင် လိုက်သွားပါလား၊ ဦးလေးနဲ့ ဒေါ်ဒေါ် မလိုက်နိုင်ဘူး။ သွားစရာတစ်ခု ရှိနေတယ်"

ပြီးတော့ နှစ်ကိုယ်ကြား ခပ်တိုးတိုး–

" ခိုင် စိတ်ပြေလက်ပျောက်ပေါ့၊ မောင်စိုးမင်းသွားကတည်းက ခိုင် သိပ်ပြီး ကယောင်ချောက်ချား ဖြစ်နေတာ"

စိတ်ထဲမှာ ဒေါ်ဒေါ်က စိုးကို သတိရသည့်အတွက် သိပ်မဆိုးပါဘူးဟု စဉ်းစားမိ၏။ ဟုတ်တယ်၊ စိတ်ပြေလက်ပျောက်ဟု တွေးပြန်၏။ ဒါပေမဲ့ ကိုညိုထွန်းကို မိတ်ဆွေဖြစ်ချင်စရာ၊ ကြာရှည်ဆက်ဆံချင်စရာလူလို့ နည်းနည်းမှ မထင်။ စကားပြောလို့ ခွင်မကျ။ ရှေ့လျှောက်လည်း တွေ့ဆုံစရာမရှိ။ သူ တောင်ကြီးပြန်သွား ခိုင်က အင်းလျားပြန်ရုံပဲ။ သူ ရန်ကုန်ပြန်လာလည်း ဦးလေး ဒေါ်ဒေါ်တို့နဲ့ သူတို့ ဘာသာ စခန်းသွားကြပေါ့။

သို့သော် ခိုင်နှင့်သူတို့ တစ်ညနေလုံး ပဲခူးဘက်ထွက်ပြီး အကြာကြီး ဦးတည့်ရာ ကားမောင်းပြီး တဖြည်းဖြည်း စကားတွေ့ကရာပြောမိပြန်တော့ စိတ်ညှိုးနွမ်းတာ၊ လုံးတည်းဖြစ်တာ၊ အားငယ်တာတွေ အတော်သက်သာသည်ကို တွေ့ရ၏။ ကိုညိုထွန်းကို နည်းနည်းယုံကြည် ခင်မင်လာ၏။ သူက ခိုင့်ကို ပွင့်ပွင့်လင်းလင်းပင် စုံမက်ဟန်ပြ၏။

"ဦးညိုထွန်း၊ ဦးညိုထွန်းနဲ့ မခေါ်ပါနဲ့။ စိမ်းကားလှပါတယ်"လို့ ကန့်ကွက်ပြီး–

"ဘယ်လိုခေါ်ရမလဲ" မေးတော့ နောက်ပြောင်သလိုလိုနှင့်–

"ကိုကိုထွန်းလို့ ခေါ်ပါလား"

"မခေါ်ချင်ပါဘူး၊ ကိုညိုထွန်းပဲ ခေါ်မယ်၊ သူက ခိုင့်ထက် (၉)နှစ်ကြီးတယ် ဆိုပြီး အရိုအသေတန်တယ်လည်း မထင်နဲ့ဦး။ ကိုညိုထွန်းပဲ"

mgyoe.com

mgyoe.com

သူက ဘာမှမပြောတော့ ကားခြေနင်းကိုပိုနင်း၊ ဓာတ်ဆီပါလွှတ်လိုက်တော့ ကားသည် ဝူးခနဲမြည်ပြီး အရှိန်ပြင်းလာ၏။ ခိုင်က သူ ကားခပ်မြန်မြန်မောင်းတတ်သူပဲ၊ တော်တော်လည်း ကျင်လည်တယ်ဟု တွေးနေရင်း ကိုညိုထွန်းက တောင်ကြီးမှာ ၃-၄ ရက်ပဲနေမည်ဟု ပြောပြန်၏။ ခိုင်ရှိရာ ရန်ကုန်ကို သူ မြန်မြန်ပြန်လာချင်သည်။ ပြီးတော့ အလုပ်မြန်မြန်ဝင်မည်။ အိမ်နှင့်ကားသစ်မြန်မြန်ရဖို့ လိုက်ရမည်။ သည်ကားကိုတော့ ယာယီသုံးနေရဦးမည်။ ကားက အိုပယ်အသစ်ကလေးပဲ။ မဆိုးပါဘူး။ ပြီးတော့ ခိုင့်ဆီ ညနေတိုင်း အင်းလျားဆောင် လာမလည်ရဘူးလားလို့ မေးလေ၏။ ခုလို ကားထွက်ထွက်မောင်းရအောင် လာခေါ်ချင်သည်တဲ့။

"အို . . .မလာပါနဲ့၊ ခိုင် စာကျက်ရဦးမယ်၊ စာမေးပွဲ နီးလာပြီ" ဟု ပြောပြီး ရင်ခုန်သလိုလို၊ ထိတ်လန့်သလိုလို။

"စနေ၊ တနင်္ဂနွေကော"

"စနေ၊ တနင်္ဂနွေလည်း စာကျက်ရမှာပဲ၊ စာကျက်ချင်လို့ မိဘမဲ့ကလေးများကျောင်းတောင် မသွားနိုင်ဘူး"

"ခိုင် အိမ်မပြန်ဘူးလား၊ ကိုယ်လာလည်ရအောင်"

"အိမ်လည်း မပြန်ပါဘူး"

ကိုညိုထွန်းက ဘာမှမပြောဘဲ ခပ်မြန်မြန်ပင် ၅ မိနစ်ခန့် ဆက်မောင်းနေရာက ကားကို ဗြုန်းခနဲ အရှိန်သတ်ပြီး လမ်းဘေးမှာ ရပ်လိုက်၏။ သစ်ပင်ရိပ်များ မှောင်ရီနေ၏။ နေရောင်သည် နီကြန်သော်လည်း ဖျော့တော့လှပြီ။ တဖြည်းဖြည်း ပျောက်လွင့်နေ၏။ အေးမြသောညဦး ကျရောက်လာ၏ လမ်းပေါ်မှာ ကားအသွားအလာလည်း နည်းပါးလှ၏။ ခိုင်သည် ရင်ခုန်ရာမှ ပိုမို ထိတ်လန့်လာသည်။ ညအချိန်မှာ ခုမှတွေ့ဖူးသော ၃-၄ ရက်မျှသာ သိကျွမ်းခဲ့ရသောသူနှင့် နှစ်ယောက်တည်းလိုက်လာမိသည်မှာ မှားပြီ။ ဒေါ်ဒေါ်တို့ ဧည့်သည်မို့ ယုံမိတာ။ ဒေါ်ဒေါ်တိုက်တွန်းလို့ လိုက်လာတာ။ သူက ခိုင့်ကို သိပ်လွယ်တယ်များ အောက်မေ့နေသလားမသိ။ တချို့ယောကျာ်းတွေဟာ နားမလည်သား ဆိုးရွားတတ်တယ်။ ဒါမှမဟုတ် သူ အနောက်နိုင်ငံ သိပ်ဆန်သူများလား။

ကိုညိုထွန်းက ခိုင့်အနားတိုးထိုင်ပြီး-

"ကဲ . . . ပြောပါဦး၊ ခိုင်နဲ့ ဘယ်လိုနည်းနဲ့ ထပ်တွေ့ရမယ်ဆိုတာ"

"အို . . .ခိုင် မပြောတတ်ဘူး"ဟုသာဆိုပြီး နဂိုကတည်းက မပျော်ရွှင်သော နှလုံးဖြင့် ငိုချချင်စိတ် ပေါက်လာ၏။ ဘာမှ ထပ်မပြောဘဲ ငိုင်နေမိပြန်၏။ စိုးကို သစ္စာဖောက်ဖျက်နေသလိုပဲ။ တကယ်တော့လည်း စိုးကို အားမကိုးနိုင်။ စိုးနဲ့နီးစပ်လို့

mgyoe.com

mgyoe.com


မရသေး။ ခိုင် အားငယ်လှ၏။ ချစ်လျက်နှင့်ယူလို့မရသေး။ မချစ်ဘဲကော ယူလို့ရသလား။ ဒါကတော့ စိတ်မနှံ့သူတို့ အတွေးသာ ဖြစ်လိမ့်မည်။

ကိုညိုထွန်းက ခပ်တည်တည် ခပ်ရဲရဲပင်။

"ခိုင့်ကို မြင်မြင်ချင်း သိပ်ချစ်တာပဲ"ဟု ပြော၏။

"ခိုင့်ကို အရမ်းချစ်နေတာပဲ"ဟု ထပ်ပြော၏ ခိုင် ငြိမ်နေသည်ကို ကြည့်နေ၏။ ပြီးတော့ ဗြုန်းခနဲ ခိုင့်ကို ရင်ချင်းအပ်ပြီး သိမ်းကျုံးဖက်လိုက်သည်။

ခိုင် ပထမလန့်သွားပြီး ပူပင်စွာတွေးသည်မှာ မူးဦးတော့မှာပဲ။ သတိမေ့သွားရင် ဘယ်နဲ့လုပ်မလဲ။ ခိုင် ဘာဖြစ်တယ်ဆိုတာ သူ နားလည်ပါ့မလား။ ခိုင့်အကြောင်းလည်း သူ ဘာမှ သိတဲ့လူမဟုတ်။ သူစိမ်းသက်သက်။ ခိုင့်ကို သနားတတ်၊ ကြင်နာတတ်၊ ယုယတတ်မှာလည်းမဟုတ်။ သတိပြန်လည်လာအောင် လုပ်တတ်မှာလည်းမဟုတ်။ သူလိုချင်တာသာ သူသိတဲ့လူမျိုး။ စိုးနှင့်များတော့ ကွာလိုက်တာ။

ခိုင် အလွန်အံ့သြသွား၏။ နည်းနည်းမှ မူးဝေခြင်းမရှိ။ ခေါင်းထဲကြည်လင်မြဲ။ နည်နည်းမှ မူးဝေခြင်း မရှိ။ ဟော့ . . .မမခိုင်ဆိုသည့်အသံလည်း ပေါ်မလာ။

ယောကျ်ားတစ်ယောက်နှင့် သည်လောက် နီးစပ်ရင်းနှီးခြင်းကို ပထမဆုံးအကြိမ် မမူးဝေဘဲ သတိမလစ်၊ မမေ့မျောဘဲ ရင်ဆိုင်နိုင်သည်ကို သတိရှိနေပြီး အံ့သြရုံမက ဝမ်းသာရမလို။ ဒါပေမဲ့ စိုး သိရင်တော့ ရင်ကွဲတော့မှာပဲ။ ခိုင့်ရဲ့ တစ်ယောက်တည်းသော ချစ်သူ စိုး။

စိုးအတွက် ဝမ်းနည်းဒေါသထွက်လာ၏။ သူ့ကို အတင်းတွန်းပြီး သူ့နှုတ်ခမ်းများမှ ရုန်းထွက်ကာ–

" ခိုင့်ကို ဒီလိုမလုပ်နဲ့"ဟု ပြောလိုက်၏။ သူ့ရင်ဘတ်ကို လက်သီးများနှင့် စုံထုပစ်လိုက်သေး၏။ ဒီ့ထက်လည်း ပိုပြီး ရိုင်းရိုင်းစိုင်းစိုင်း မလုပ်တတ်။

" ခိုင့်ကို အိမ်ပြန်ပို့"လို့ ထပ်ပြောလိုက်သေးပြီး သူနှင့်ဝေးနိုင်သမျှဝေးအောင် ကားပြတင်းနား ရွှေ့ကပ်ထိုင်ကာ အပြင်ကို ကြည့်နေလိုက်၏။

သူတို့နှစ်ယောက် အိမ်ပြန်ရောက်သည်အထိ စကားမပြောကြ။ သူ စကားပြောဖို့ ကြိုးစားလည်း ခိုင်သိမည် မဟုတ်။ လည်ပင်းနာနေသည်အထိ မျက်နှာ တစ်ဖက်လှည့်ထားပြီး သူ့ကို ကျောပေးထားသည်။ သူ နမ်းခဲ့သည့်နှုတ်ခမ်းများ စိုစွတ်နေသည်ကို လက်ကိုင်ပဝါနှင့်သုတ်ပြီး ကိုင်မထားချင်။ လက်ကိုင်ပဝါကို ဆုတ်ဖြဲဖို့ ကြိုးစားလည်းမရ။ ဒါနှင့် ချေလုံးပြီး အပြင်သို့ လွှတ်ပစ်လိုက်သည်။ အနည်းငယ် ကျိန်းနေသေးသော နှုတ်ခမ်းများကို လက်ဖမိုးနှင့် ပွတ်သပ်နေပြန်သည်။

အိမ်ပြန်ရောက်ကြလျှင် ဦးလေးတို့ ပြန်မလာကြသေး။ သူတို့ကို တိုင်ရမည်

mgyoe.com

mgyoe.com


လား။ အို . . .ကလေးတွေမှ မဟုတ်တာ။ ရယ်စရာဖြစ်သွားလိမ့်မည်။ ကိုညိုထွန်း ကားကို ကားရုံထဲသွင်းတုန်း ဒေါ်ဖောတေး တံခါးလာဖွင့်၏။ ခိုင် အိမ်ပေါ်တန်း တက်သွားပြီး သည်လို ဧည့်သည်ကို ယဉ်ကျေးမှုနှင့်ဧည့်ခန်းမှာ ဧည့်မခံနိုင်ပါဘူး။ ဒေါသဖြစ်တုန်း ရှိသေးတယ်ဟု တွေးလေသည်။

အိပ်ခန်းထဲ ပြေးတက်ခဲ့ပြီး သူက ဟိုဘက်ခန်းမှာ အိပ်မှာ။ တံခါးချက် နှစ်ခုလုံးချထားရ၏။ သူ့ကို အယုံအကြည်မရှိ။ အထင်သေးလာ၏။ မုဒိမ်းကျင့် တတ်သလား မသိဟု ရက်ရက်စက်စက်တွေးသေး၏။

အရမ်းမောပန်းလှသည်။ စိုး၏ဓာတ်ပုံကိုနမ်းပြီး တမ်းတရ၏။ ခေါင်းအုံးကို ဖက်ပြီး အိပ်ရာထဲလှဲကာ တွေဝေငေးမောနေပြန်၏။ ကိုညိုထွန်း ဧည့်ခန်းမှာ ဒေါ်ဖော တေးနှင့် စကားပြောနေသံ သဲ့သဲ့ကြားရ၏။ ပြီးတော့ မမျှော်လင့်ဘဲ ဖျတ်ခနဲ အိပ် ပျော်သွားသည်။

ကြောက်ရွံ့နေမိသည့်အတိုင်း အိပ်မက်များ ခြောက်လှန့်လာပြန်သည်။ မောင်လေးနှင့် ရေချိုးနေ၏။ ပြီးတော့ တစ်စုံတစ်ယောက်က ခိုင့်ကို အတင်းချုပ် ထားပြန်၏။ သူ ဘယ်သူလဲ။ စိုး . . .စိုး . . .စိုးနဲ့ဆိုရင်တော့ ခိုင် မူးနောက်မေ့မျော တတ်တယ်။ အသက်ရှူမဝဖြစ်လာပြီး မနည်းရုန်းကန်နေရ၏။ဘယ်လောက်ကြာ သည်မသိ။ လွတ်မြောက်နိုးထလာပြီး အသက်မှျင်းမှျင်းရှူနေလေ၏။ မျက်နှာကို စမ်းကြည့်သော် မျက်ရည်များသာရှိ၏။ နာကျင်သောခံစားရာကုတ်ရာ မစမ်းမိ။

စိတ်လေးလံပင်ပန်းစွာ သိမြင်လာသည်မှာ အိပ်ရာ ဘယ်လိုပြောင်းအိပ် လည်း သည်ရောဂါသည် အနောက်မှ အမြဲကပ်ပြီး လိုက်နေလိမ့်မည်ဆိုတာပင် တည်း။ မှောင်မည်းလှသော အရိပ်ပမာပဲ ခွာချလို့မရ။

အိပ်ပျော်နေတုန်း အိပ်မက်ဆိုးမက်နေတုန်း သတိလစ်ပြီး ပြန်မလည်လာဘဲ သေသွားခဲ့ရင် ဘယ်လောက်ကောင်းမလဲဟု တွေး၏။ လူတွေက နှလုံးရောဂါနဲ့ အိပ်ရာထဲ သေဆုံးသွားတယ်လို့ ပြောကြမှာပဲ။

နာရီကိုကြည့်သော် သန်းခေါင်ကျော်စ တစ်အိမ်လုံး တိတ်နေသည်။ ဦးလေး ဒေါ်ဒေါ်တို့ ပြန်လာကြပြီလား မသိ။ ကိုညိုထွန်းကတော့ ဟိုဘက်ခန်းထဲ ရောက် နေရောပေါ့။ သူ အိပ်ပျော်နေသလား။ ခိုင့်လို အိပ်မက်ဆိုးနဲ့ လန့်နိုးနေမယ်မထင်ပါ ဘူး။ လူ့ဘဝမှာ လိမ္မာစွာ အဆင်ပြေအောင် နေထိုင်သွားတတ်မည့်သူမျိုး။ သူ နက်နက်နဲနဲ ချစ်တတ်သူ ဟုတ်ပါ့မလား။ အံ့ဩဖွယ်ကောင်းသည်မှာတော့ သူက သည်လောက်ရဲတင်းရင်းနှီး သောင်းကျန်းလိုက်တာတောင် ခိုင့်မှာ ခေါင်းနောက် မူးဝေခြင်း မပေါ်လာခဲ့။

mgyoe.com

mgyoe.com


ခိုင် သိမြင်ခဲ့ပြီထင်၏။ စိုးနှင့်သာ ကိုယ်ခန္ဓာချင်း ရင်းနှီးလို့မရ။ (ခုနေ ထသွားပြီး ကိုညိုထွန်းအိပ်ရာကို ဝင်ခဲ့ရင်တောင် ခိုင် မှုးဝေမေ့မျောမယ် မထင်။) စိုးကြောင့် ငယ်ငယ်က ရောဂါပြန်လာသည်။ သည်ရောဂါမပျောက်ဘဲ စိုးနှင့် ပေါင်းသင်းလို့မရ။ ဖွတ်နှစ်ယူရင်တောင် ရောဂါဇာတ်မျောကြီးကို ဆက်ကပြနေရ လိမ့်မည်။ ဘယ်တော့မှ စိုးနှင့်ခိုင် စိတ်ချမ်းသာခြင်းရမယ် မဟုတ်။ စိုးနှင့်ခိုင် အောင်မြင်မယ် မဟုတ်။

ထိုအသိဖြင့် အိပ်ရာထဲ ငုတ်တုတ်ထိုင်ကာ ဖက်ထားသောခေါင်းအုံးထဲ မျက်နှာနှစ်ကာ ဘယ်သူမှလည်း မကြားနိုင်အောင် ရှိုက်ငင်ပြီး ငိုမိ၏။ ဘယ်လောက် ကြာအောင် ငိုမိသည်မသိ။ ခိုင်ချစ်တဲ့စိုးကို ဆုံးရှုံးရတော့မယ်လား။ စွန့်ပစ်ခွဲခွာ ရတော့မယ်လား။ တစ်ယောက်ကိုတစ်ယောက် မပိုင်ဆိုင်နိုင်ကြတော့ပြီလား။ ခိုင် ထွက်ပြေးရုံအပြင် ဘာလုပ်ဖို့ရှိပါသလဲ။ သို့ပေမဲ့ စိုးနဲ့ခိုင်တို့ ခွဲခွာဖို့ဆိုတာ တကယ် ဖြစ်နိုင်လို့လား။ တစ်ခဏဖြစ်စေ၊ တဒင်္ဂဖြစ်စေ။

ခိုင်သည် ခေါင်းမာစွာ အားတင်းလိုက်သည်။ စိုးနဲ့ခိုင် ဘယ်တော့ မခွဲခွာ စကောင်း။ ခိုင် တစ်နေ့တော့ ကောင်းလာမှာပဲ။ ရောဂါရှိလျှင် ဆေးရှိသည်။ ဆေးကို တွေ့အောင် ရှာရမည်။ ကိုညိုထွန်းဟာ ခိုင့်အတွက် ဆေးခါးကြီးများလား မသိ။

၀

mgyoe.com

mgyoe.com

ထိုသို့ စိုးနဲ့ယူလို့မရပါဘူးဟု ထင်ရှားသိမြင်လာသည်နှင့် တစ်ပြိုင်နက် ခိုင့်ဘဝမှာ နေလုံးပျောက်ကွယ်သွားသလို ဖြစ်၏။ ဘယ်တော့မှ ပျော်ရွှင်နိုင်မယ် မထင်တော့။ နောင်ရေးသည် မည်းမှောင်လှသော၊ မှန်ထဲက အစစ်အမှန်မဟုတ်သော အရိပ်များနှင့်သာပြည့်နေတော့၏။ စိုးနဲ့တွေ့ခဲ့ပြီး ဘဝမှာ အဓိပ္ပာယ်ရှိလာခဲ့သော်လည်း တစ်နေ့အတွက်သာ နေထိုင်ခဲ့၏။ မနက်ဖြန်အတွက် ဘာမှ စီစဉ်လို့မရခဲ့။ အတိတ်မှာ စခဲ့သောပြဿနာ ထင်ရှားကြီးမားလာသေး၏။ တကယ်တော့ ခိုင်သည် စိုးနှင့် ဇာတ်မျောကြီး စတင်ခဲ့ခြင်းသာဖြစ်၏။ ဘယ်လို ဖြတ်တောက်ပြင်ဆင်ရမည်ဆိုတာ မသိနိုင်။ ဘယ်သူ့ကိုမှလည်း မယုံကြည်နိုင်တော့။ တွေဝေပြီးသာ အချိန်ကုန်ခဲ့၏။ ခုတော့ ဖြတ်တောက်ခြင်း၊ ပြင်ဆင်ခြင်းလုပ်ဖို့ အချိန်တန်လေပြီ။

စိုးနှင့်လူချင်းမတွေ့သည်မှစပြီး မှုးဝေမှေ့မျောသော ရောဂါသက်သာလာသော်လည်း စိတ်ကျဉ်းကြပ်သည့်အခါ အသံဗလံများနှောင့်ယှက်တာ ပိုမိုလာ၏။ အမြဲတမ်း မောင်လေးရဲ့အသံ။ ဘာမှတော့လည်း အရေးကြီးသော စကားများမဟုတ်။ ခိုင် (၁၁)နှစ်သမီးရွယ်က မောင်လေးနဲ့ပြောခဲ့ကြသော စကားများပင်။ မမခိုင်ကြိုက်တဲ့ ပေါင်မုန့်ယိုသုတ် သွားဝယ်ပေးမယ်။ ဝယ်ခ ဘယ်လောက်ပေးမလဲ။ ဟိုခြောက်တန်းက ထိန်ဝင်းကို ပိတ်ထိုးခဲ့တယ်၊ သူက မမခိုင်ကို စာပေးပေးရင် မုန့်ဖိုးပေးမယ်တဲ့ စသဖြင့် ရောက်တတ်ရာရာတွေ။ တစ်ခါတစ်ရံ နီးစပ်စွာကြားရ၏။ တစ်ခါတစ်ရံ အဝေးမှ တခြားအသံများနှင့် ရောထွေးနေတတ်၏။ မမခိုင်လို့ နာမည်ခေါ်သံကတော့ မကြာခဏပဲ။

အိပ်မက်ဆိုးများထဲမှာ မောင်လေးနဲ့ ဘယ်တော့မှ ရင်ဆိုင်မတွေ့ရ။ မိဘများနဲ့လည်း ရင်ဆိုင်မတွေ့ရ။ အသံတွေသာ ကြားတာများ၏။ ပြီးတော့ အများအား

mgyoe.com

mgyoe.com


ဖြင့် အိပ်မက်ထဲ ခိုင်တစ်ယောက်တည်း ဒုက္ခရောက်နေပြီး လွတ်မြောက်ရာ ရှာမတွေ့ခြင်းသာ ထပ်တလဲလဲဖြစ်နေတတ်သည်။ အိပ်မက်ပြင်မှာလည်း ဒီလိုပါပဲ။ ဘာများကွာခြားလို့လဲ။

ဒေါ်ဒေါ့်ကိုလည်း အားကိုးနိုင်သည် သိပ်မထင်လှ။ ဒေါက်တာဘားနတ်နဲ့တွေ့လျှင် ခိုင့်ကို စိတ်ရောဂါသည်လို့ ပြောတော့မှာလား။ ဆေးပေးမှာလား။ ဆေးရုံတင်မှာလား။

စိုးသာရှိရင်တော့ ပြောပြချင်လာပြီ။ စိုးက ဘယ်တော့မှ ခိုင့်ကို အပြစ်တင်မယ့်သူ မဟုတ်။ အထင်သေးမယ့်သူ မဟုတ်။ အရှိအသေတန်မယ့်သူ မဟုတ်။

တစ်ပတ်လုံး ခိုင်သည် ငိုချင်ခြင်း၊ တစ်ခါတစ်ရံ ငိုလို့မရသဖြင့် ရှိုက်ငင်ရုံသာတတ်နိုင်ခြင်းဖြင့် ပတ်ချာလည်လိုက်နေပြီ။ ပတ်ဝန်းကျင်သည် ခိုင်နှင့်ဘာမှမဆိုင်သလို နေခဲ့၏။ ထို့ကြောင့် ကိုညိုထွန်း သောကြာနေ့မှာ တောင်ကြီးမှပြန်လာလျှင် စနေနေ့ ရုပ်ရှင်ပြချင်တယ်လို့ ဖိတ်တာကို ဘာမှမပြောဘဲ နေလိုက်၏။ သူ့ကိုတည့်တည့်မကြည့်။ စကားလည်း စမပြော။ သူ့မေးခွန်းများကိုလည်း တစ်ခွန်းချင်းသာ တိုတောင်းစွာဖြေခဲ့၏။ ဦးလေးတို့ စီစဉ်ထားသည့်အတိုင်း သောကြာနေ့ ဆာဘူးလာကြိုသည်ကိုလည်း မငြင်းဆန်ဘဲ လိုက်ခဲ့၏။ ဦလေးတို့အိမ်မှာထိုင်ပြီး စကားဘာမှ မပြော။ သူများပြောတာ နားထောင်နေလိုက်၏။ ရင်ထဲမှ ဆို့ကျပ်နာကျင်သည်ကို ဖုံးအုပ်ပြီးသာနေခဲ့၏။

ခိုင် သည်လိုမိန်းကလေးဖြစ်သည်ကို ကိုညိုထွန်းသိလျှင် နားလည်မလား။ ပြက်ရယ်ပြုမလား။ စိတ်ရောဂါသည်ဆိုပြီး ကြောက်လန့်သွားမလား။

ကိုညိုထွန်းက ခိုင့်ကို စူးစမ်းသောအကြည့်နှင့် တစ်ခါတစ်ရံ ကြည့်တတ်၏။ ငယ်ငယ်ရွယ်ရွယ်နှင့် သေခြင်းတရားကို သိမြင်ခဲ့သော၊ မိဘ ဆုံးရှုံးခဲ့သော မိန်းမငယ်လေးလို့ပဲ ယူဆမှာပဲ။ ဒါ့ထက် ပိုပြီး စိတ်ကူးတတ်မယ့်သူ မဟုတ်။

စိုးဆီ စာရှည်ကြီးရေးဖို့ လိုသည်။ ဘယ်လိုစရမည် မသိ။ ခိုင် လူ့ဘဝကို စသည့်အချိန်ကနေ စရေးမှပဲ အားလုံး ရှင်းလင်းတော့မည်လား။ အဘိုးအဘွားနှင့်တူသော မိဘ။ ရှေးဆန်လှသောမိဘ။ သားသမီးများကို ကလေးလိုသာထားခဲ့ပြီး မကြီးပြင်းစေချင်သောမိဘ။ အပြင်က အသိအမြင်ရမည်ကို တားဆီးခဲ့သောမိဘ။ လူကြီးစကားကို ကလေးများမကြားအောင် တိုးတိုးတိတ်တိတ် ဖုံးဖိပြောကြားတတ်သော မိဘ။ ဒါတွေက စရမည်လား။

ခိုင်ကသာ စာအုပ်များစွာဖတ်ပြီး အသိအမြင် ရှာခဲ့ရ၏။ ကိုယ်တွေ့မရှိတော့ လူ့သဘာဝကို နားလည်ရခက်နေ၏။ ကိုယ့်ကိုယ်ကိုယ်လည်း နားလည်လှ

mgyoe.com